# ကြေးမုံ

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

The Mirror Daily

Established in 1957

e – paper ဖတ်ရှုရန်


**မေတ္တာဖြင့် အောင်ရာ၏**

အမျက်ထွက်တတ်သောသူကို အမျက်မထွက်ခြင်းဖြင့် (မေတ္တာဖြင့်)အောင်ရာ၏၊ မကောင်းသောသူကို ကောင်းသောသဘောဖြင့် အောင်ရာ၏၊ နှမြောဝန်တိုသောသူကို ပေးကမ်းခြင်းဖြင့် အောင်ရာ၏၊ မဟုတ်မမှန် ပြောဆိုတတ်သောသူကို မှန်ကန်သောစကားကို ပြောဆိုခြင်းဖြင့် အောင်ရာ၏။ ကောဓဝဂ်(ဓမ္မပဒ –၂၂၃)


၁၃၈၈ ခုနှစ်၊ တော်သလင်းလဆန်း ၆ ရက်၊ ကြာသပတေးနေ့။ Thursday, 17 September 2026 ၁၂၃၀၄


## ယနေ့ ဖတ်စရာ

**မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့အစည်းအဝေးကျင်းပ**

စာမျက်နှာ » ၄

**ပြည်သူနှင့်အနုပညာအကြားပေါင်းကူးပေးသည့် မျိုးဆက်သစ်များ**

ဆောင်းပါး စာမျက်နှာ » ၆

**Myanmar Auto & Parts Expo 2026 ကားပြပွဲ ရန်ကုန်မြို့၌ သုံးရက်ကြာကျင်းပမည်**

စာမျက်နှာ » ၁၅

## ဒုတိယသမ္မတ ဦးညိုစော ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ (၂၃)ကြိမ်မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲနှင့် (၂၃)ကြိမ်မြောက် တရုတ်-အာဆီယံ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုထိပ်သီးအစည်းအဝေးသို့ တက်ရောက်ရန် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ရောက်ရှိ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် တွေ့ဆုံဆွေးနွေး

နန်နင်း စက်တင်ဘာ ၁၆

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီးကျွမ့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နန်နင်းမြို့၌ ကျင်းပမည့် (၂၃)ကြိမ်မြောက် တရုတ်-အာဆီယံကုန်စည်ပြပွဲနှင့် (၂၃)ကြိမ်မြောက် တရုတ်-အာဆီယံစီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုထိပ်သီးအစည်းအဝေးသို့ တက်ရောက်ရန် ဒုတိယသမ္မတ ဦးညိုစောသည် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးနိုင်မင်းကျော်၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှ ထွက်ခွာရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအောင်နိုင်သူ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆



ဒုတိယသမ္မတ ဦးညိုစောနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ် မစ္စတာတင်းရွှယ်ရှန်တို့ တွေ့ဆုံဆွေးနွေးစဉ်။

## ရန်ကုန်မြို့ အတွင်းဝန်များရုံးအတွင်းရှိ ကော်ဖီဘားများ၌ နိုင်ငံလေးနိုင်ငံမှ ကော်ဖီစစ်စစ်အရသာကိုးမျိုးကို သောက်သုံးသူများလာ

ရန်ကုန် စက်တင်ဘာ ၁၆

ရန်ကုန်မြို့ပြ၏ လူစည်ကားရာနေရာနှင့် မြို့တွင်း၌ ကော်ဖီစစ်စစ်သောက်သုံးသော ယဉ်ကျေးမှု ပျံ့နှံ့လာလျက်ရှိရာ အတွင်းဝန်များရုံးအတွင်းရှိ တာဝါ(၇) Yangon Speciality Heart ကော်ဖီဘားများ၌ ကော်ဖီစစ်စစ်ထွက်ရှိရာ နိုင်ငံပေါင်းလေးနိုင်ငံမှ ကော်ဖီစစ်စစ်အရသာကိုးမျိုးကို သောက်သုံးသူ များလာကြောင်း သိရသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❖



ရန်ကုန်မြို့ အတွင်းဝန်များရုံးအတွင်းရှိ ကော်ဖီဘား၌ ကော်ဖီသောက်သုံးနေသူများကို တွေ့ရစဉ်။

## အမေရိကန်နိုင်ငံသား Adam Michael Castillo အား ပြည်နှင်စေလွှတ်

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရသည် ကမ္ဘာ့နိုင်ငံအားလုံးနှင့် သံတမန်ဆက်ဆံရေး၊ မိတ်ဝတ်မပျက်ဆက်ဆံရေးကို ရှေးရှုလျက် ချစ်ကြည်ရင်းနှီးစွာဖြင့် ဆက်ဆံဆောင်ရွက်လျက်ရှိသည့်အားလျော်စွာ ၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ ၁၆ ရက် ညနေပိုင်းတွင် နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ နိုင်ငံကူးလက်မှတ်အမှတ်၊ ၅၆၅၄၈၄၄၉ ကိုင်ဆောင်သူ အမေရိကန်နိုင်ငံသား Adam Michael Castillo အား ပြည်နှင်စေလွှတ်ခဲ့သည်။

အဆိုပါ အမေရိကန်နိုင်ငံသား Adam Michael Castillo သည် The American Chamber of Commerce in Myanmar (မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်ကုန်သည်ကြီးများအသင်း)၏ ဖွဲ့စည်းပုံစည်းမျဉ်းပါ ကန့်သတ်ညွှန်ကြားချက်များကို ဖောက်ဖျက်ကျူးလွန်ခဲ့သဖြင့် ၂၀၂၆ ခုနှစ်၊ ဇွန်လ ၈ ရက်နေ့တွင် ပန်းဘဲတန်းမြို့မရဲစခန်း (ပ)၆၉/၂၀၂၆၊ ရာဇသတ်ကြီးပုဒ်မ ၄၀၉ ဖြင့် အမှုဖွင့်လှစ် အရေးယူထားရှိသည့်အမှုမှ တရားခံဖြစ်ပြီး ၎င်းအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် အမေရိကန်ပြည်ထောင်စုတို့၏ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုဆက်ဆံရေးကို ရှေးရှုလျက် သတ်မှတ်လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြည်နှင်စေလွှတ်ခဲ့ကြောင်း သိရှိရသည်။

**လေဖိအားနည်းရပ်ဝန်း တစ်ခု ဖြစ်ပေါ်နိုင်**

နေပြည်တော် စက်တင်ဘာ ၁၆

ယနေ့မွန်းလွဲ ၃ နာရီခွဲတိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင် မြောက်ပိုင်းတွင် စက်တင်ဘာ ၁၉ ရက်၌ လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နိုင်သည်ဟု ခန့်မှန်းရသည်။ မိုး/ဇလ




ကြေးမုံ

# တည်ငြိမ်အေးချမ်းဖွံ့ဖြိုးတိုးတက်ရေး ညီညွတ်မှုဖြင့် နိုင်ငံကိုတည်ဆောက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးကို စက်တင်ဘာ ၁၅ ရက်က နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံးတော် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ရာ နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်က ပြီးခဲ့သည့်ရက်ပိုင်းအတွင်းက ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံတို့သို့ နိုင်ငံတော်အဆင့် တရားဝင်ခရီးစဉ် သွားရောက်ခဲ့ရာတွင် တည်ငြိမ်အေးချမ်းမှုရှိခြင်း၊ စည်းလုံးညီညွတ်မှုရှိခြင်းနှင့် ကြိုးစားအားထုတ်မှုရှိခြင်းတို့ကြောင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို များစွာအထောက်အကူပြုသည့် အခြေအနေများကို ရှင်းလင်းပြောကြားခဲ့သည်။

နိုင်ငံတော်သမ္မတက "မိမိတို့နိုင်ငံ၌ လွတ်လပ်ပြီးတရားမျှတသည့် အထွေထွေရွေးကောက်ပွဲမှတစ်ဆင့် ပေါ်ပေါက်လာသည့် လွှတ်တော်နှင့်အစိုးရတို့ တာဝန်ယူဆောင်ရွက်လျက်ရှိပြီး အစိုးရအနေဖြင့် တိုင်းပြည်တည်ငြိမ်အေးချမ်းမှုရရှိရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုရရှိရေးဟူသည့် ဦးစားပေးရည်မှန်းချက်နှစ်ရပ်ကို ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှ နိုင်ငံသားများ၏ လူမှုစီးပွားဘဝများသည်လည်း ဖွံ့ဖြိုးတိုးတက်နိုင်မည်ဖြစ်သဖြင့် တည်ငြိမ်အေးချမ်းမှုရရှိရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုရရှိရေးတို့အတွက် နိုင်ငံတော်တွင် အတူတကွမှီတင်းနေထိုင်ကြသည့် ပြည်ထောင်စုဖွား တိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံးက ကိုယ်စီအသိရှိစွာဖြင့် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း" ပြောကြားခဲ့သည်။

ဗီယက်နမ်နိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံတို့သည် မြန်မာနိုင်ငံနှင့် ရိုးရာယဉ်ကျေးမှုဓလေ့ထုံးစံများ၊ သက်ဝင်ယုံကြည်မှုများနှင့် လွတ်လပ်ရေးကြိုးပမ်းမှု သမိုင်းကြောင်းများ တူညီသည့်နိုင်ငံများဖြစ်သည်။ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး တည်ဆောက်ရာတွင် အခက်အခဲများစွာကို ကြုံတွေ့ဖြတ်ကျော်ခဲ့ရသည့် နိုင်ငံများဖြစ်သည်။ ဗီယက်နမ်နိုင်ငံအနေဖြင့် စစ်ပွဲများဒဏ်နှင့် အရေးယူပိတ်ဆို့ကန့်သတ်မှုများကို ဆယ်စုနှစ်ပေါင်းများစွာကြုံတွေ့ခဲ့ရပြီး စီးပွားရေးပြုပြင်ပြောင်းလဲမှု မူဝါဒကို နှစ်ပေါင်း ၄၀ အကောင်အထည်ဖော်ပြီးနောက် အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာသည့်နိုင်ငံဖြစ်သည်။ မဟာဗျူဟာမြောက်ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်နှစ်ရပ်ကို ချမှတ်ထားပြီး ၂၀၃၀ ပြည့်နှစ်တွင် ခေတ်မီစက်မှုလုပ်ငန်းနှင့် အထက်တန်း-အလယ်အလတ်ဝင်ငွေရှိသော ဖွံ့ဖြိုးဆဲနိုင်ငံဖြစ်လာစေရန်နှင့် ၂၀၄၅ ခုနှစ်တွင် ဝင်ငွေမြင့်မားသော ဖွံ့ဖြိုးပြီးနိုင်ငံဖြစ်လာစေရန် ရည်မှန်းဆောင်ရွက်လျက်ရှိသည်။

ဗီယက်နမ်နှင့်ကမ္ဘောဒီးယားနိုင်ငံတို့သည် အခက်အခဲပေါင်းများစွာကြားမှ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို ကြိုးပမ်းအားထုတ်ခဲ့ရပြီး ယခုအခါ ဖွံ့ဖြိုးတိုးတက်လာသည်ကိုတွေ့ရသည်။ အခက်အခဲများ၊ ပိတ်ဆို့မှုများကြားမှ နိုင်ငံချစ်စိတ်၊ အမျိုးကိုမြှင့်တင်လိုစိတ်များဖြင့် အမှန်တကယ်ကြိုးပမ်းအားထုတ်အလုပ်လုပ်မှုများကြောင့် တိုးတက်ပြောင်းလဲမှုများ စဉ်ဆက်မပြတ်ဖြစ်ပေါ်လာသည်ကို အတုယူဖွယ်တွေ့မြင်ရသည်။ ပြည်တွင်းတည်ငြိမ်အေးချမ်းမှုရှိခြင်း၊ စည်းလုံးညီညွတ်ခြင်းနှင့် ကြိုးစားအားထုတ်မှုရှိခြင်းတို့သည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုကို များစွာအထောက်အကူပြုနေသည်ကို မြင်တွေ့ရသည်။

မြန်မာနိုင်ငံအနေဖြင့် လွတ်လပ်ရေးရရှိပြီးကတည်းက ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းပြီး တည်ငြိမ်အေးချမ်းမှုရရှိရေးအတွက် အစိုးရအဆက်ဆက်က ဆောင်ရွက်ခဲ့သည်ကို တွေ့မြင်ရမည်ဖြစ်သည်။ သို့သော် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံလိုအပ်သည့် စွမ်းရည်စွမ်းအားရှိသော လူ့စွမ်းအားအရင်းအမြစ်များ၊ နိုင်ငံ့စီးပွားရေးနှင့် ပညာရေး၊ ကျန်းမာရေးအပါအဝင် လမ်းတံတားနှင့်အခြေခံအဆောက်အအုံများကို အကြမ်းဖက်သမားများက ခေတ်အဆက်ဆက် နည်းလမ်းပေါင်းစုံဖြင့် ယနေ့ထက်တိုင် နှောင့်ယှက်ဖျက်ဆီးခဲ့ကြပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ခေတ်အဆက်ဆက် နိုင်ငံတည်ဆောက်ရေးတွင် "သမင်မွေးရင်းကျားစားရင်း"ဖြစ်နေသဖြင့် နိုင်ငံအတွက် ကြီးမားသော သမိုင်းသင်ခန်းစာများအဖြစ်တွေ့နိုင်သည်။ ၎င်းတို့ဖျက်ဆီးခဲ့သည့် လူသားအရင်းအမြစ်များကို ပြန်လည်မွေးမြူနေရခြင်းနှင့် ဖွံ့ဖြိုးတိုးတက်မှုကို ထိထိရောက်ရောက် အကောင်အထည်မဖော်နိုင်ခြင်းသည် နိုင်ငံအတွက် ကြီးမားသော ထိခိုက်ဆုံးရှုံးမှုများပင်ဖြစ်သည်။

သို့ဖြစ်ရာ ပြည်တွင်းတည်ငြိမ်အေးချမ်းမှုရရှိရေးအတွက် နိုင်ငံတော်အစိုးရနှင့် တပ်မတော်က အမြဲဖိတ်ခေါ်ကြိုဆိုလျက်ရှိသဖြင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲများ အောင်မြင်မှုရရှိရေးအတွက် ဖြစ်နိုင်သည်များကို တောင်းဆိုခြင်း၊ မဖြစ်နိုင်သည်များကို ညှိနှိုင်းခြင်းဖြင့် နိုင်ငံ့အကျိုးကိုရှေးရှု၍ ဆောင်ရွက်ကြရန် မေတ္တာရပ်ခံပါသည်။ နိုင်ငံတော်သမ္မတ သွားရောက်ခဲ့သည့် နိုင်ငံများ၏ နယ်ပယ်ပေါင်းစုံမှ တွေ့မြင်လေ့လာသိရှိခဲ့ရသည့် အတွေ့အကြုံကောင်းများကို သင်ခန်းစာယူ၍ မိမိတို့နိုင်ငံသည်လည်း ထိုနိုင်ငံများကဲ့သို့ တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံဖြစ်လာအောင် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် နိုင်ငံသားအားလုံး နိုင်ငံချစ်စိတ်၊ စည်းလုံးညီညွတ်မှုစိတ်ဓာတ်များဖြင့် မိမိနိုင်ငံ တည်ငြိမ်အေးချမ်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ကိုက်ညီသည်များကို အတုယူဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါကြောင်း။ ။

## ၂၀၂၆ ခုနှစ်၊ (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဦးတည်ချက်များ

(က) အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ခ) အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်စေရန်နှင့် မျိုးဆက်သစ်လူငယ်များကြားတွင် ရိုးရာယဉ်ကျေးမှုကို ချစ်မြတ်နိုးသည့် အမျိုးသားရေးစိတ်ဓာတ် ပိုမိုထွန်းကားပြန့်ပွားစေရေး၊

(ဂ) မြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာရပ်များ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရန် ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်ရေး၊

(ဃ) နိုင်ငံတော်တည်ဆောက်ရေးကဏ္ဍတွင် ယဉ်ကျေးမှုအနုပညာစွမ်းအားဖြင့် တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

## (၁၆-၉-၂၀၂၆) ရက်နေ့ရှိ နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

| | အမေရိကန်ဒေါ်လာ | တရုတ်ယွမ် | ထိုင်းဘတ် | အိန္ဒိယရူပီး |
|---|---|---|---|---|
| ငွေလဲလှယ်နှုန်း | ၃၆၆၃.၈ ~ ၃၆၆၆.၃ | ၅၅၇.၈ ~ ၅၅၈ | ၁၂၅.၄ ~ ၁၂၅.၅ | ၄၃.၆ |
| ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ | ၆,၆၄၅,၄၇၅.၇၇ | ၃၅,၀၀၀,၇၁၇.၃၅ | ၅၄,၄၁၉,၇၂၉.၁၄ | - |

မြန်မာနိုင်ငံတော်ဗဟိုဘဏ်



(၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၁၅ ရက် နံနက်ပိုင်းက တောင်ကြီးမြို့နယ် တောင်လေးလုံးကျေးရွာအုပ်စု အမှတ်(၂၆) လုံခြုံရေးရဲတပ်ဖွဲ့ခွဲ ဒုတိယတပ်ဖွဲ့ခွဲမှူး ရဲမှူးဇာနည်အောင် ဦးဆောင်၍ တပ်ဖွဲ့ဝင် ၅၃ ဦးနှင့် မိသားစုဝင် ၃၀ တို့က တောင်လေးလုံးကျေးရွာ သာသနာ့လင်းရောင်ခြည် ဘုန်းတော်ကြီးကျောင်း၌ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်စဉ်။ ဝိုးတောင်း

## ၁၆ - ၉ -၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ** ငွေကျပ် ၇၁၀၀၀၀၀ ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၁၆ – ၉ – ၂၀၂၆

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၈,၅၀၀ | ၁၈,၅၀၀ | ၉၇ | ၁,၇၉၄,၅၀၀ |
| MTSH | ၈,၆၀၀ | ၈,၆၀၀ | ၂၉၆ | ၂,၅၄၅,၆၀၀ |
| MCB | ၁၂,၅၀၀ | ၁၃,၀၀၀ | ၂၁၈ | ၂,၈၃၂,၅၀၀ |
| FPB | ၇,၀၀၀ | ၇,၀၀၀ | ၂၃ | ၁၅၆,၉၀၀ |
| TMH | ၃,၂၅၀ | ၃,၂၅၀ | ၁၉၆ | ၆၃၇,၀၀၀ |
| EFR | ၁,၈၅၀ | ၁,၉၀၀ | ၂,၄၁၄ | ၄,၄၆၈,၆၅၀ |
| AMATA | ၄,၄၀၀ | ၄,၄၀၀ | ၁၀၀ | ၄၄၀,၀၀၀ |
| MAEX | ၆,၇၀၀ | ၆,၇၀၀ | ၃၆၆ | ၂,၄၅၂,၂၀၀ |
| MADPL(PLB) | ၆,၄၀၀ | ၆,၄၀၀ | ၅၅ | ၃၅၂,၀၀၀ |
| ASPGB(PLB) | ၆,၁၀၀ | ၅,၉၀၀ | ၆,၉၃၀ | ၄၁,၂၀၈,၉၀၀ |

**ရန်ကုန်စတော့အိတ်ချိန်းမှရယူသည်။**

ကြေးမုံ

**စာတည်းမှူးချုပ်** - ဝင်းနိုင်
**စာတည်းမှူး** - အေးဝမ်းစိုး
**စာတည်းများ** - စန်းအောင်၊ ခင်ခင်သက်၊ ယုဝါဝါ၊ သီသီမင်း၊ ဟိန်းထက်လင်း၊ သက်ထွေး၊ စန်းယဉ်ဥ၊ နိုင်လင်းကြည်
**ဘာသာပြန်** - အောင်ကျော်ကျော်၊ စိုးသူရ
**အကြီးတန်း သတင်းထောက်များ** - ခင်မို့မို့အောင်၊ ခင်မျိုးနိုင်၊ မာမာစိုး၊ ခိုင်သန္တာရွှေ၊ ခင်ယုဆွေ၊ အိအိမွန်
**အငယ်တန်း သတင်းထောက်များ** - အောင်ကျော်ဦး၊ သန်းတင်အောင် ခင်သက်မွန်၊ မြသီတာ
**သုတေသန** - ဇင်မာဝင့်
**စာပြင်** - ခင်နှင်းယုနှင့်အဖွဲ့
**စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** - နီလာစိုးနှင့်အဖွဲ့
**အီးမေးလ်နှင့် အွန်လိုင်း** - စိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၂၅
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

## တိုင်းပြည်အတွက် အလုပ်လုပ်ကြဖို့ လို

**စုစည်းညီညွတ်တဲ့ တိုင်းပြည်တစ်ခုဖြစ်ဖို့အတွက် အားလုံးက ညီညွတ်ဖို့ လိုပါတယ်။ ညီညွတ်ရုံနဲ့ မရသေးဘူး၊ တိုင်းပြည်အတွက် အလုပ်လုပ်ကြဖို့ လိုပါတယ်။ စည်းကမ်းရှိဖို့လည်း လိုတယ်။ တိုင်းပြည်မှာ စည်းကမ်းအရ လိုအပ်ချက်တွေရှိနေတာ အမှန်ပါပဲ။ ဒါကို စည်းကမ်းတကျ၊ ညီညီညွတ်ညွတ်နဲ့ အလုပ်လုပ်ကြမယ်ဆိုရင်၊ စွမ်းအားရှိသမျှ အလုပ်လုပ်ကြမယ်ဆိုရင် တိုင်းပြည် မဖွံ့ဖြိုး မတိုးတက်စရာ အကြောင်းမရှိပါဘူး။**

*(နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၁၉-၇-၂၀၂၆ ရက်နေ့ အာဇာနည်နေ့အခမ်းအနားသို့ လာရောက်ဂါရဝပြုရခြင်းနှင့် ပစ္စက္ခကာလတွင် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးတို့နှင့်စပ်လျဉ်း၍ မီဒီယာများ၏ မေးမြန်းမှုများ ဖြေကြားချက်မှ ကောက်နုတ်ချက်)*

☆ ရှေ့ဖုံးမှ

တိုင်းဒေသကြီးဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးမှတာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

မွန်းလွဲပိုင်းတွင် ဒုတိယသမ္မတသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နန်နင်းမြို့သို့ရောက်ရှိပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ် မစ္စတာ တင်းရှွယ်ရှန်နှင့် နန်နင်းမြို့ လိယွမ်နိုင်ငံတော်ဧည့်ဂေဟာ၌ တွေ့ဆုံကာ နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးရောက်ရှိစဉ် နှစ်နိုင်ငံညှိနှိုင်းဆွေးနွေးခဲ့မှုများနှင့် သဘောတူစာချုပ်များ လက်မှတ်ရေးထိုးခဲ့မှုတို့အပေါ် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေများ၊ တရုတ်-မြန်မာစီးပွားရေးစင်္ကြံအောက်မှ စီမံကိန်းများ အကောင်အထည်ဖော်ရေးဆိုင်ရာ ကိစ္စရပ်များ၊ နှစ်နိုင်ငံဆက်ဆံရေး၊ နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေး၊ နှစ်နိုင်ငံကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ရေး၊ နှစ်နိုင်ငံအကြား အွန်လိုင်းလိမ်လည်မှုအပါအဝင် နယ်စပ်ဖြတ်ကျော်မှုခင်းတိုက်ဖျက်ရေး လုပ်ငန်းများနှင့် ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာတွင် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ဒုတိယသမ္မတနှင့်အတူ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ၊ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးနိုင်မင်းကျော်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးဇော်ဝင်းမြင့်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ညပိုင်းတွင် ဒုတိယသမ္မတ ဦးညိုစောသည်လိယွမ်နိုင်ငံတကာကွန်ဖရင့်စင်တာ၌ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်က တည်ခင်းဧည့်ခံသည့်ကြိုဆိုဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်သည်။ **သတင်းစဉ်**

## လာမည့်နွေရာသီအမီ လျှပ်စစ်ဓာတ်အား တိုးမြှင့်ဖြန့်ဖြူးနိုင်ရန်အတွက် ဆောင်ရွက်နေသည့်စီမံကိန်းများ အချိန်မီပြီးစီးရေး ကြိုးစားဆောင်ရွက်ကြရန် ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင် မှာကြား

**နေပြည်တော် စက်တင်ဘာ ၁၆**

လာမည့်နွေရာသီအမီ လျှပ်စစ်ဓာတ်အား တိုးမြှင့်ဖြန့်ဖြူးနိုင်ရန်အတွက် ဆောင်ရွက်နေသည့် စီမံကိန်းများ အချိန်မီပြီးစီးရေး ကြိုးစားဆောင်ရွက်ကြရန် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်သည် ယနေ့တွင် နေပြည်တော် ကောင်စီနယ်မြေရှိ ၂၃၀ ကေဗွီ ပျဉ်းမနားပင်မဓာတ်အားခွဲရုံနှင့် ရွှေမြို့ပင်မဓာတ်အားခွဲရုံများကို ကြည့်ရှုစစ်ဆေးစဉ် တာဝန်ရှိသူများအား မှာကြားသည်။



ကြည့်ရှုစစ်ဆေးစဉ် တာဝန်ရှိသူများကယခုမိုးရာသီကာလအတွင်း ဓာတ်အား ထုတ်လုပ်၊ ပို့လွှတ်၊ ဖြန့်ဖြူးနိုင်မှု၊ ဓာတ်အားထုတ်လုပ်၊ ပို့လွှတ်၊ ဖြန့်ဖြူးနေစဉ်အတွင်း ဓာတ်အားစနစ် တစ်ခုလုံး ပြတ်တောက်ခြင်း (System Breakdown) ဖြစ်ပေါ်ရမှုအခြေအနေ၊ လာမည့်နွေရာသီတွင် လျှပ်စစ်ဓာတ်အား ထုတ်လုပ်၊ ဖြန့်ဖြူးရန် ဆောင်ရွက်ထားမှုတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြသည်။

တင်ပြမှုများအပေါ် System Breakdown ဖြစ်ပေါ်မှုသည် ဓာတ်အားစနစ်တွင် လက်ခံနိုင်စရာမရှိသည့်အတွက် ပပျောက်စေရေး ဆောင်ရွက်လျက်ရှိသော်လည်း အချိန်ကာလတစ်ခု ကြာမြင့်မည်ဖြစ်ကြောင်း၊ ယင်းသို့ဆောင်ရွက်နေချိန်အတွင်း နိုင်ငံတော်၏ အရေးကြီး နေရာများတွင် ဓာတ်အား လုံးဝပြတ်တောက်မသွားစေရေးနှင့် အမြန်ဆုံး ဓာတ်အားစနစ်ပြန်လည်မောင်းနှင်နိုင်ရေးအတွက် Battery Energy Storage System (BESS) စနစ်ဖြင့် ဆောင်ရွက်သွားနိုင်ရန် စီမံဆောင်ရွက်လျက်ရှိရာ ဓာတ်အားပေးရမည့် နေရာများအလိုက် အနည်းဆုံးလိုအပ်မည့် ဝန်အားများကို တိကျစွာ တွက်ချက်ထားရန် လိုအပ်ကြောင်း မှာကြားသည်။

ထို့အတူ ဝန်ထမ်းများ၏ လုပ်ငန်းဆိုင်ရာ တင်ပြမှုများကိုလည်း ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန အနေဖြင့် ပြည်သူလူထု ယုံကြည်အားကိုးရသည့် လျှပ်စစ်ဓာတ်အားစနစ် ဖြစ်ပေါ်လာစေရေးအတွက် ဓာတ်အားထုတ်လုပ်မှု၊ ပို့လွှတ်မှု၊ ဖြန့်ဖြူးမှု အပိုင်း သုံးပိုင်းလုံးတွင် ဟန်ချက်ညီ တိုးတက်လာစေရေး ကြိုးပမ်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

❖ ရန်ကုန်မြို့မှ

Yangon Speciality Heart ကော်ဖီဘားများတွင်မြန်မာ၊ ထိုင်း၊ အီသီယိုးပီးယားနှင့် ကိုလံဘီယာနိုင်ငံတို့မှ ထွက်ရှိသည့် အာရေးဗီးကား (Arabica) ကော်ဖီစေ့ကို နှစ်သက်ရာ အနံ့အရသာအလိုက် မှာယူသူများရှေ့တွင်ကြိတ်၍ ရေအေး၊ ရေနွေးဖြင့် သောက်သုံးရန် ဝန်ဆောင်မှုပေးသည်။ အဆိုပါကော်ဖီဘားများ၌ မြန်မာနိုင်ငံ ပြင်ဦးလွင်မြို့၊ ထိုင်းနိုင်ငံ ချင်းမိုင်မြို့၊ အီသီယိုးပီးယားနိုင်ငံ Yirgacheffe၊ Sidamo၊ Harrar ဒေသနှင့် ကိုလံဘီယာနိုင်ငံ Huila ဒေသတို့မှ ထွက်ရှိသည့် အရည်အသွေး ကောင်းမွန်သော အာရေးဗီးကားကော်ဖီစေ့များကို ပြသထားသည်။

**အရသာနှင့် ရနံ့များ ကွာခြား**

အဆိုပါ နိုင်ငံပေါင်းလေးနိုင်ငံမှ အာရေးဗီးကားကော်ဖီစေ့သည် သစ်သီးရနံ့၊ ပန်းရနံ့၊ ကာရာမယ်လ်အရသာ၊ ချောကလက်ရနံ့၊ ပန်းသီးအရသာ၊ သံပရာ/လိမ္မော်သီးရနံ့၊ ပျားရည်ရနံ့၊ ကိုကိုးရနံ့နှင့် အခွံမာသီးရနံ့တို့ဖြင့် နိုင်ငံအလိုက် စိုက်ပျိုးမြေပေါ်မူတည်၍ အရသာနှင့် ရနံ့များ ကွာခြားကြောင်း သိရသည်။

"ကော်ဖီစစ်စစ်ကို ဘာမှရောနှောမှုမရှိဘဲ သောက်သုံးတာဟာ ဥရောပနိုင်ငံတွေမှာ များပါတယ်။ ယနေ့ခေတ်မှာ ကော်ဖီစေ့ကို တိုက်ရိုက်ကြိတ်ပြီး သောက်သုံးရာကနေ လူသားတစ်ဦးရဲ့ ကျန်းမာရေးကို အထောက်အကူပြုစေကြောင်း သိလာကြတဲ့အတွက် ရန်ကုန်မြို့မှာ ကော်ဖီစစ်စစ်သောက်သုံးတဲ့ယဉ်ကျေးမှု ထွန်းကားလာတာဟာ ခေတ်မီမြို့ပြဖွံ့ဖြိုးမှုနဲ့ ဟန်ချက်ညီလာတယ်လို့ ပြောရမှာပါ။ မြန်မာ့ကော်ဖီဟာ အီသီယိုးပီးယားနဲ့ ကိုလံဘီယာကော်ဖီလိုပဲ ဈေးကွက်တစ်ခုကို ဖော်ဆောင်နေပြီဖြစ်တဲ့အတွက် ယခုလို ကော်ဖီဘားတွေအပြင် တန်ဖိုးမြှင့်ထုတ်ကုန်တွေဖန်တီးပြီး ပြည်ပကို တင်ပို့နိုင်မယ်ဆိုရင် နိုင်ငံနဲ့စိုက်ပျိုးသူတွေအတွက် အကျိုးကျေးဇူးရရှိစေမှာပါ " ဟု Yangon Speciality Heart ကော်ဖီဘား၏ Coffee Room ဆိုင်မန်နေဂျာ ဒေါ်မြတ်နိုးခင်က ပြောသည်။

မြန်မာ့အာရေးဗီးကား ကော်ဖီတွင် Blackcurrant အရသာ၊ Yogurt အရသာ၊ Cream အရသာနှင့် Cocoa အရသာ၊ ထိုင်းအာရေးဗီးကားကော်ဖီတွင် Orange Blossom အရသာ၊ Honey အရသာ၊ Cream အရသာနှင့် Cocoa အရသာ၊ အီသီယိုးပီးယားကော်ဖီတွင် Peony အရသာ၊ Orange Blossom အရသာ၊ White Peach အရသာနှင့် Jin Xuan အရသာ၊ ကိုလံဘီယာကော်ဖီတွင် Vanilla အရသာ၊ Whiskey အရသာ၊ Maple Syrup အရသာ၊ Butter အရသာ၊ Lychee အရသာ၊ White Flower အရသာအပါအဝင် အရသာ ၂၉ မျိုး၊ Black Coffee တွင် Long Black၊ Espresso၊ White Coffee တွင် Coffee Latte၊ Cappuccino နှင့် Flat White ကော်ဖီတို့ကို သောက်သုံးနိုင်ရန် ဝန်ဆောင်မှုပေးကြောင်း သိရသည်။

**ဓာတ်ပုံ – ကိုလွင်**
**သတင်း – ဥသာ**



## တောင်သာမြို့နယ်၌ ရေဘေးသင့်အိမ်ထောင်စုများအား ဆန်ရိက္ခာထောက်ပံ့ပေးအပ်

**တောင်သာ စက်တင်ဘာ ၁၆**

မန္တလေးတိုင်းဒေသကြီး တောင်သာမြို့နယ်အတွင်း ရေဘေးသင့်အိမ်ထောင်စုများအား ဆန်ရိက္ခာထောက်ပံ့ပေးအပ်ပွဲကို စက်တင်ဘာ ၁၅ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌက တောင်သာမြို့နယ်အတွင်းရှိ ကျော့ဇီကျေးရွာ၊ ရွာလေးကုန်းကျေးရွာ၊ ရွာဘဲကျေးရွာ၊ ငါးပင်စင်ကျေးရွာ၊ ဆင်မင်းကျေးရွာ၊ သာယာအေးကျေးရွာနှင့် ကျွန်းကြီး(တ/မ)ကျေးရွာတို့မှ အိမ်ထောင်စု ၄၂၁ စုအတွက် APTERR ဆန် ၁၉၅ အိတ် ထောက်ပံ့ပေးအပ်မှုအခြေအနေအား ပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများက တောင်သာမြို့နယ်အတွင်း ရေဘေးသင့်အိမ်ထောင်စုများမှလူဦးရေ ၁၃၉၅ ဦးအတွက် APTERRဆန်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ကျော်မျိုးနိုင်(တောင်သာ)**

# မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့အစည်းအဝေးကျင်းပ

**နေပြည်တော် စက်တင်ဘာ ၁၆**

မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ အစည်းအဝေး(၁/၂၀၂၆)ကို ယနေ့ မွန်းလွဲ ၁ နာရီတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် အရိန္ဒမာခန်းမ၌ ကျင်းပသည်။



အစည်းအဝေးတွင် မူးယစ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ညွန့်ဝင်းဆွေက ကမ္ဘာပေါ်ရှိနိုင်ငံအများစုသည် မူးယစ်ဆေးဝါးပြဿနာကြောင့် လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ နိုင်ငံတည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့ကို များစွာထိခိုက်စေလျက်ရှိကြောင်း၊ UNODC ၏ စာရင်းဇယားများအရ ၂၀၂၅ ခုနှစ်တွင် တစ်ကမ္ဘာလုံး မူးယစ်ဆေးဝါးသုံးစွဲသူ ဦးရေ ၃၁၆ သန်းခန့်ရှိကြောင်း။

**အဆင့်ဆင့်ဖွဲ့စည်းထား**

မြန်မာနိုင်ငံသည် လူလုပ်မူးယစ်ဆေးဝါးပြဿနာများနှင့် တိုးမြှင့်ရင်ဆိုင်နေရလျက်ရှိကြောင်း၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့နှင့် လုပ်ငန်းအဖွဲ့များအပြင် နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီး/ ပြည်နယ်အဆင့်မှ ရပ်ကွက်/ ကျေးရွာအုပ်စုအဆင့်အထိ ဒေသဆိုင်ရာ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့များကို အဆင့်ဆင့်ဖွဲ့စည်းထားပြီးဖြစ်ကြောင်း။

လက်နက်ကိုင်သောင်းကျန်းသူအဖွဲ့များ အနေဖြင့် ပြည်တွင်းပဋိပက္ခဖြစ်ပွားနေမှုအပေါ် အခွင့်ကောင်းယူ၍ မူးယစ်ဆေးဝါးထုတ်လုပ်မှုနှင့် သယ်ဆောင်ရောင်းဝယ်မှုများအပြင် လက်နက်/ ခဲယမ်းများ ဝယ်ယူခြင်းနှင့် လူသစ်စုဆောင်းခြင်းများ ဆောင်ရွက်နေကြောင်း၊ မူးယစ်ဆေးဝါးထုတ်လုပ်ရာတွင် အသုံးပြုသည့်ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများကို ပြည်ပနိုင်ငံများမှသယ်ဆောင်ပြီး ၎င်းတို့နယ်မြေအတွင်း ထုတ်လုပ်လျက်ရှိကြောင်း။

မူးယစ်ဆေးဝါးကင်းစင်ပပျောက်ရေးကိုအမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ချမှတ်ဆောင်ရွက်လျက်ရှိရာ "အမျိုးသားမူးယစ်ဆေးဝါးထိန်းချုပ်ရေးမဟာဗျူဟာစီမံချက်"ကို သုံးသပ်ပြင်ဆင်ရေး ဦးစီးကော်မတီဖွဲ့စည်းကာ ပြင်ဆင်ရေးဆွဲဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံအတွင်း မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး အထူးစစ်ဆင်ရေး Operation 42 ၏ အောင်မြင်မှုများအပေါ်အခြေခံ၍ စစ်ဆင်ရေးများ ဆက်လက်ဆောင်ရွက်ရန်နှင့် မူးယစ်ဆေးဝါးများ သာမက ဓာတုပစ္စည်းများ၊ ဆက်စပ်ပစ္စည်းများနှင့် ဓာတုပညာရှင်များ ဝင်ရောက်မှုကို တားမြစ်ရန် လိုအပ်ကြောင်း၊ ပင်လယ်ရေကြောင်းထွက်ပေါက်များတွင် တပ်မတော်(ရေ)၊ ရေကြောင်းရဲတပ်ဖွဲ့၊ ဆိပ်ကမ်းအာဏာပိုင်တို့နှင့်ပူးပေါင်း၍ ပိတ်ဆို့ဖမ်းဆီးရန်လိုအပ်ကြောင်း၊ နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီး/ပြည်နယ်များတွင် KTV၊ Bar၊ Club၊ ဖျော်ဖြေရေး အစီအစဉ်များနှင့် Hotel၊ Motel၊ တည်းခိုခန်းများတွင် မူးယစ်ဆေးဝါးသုံးစွဲမှု၊ ရောင်းချမှုမရှိစေရေး စစ်ဆေးကြပ်မတ်ပြီး စုံစမ်းဖော်ထုတ်ဖမ်းဆီးသွားရန်လိုအပ်ကြောင်း။

မြန်မာနိုင်ငံအတွင်း ၂၀၂၅ ခုနှစ်မှ ၂၀၂၆ ခုနှစ် ဩဂုတ်လအထိ မူးယစ်မှုဖြင့် ထွက်ပြေးတိမ်းရှောင်နေသော မူးယစ်တရားခံပြေး ၅၈ ဦး ဖမ်းဆီးရမိခဲ့ပြီး သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးလျက်ရှိကြောင်း၊ မူးယစ်ဆေးဝါးနှင့်ဆက်နွယ်ပြီး ၂၀၂၅ ခုနှစ်အတွင်း အမှုပေါင်း ၆၈၅ မှုမှ ပြည်သူ့ဘဏ္ဍာအဖြစ် ငွေကျပ် ၄၂၈၅ သန်းကျော်၊ ၂၀၂၆ ခုနှစ် ဩဂုတ်လအထိ အမှုပေါင်း ၃၅၆ မှုမှ ပြည်သူ့ဘဏ္ဍာအဖြစ် ငွေကျပ် ၃၅၈၅ သန်းကျော် သိမ်းဆည်းဆောင်ရွက်နိုင်ခဲ့ကြောင်း။

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး လုပ်ငန်းများတွင် ကိုယ်ကျိုးစွန့်လွှတ်ဆောင်ရွက်ခဲ့ကြသည့် တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မိတ်ဖက်အဖွဲ့အစည်းများမှ လူပုဂ္ဂိုလ်များနှင့် သတင်းပေးများအား ဆုကြေးငွေနှင့် ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်များ ချီးမြှင့်ပေးလျက်ရှိကြောင်း၊ မူးယစ်ဆေးဝါးနှင့်အတူ လက်နက်/ခဲယမ်းများ သိမ်းဆည်းရမိပါက အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ ဆုကြေးငွေများ ထပ်ဆောင်းချီးမြှင့်ပေးလျက်ရှိကြောင်း။

ဘိန်းစိုက်ပျိုးမှုလျှော့နည်း ပပျောက်ရေးအတွက် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် မူးယစ်တားဆီးကာကွယ်ရေးအဖွဲ့များက ကြိုတင်အသိပညာပေးလုပ်ငန်းများဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ဘိန်းစိုက်တောင်သူများ ဝင်ငွေရရှိမည့်လုပ်ငန်းများအပြင် ဒေသနှင့်ကိုက်ညီသည့် သီးနှံများစိုက်ပျိုးရေးနှင့် ဈေးကွက်ရရှိရေး စီမံဆောင်ရွက်ပေးရန် လိုအပ်ကြောင်း။

အစားထိုးစိုက်ပျိုးရေးလုပ်ငန်းများတွင် မျိုးကောင်းမျိုးသန့်များရရှိရေး၊ အထွက်နှုန်းကောင်းမွန်သည့် သီးနှံမျိုးစေ့များရရှိရေး၊ မြေဩဇာနှင့် ပိုးသတ်ဆေးများရရှိရေး ဆောင်ရွက်ပေးရန်၊ မွေးမြူရေးတွင် ဒေသနှင့်ကိုက်ညီသည့် တိရစ္ဆာန်များထောက်ပံ့ခြင်း၊ သင်တန်းများပေးခြင်း၊ တိရစ္ဆာန်ကုသဆေးနှင့် ရောဂါကာကွယ်ဆေးများရရှိရေး ဆောင်ရွက်ပေးရန်လိုအပ်ကြောင်း၊ မူးယစ်ဆေးစွဲသူများ ဆေးကုသမှု ခံယူရေး စည်းရုံးဆောင်ရွက်ရန်၊ ဆေးကုသပြီးသူများ ထပ်မံမသုံးစွဲရေး နောက်ဆက်တွဲစောင့်ရှောက်မှုပေးရန်နှင့် ဝေးလံခက်ခဲသည့်ဒေသများတွင် မူးယစ်ဆေးစွဲရောဂါကုဌာနငယ်များဖွင့်လှစ်၍ ဆရာဝန်များ၏ ကျန်းမာရေးစောင့်ရှောက်မှုနှင့် ပြန်လည်ထူထောင်ရေး အထောက်အပံ့များရရှိစေရန်၊ ကုသရေးစခန်းများ တိုးချဲ့ဖွင့်လှစ်ရန်၊ ဆေးကုသမှုခံယူပြီးသူများ လူ့အဖွဲ့အစည်းအတွင်း ပြန်လည်နေထိုင်ဝင်ဆံ့လာစေရေးနှင့် မိမိဘဝရပ်တည်နိုင်စေရန် အသက်မွေးဝမ်းကျောင်းပညာများ သင်ကြားပေးရန်လိုအပ်ကြောင်း ပြောကြားသည်။

အဆိုပါအစည်းအဝေးတွင် တက်ရောက်လာကြသူများက မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ကြိုးပမ်းဆောင်ရွက်ခဲ့မှုများ၊ ဆက်လက်ဆောင်ရွက်မည့် အစီအမံများ၊ လုပ်ငန်းဆောင်ရွက်ချက်များနှင့်ပတ်သက်၍ အကြံပြုဆွေးနွေးကြပြီး မူးယစ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ဒုတိယဥက္ကဋ္ဌ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးဖုန်းမြတ်၊ အတွင်းရေးမှူး မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးလှိုင်၊ တွဲဖက်အတွင်းရေးမှူး၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ တပ်ဖွဲ့မှူး၊ မူးယစ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ အဖွဲ့ဝင်များ၊ လုပ်ငန်းအဖွဲ့များမှ ဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ တာဝန်ရှိသူများ၊ ဆက်စပ်ဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များက လူကိုယ်တိုင်ဖြင့်လည်းကောင်း၊ တိုင်းဒေသကြီး/ပြည်နယ် မူးယစ်တားဆီးကာကွယ်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် တွဲဖက်အတွင်းရေးမှူးများက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့်လည်းကောင်း ပါဝင်တက်ရောက်ကြကြောင်း သိရသည်။

**သတင်းစဉ်**

## ဖလမ်းမြို့နေပြည်သူများ MPT မိုဘိုင်းဖုန်း Sim card များ ပြန်လည်အသုံးပြုနိုင်ရေး ဆောင်ရွက်ပေး



**ဖလမ်း စက်တင်ဘာ ၁၆**

ဖလမ်းမြို့တွင် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ MPT Mobile ဖုန်းလိုင်းများ ပြန်လည်ရရှိပြီဖြစ်သည့်အတွက် ယနေ့မှစတင်ပြီး ပြည်သူများ၏ MPT မိုဘိုင်းဖုန်း Sim card များ ပြန်လည်အသုံးပြုနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးနေမှုကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသန့်ဇော်လွင်သည် ပြည်နယ်သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီး၊ ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး ကော်မတီဝင်တို့နှင့် သွားရောက်ကြည့်ရှုအားပေးသည်။

အကြမ်းဖက် ဖြစ်စဉ်များကြောင့် ဖလမ်းမြို့တွင် တယ်လီဖုန်း ဆက်သွယ်ရေးလိုင်းများ ပြတ်တောက်သွားပြီး MEC–CDMA ဖုန်းလိုင်းကိုသာ အသုံးပြုနေခြင်းဖြစ်ကာ ယခုအခါ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း MPT Mobile ဖုန်းလိုင်း ပြန်လည်ရရှိပြီဖြစ်သည့်အတွက် ပြည်နယ်မြန်မာ့ဆက်သွယ်ရေး လုပ်ငန်းဝန်ထမ်းများသည် ဖလမ်းမြို့ အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၌ အခြေပြုပြီး MPT Mobile Sim card ကတ်ပျောက်၊ ကတ်ပျက်များကို ပြန်လည်လျှောက်ပေးခြင်း၊ Sim card များ မှတ်ပုံတင်ပေးခြင်းနှင့် Sim card အသစ်များ ရောင်းချပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ 66/11kv ဓာတ်အားခွဲရုံအဆောက်အအုံ ပြန်လည်ပြုပြင်မှု၊ စက်ပစ္စည်းပျောက်ဆုံး၊ ပျက်စီးမှုအခြေအနေ၊ ဓာတ်အားခွဲရုံ ဝန်ထမ်းအိမ်ရာ ပြန်လည်ပြုပြင်မှု၊ ခရိုင်သစ်တောဦးစီးဌာနရုံးအဆောက်အအုံ၊ အရာရှိနေအိမ်နှင့် ဝန်ထမ်းအိမ်ရာပြုပြင်နေမှု၊ မြို့နယ် သစ်တောဦးစီးဌာနရုံး ပြုပြင်နေမှု၊ အိုးအိမ်ဝန်ထမ်းအိမ်ရာ ပြန်လည်ပြုပြင်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး အခြေခံအဆောက်အအုံများကို ပြုပြင်နေသည့်ဒေသခံကုမ္ပဏီများအနေဖြင့် စေတနာထားကာ စံချိန်စံညွှန်းနှင့်အညီ ပစ္စည်းအရည်အသွေး၊ တည်ဆောက်မှု အရည်အသွေး ကောင်းမွန်စေရေးနှင့် သတ်မှတ်ကာလအတွင်း လုပ်ငန်းပြီးစီးစေရေးတို့ကို သက်ဆိုင်ရာ ဌာနဆိုင်ရာများနှင့် ပူးပေါင်းဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



## လားရှိုးမြို့၌ ကလေးသူငယ်များအတွက် သဘာဝဘေးအန္တရာယ်လျှော့ချရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေး အသိပညာပေးအစီအစဉ် ဆောင်ရွက်

**လားရှိုး စက်တင်ဘာ ၁၆**

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့တွင် မြို့နယ်မီးသတ်ဦးစီးဌာနက ကလေးသူငယ်များအတွက် သဘာဝဘေးအန္တရာယ်လျှော့ချရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေး အသိပညာပေးအစီအစဉ်ကို ယနေ့တွင် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၌ ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်မီးသတ်ဦးစီးဌာနမှ ဦးစီးအရာရှိ ဦးမင်းမင်းသစ်နှင့် တပ်ဖွဲ့ဝင် ၁၈ ဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၁၀ ဦးတို့က ကျောင်းသား ကျောင်းသူများအား မီးဘေးလုံခြုံရေး၊ သဘာဝဘေးအန္တရာယ်ကာကွယ်ရေးနှင့် ဖြစ်ပွားလာပါက အရေးပေါ်တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ အသိပညာပေးအစီအစဉ်များ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**လူမော်(ပြန်/ဆက်)**

# တောင်ကြီးမြို့၌ ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့အခမ်းအနား ကျင်းပ

**တောင်ကြီး စက်တင်ဘာ ၁၆**

၂၀၂၆ ခုနှစ် ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အခမ်းအနားကို ယနေ့နံနက်ပိုင်းက တောင်ကြီးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

အဆိုပါအခမ်းအနားကို ကမ္ဘာမြေပေါ်သို့ နေရောင်ခြည်မှ ကျရောက်သော အန္တရာယ်ရှိသည့် ခရမ်းလွန်ရောင်ခြည်အန္တရာယ်ကို ကာကွယ်ပေးနေသည့် အိုဇုန်းလွှာ၏အရေးပါမှုကို ပြည်သူများပိုမိုသိရှိနားလည်လာစေရန်နှင့် အိုဇုန်းလွှာ ပျက်စီးစေသည့် ပစ္စည်းများ ထိန်းချုပ်လျှော့ချရေးအတွက် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်နိုင်ရန် ရည်ရွယ်ကျင်းပခြင်းဖြစ်သည်။

**ပေးအပ်ချီးမြှင့်**

အခမ်းအနားတွင် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစိုင်းထိန်စိုးက အမှာစကားပြောကြားပြီး ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အခြေခံပညာအထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ပထမဆုရရှိသူအား ဂုဏ်ပြုဆုငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်သည်။

ထို့အတူ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်တို့က ဒုတိယဆုနှင့် တတိယဆုရရှိသူများအား ဂုဏ်ပြုဆုငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ကြသည်။

ထို့မှတစ်ဆင့် ရှမ်းပြည်နယ် ကလေးအလုပ်သမားပပျောက်ရေးကော်မတီနာယက ပြည်နယ်ဝန်ကြီးချုပ်သည် တောင်ကြီးမြို့ လူထုအခြေပြုဗဟိုဌာန၌ ကျင်းပသည့် လူသုံးကုန်နှင့် အလှကုန်ထုတ်လုပ်မှုနည်းပညာသင်တန်းနှင့် တန်ဖိုးမြှင့်စားသောက်ကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းဖွင့်ပွဲသို့ တက်ရောက်အမှာစကား ပြောကြားပြီး ပြည်နယ်ဝန်ကြီးများနှင့်အတူ သင်တန်းအတွက် စားသောက်စရိတ်၊ ဆန်နှင့် သင်တန်းသုံးကုန်ကြမ်းပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**





# ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနား ကျင်းပ

**မန္တလေး စက်တင်ဘာ ၁၆**

"ကမ္ဘာမြေပိုမိုအေးမြဖို့ အားလုံးပူးပေါင်းဆောင်ရွက်စို့" ဆောင်ပုဒ်ဖြင့် ၂၀၂၆ ခုနှစ် ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက်ပိုင်းက ချမ်းအေးသာစံမြို့နယ် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံး မြို့တော်ခန်းမ၌ ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်က အမှာစကားပြောကြားပြီး တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်နှင့်အတူ ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲ အခြေခံပညာအထက်တန်းအဆင့်နှင့် အလယ်တန်းအဆင့်တို့တွင် ဆုရရှိသူများအား ဂုဏ်ပြုဆုငွေများ ပေးအပ်သည်။

ဆက်လက်၍ ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် ပြသထားသည့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ပိုစတာများ၊ အထိမ်းအမှတ်ပစ္စည်းများကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဟားခါးမြို့၌ ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနား ကျင်းပ

**ဟားခါး စက်တင်ဘာ ၁၆**

ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက်ပိုင်းက ဟားခါးမြို့ ပြည်နယ်အစိုးရအဖွဲ့ရုံး အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**ဆုများပေးအပ်ချီးမြှင့်**

အဆိုပါ အခမ်းအနားတွင် ချင်းပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာ ဝုန်ဆွန်းထန်က အမှာစကားပြောကြားပြီး ကမ္ဘာ့အိုဇုန်းလွှာ ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အခြေခံပညာအထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသူများအား ဆုများ ပေးအပ်ချီးမြှင့်သည်။




ထို့အတူ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်က အခြေခံပညာအလယ်တန်း အဆင့် ကဗျာပြိုင်ပွဲတွင် ဆုရရှိသူများအားလည်းကောင်း၊ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက အခြေခံပညာ အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသူများအားလည်းကောင်း၊ ပြည်နယ်စီမံကိန်း၊ စီးပွားရေးနှင့် ဘဏ္ဍာရေးဝန်ကြီးက အခြေခံပညာ အလယ်တန်းအဆင့် ကဗျာပြိုင်ပွဲတွင် ဆုရရှိသူများအား လည်းကောင်း ဆုများ ပေးအပ်ချီးမြှင့်ကြပြီး ဆုရစာမူများကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**

# ရန်ကုန်မြို့၌ ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနား ကျင်းပ

**ရန်ကုန် စက်တင်ဘာ ၁၆**

"ကမ္ဘာမြေ ပိုမိုအေးမြဖို့ အားလုံး ပူးပေါင်းဆောင်ရွက်စို့" "Global Action for A Cooler Planet" ဆောင်ပုဒ်ဖြင့် ၂၀၂၆ ခုနှစ် ကမ္ဘာ့အိုဇုန်းလွှာ ထိန်းသိမ်းရေးနေ့ (World Ozone Day) အထိမ်းအမှတ်အခမ်းအနားကိုယနေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ် လှူငယ်စင်တာ၌ ကျင်းပသည်။




အဆိုပါ အခမ်းအနားတွင် ကမ္ဘာ့အိုဇုန်းလွှာ ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် အခြေခံပညာအထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသည့် ကျောင်းသူများအား ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအောင်နိုင်သူက ဂုဏ်ပြုဆုများ ပေးအပ်သည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးများနှင့်အတူ ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်ပြခန်းကို ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

**ဖွဲ့ထက်ကို(ပြန်/ဆက်)**

# ငါးသိုင်းချောင်းမြို့ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုများကွင်းဆင်းကြည့်ရှု

**ငါးသိုင်းချောင်း စက်တင်ဘာ ၁၆**

ဧရာဝတီတိုင်းဒေသကြီး ငါးသိုင်းချောင်းမြို့တွင် ရေပြန်လည်ကျဆင်းသဖြင့် ဒေသခံပြည်သူများ အဆင်ပြေစွာ သွားလာနိုင်ရေးအတွက် ယနေ့နံနက်ပိုင်းက မြို့ပေါ်ဌာနဆိုင်ရာရုံးများနှင့် ရပ်ကွက်အတွင်းရှိလမ်းများ၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ကြရာ ဧရာဝတီတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးနှင့် ကျုံပျော်ခရိုင် အုပ်ချုပ်ရေးမှူးတို့က အနီးကပ်ကြီးကြပ်ခဲ့ပြီး လိုအပ်သည်များ မှာကြားသည်။



စုပေါင်းသန့်ရှင်းရေးကို ကျုံပျော်ခရိုင်အတွင်းရှိ ကျုံပျော်၊ ရေကြည်၊ ငါးသိုင်းချောင်း စည်ပင်သာယာရေးအဖွဲ့များ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ပလကဖအဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ လူမှုကူညီရေးအသင်းအဖွဲ့များ ပါဝင်ဆောင်ရွက်ကြပြီး အမှိုက်များ၊ ချုံနွယ်များ ခုတ်ထွင်ရှင်းလင်းခြင်းနှင့် သိမ်းဆည်းခြင်းများဆောင်ရွက်ကာ လမ်းဘေး ဝဲ/ယာရှိရေမြောင်းနှင့် လမ်းများအား ထုံးဖြူးခြင်းလုပ်ငန်းများဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ငါးသိုင်းချောင်း(ပြန်/ဆက်)**

# ပေါင်မြို့နယ်၌ ဥပဒေအသိပညာပေး ဟောပြော

**ပေါင် စက်တင်ဘာ ၁၆**

မွန်ပြည်နယ် ပေါင်မြို့နယ်၌ ပြည်သူများအား ဥပဒေအသိပညာရရှိစေရန် အသိပညာပေးဟောပြောပွဲကို ယနေ့နံနက်ပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ဝါရီရှူခန်းမ၌ ပြုလုပ်သည်။

ဦးစွာ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဇော်မြင့်ထွန်းက ပြည်သူများအနေဖြင့် သတ်မှတ်ထားသည့် ဥပဒေ၊ နည်းဥပဒေများကို တိကျမှန်ကန်စွာ လိုက်နာဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ယာဉ်စည်းကမ်း လမ်းစည်းကမ်းများကို ဂရုစိုက်လိုက်နာကြရန် အမှာစကားပြောကြားသည်။

ဆက်လက်၍ ပေါင်မြို့နယ် ဥပဒေအရာရှိ ဦးမျိုးထက်ကျော်က ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ လောင်းကစားဥပဒေ ၊ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေ၊ ရာဇသတ်ကြီးဥပဒေ စသည့် ဥပဒေအကြောင်းအရာများကို ဟောပြောသည်။ ထို့နောက် တက်ရောက်လာသူများက သိရှိလိုသည်များကိုမေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားပေးခဲ့ကြောင်း သိရသည်။

**မွန်မလေး(ပြန်/ဆက်)**

# ပြည်သူနှင့်အနုပညာအကြား ပေါင်းကူးပေးသည့် မျိုးဆက်သစ်များ

**လူ့အဖွဲ့အစည်းတိုင်းမှာ ကိုယ်စီယဉ်ကျေးမှုအသီးသီးရှိကြပါတယ်။ ထိုလူ့အဖွဲ့အစည်းရဲ့အလှတရား၊ တန်ဖိုးတွေက သူတို့စိုက်ထူထားတဲ့ ကိုယ်ပိုင်မူဟန်၊ အနုသုခုမလက်ရာ၊ ယဉ်ကျေးမှုအမွေအနှစ်တွေအပေါ် များစွာမူတည်ပါတယ်။ ယဉ်ကျေးမှုမြင့်လေ တန်ဖိုးလည်းမြင့်လေပါ။**

မိုးကေနိုင်

နိုင်ငံတစ်နိုင်ငံရဲ့ အနုပညာမြင့်မားတာနဲ့ ထိုနိုင်ငံရဲ့အလှတရားတွေလည်း မြင့်တက်နေပါတယ်။ နိုင်ငံတစ်နိုင်ငံရဲ့ ယဉ်ကျေးမှုစံနှုန်းတွေကို ထိုနိုင်ငံသားတွေရဲ့ အတွေးအခေါ်၊ အသိပညာမြင့်မားမှု၊ လူနေမှုအဆင့်အတန်းတွေနဲ့လည်း ချိန်ထိုးနိုင်ပါတယ်။ လူတွေရဲ့ စိတ်နေသဘောထား၊ ပြောဆိုနေထိုင်လုပ်ကိုင်ပုံ အကျင့်စရိုက်တွေကိုလည်း ထင်ဟပ်နေပါတယ်။ ဘာသာစကား၊ စာပေ၊ ဘာသာတရားနဲ့လည်း ဆက်စပ်နေပါတယ်။ ဒါကြောင့် နိုင်ငံအစိုးရတွေဟာ မိမိတို့ရဲ့ယဉ်ကျေးမှုကို နည်းလမ်းအမျိုးမျိုးနဲ့ မြှင့်တင်ကြခြင်းဖြစ်ပါတယ်။ အနုပညာအသစ်အဆန်းတွေကို ဖော်ထုတ်ကြခြင်းဖြစ်ပါတယ်။

## အမျိုးဂုဏ် ဇာတိဂုဏ်နဲ့ ဆက်စပ်မှု

မြန်မာနိုင်ငံဟာလည်း ထို့အတူပါ။ နိုင်ငံရဲ့သမိုင်းနဲ့ယှဉ်ပြီး သမိုင်းအဆက်ဆက် တည်တံ့ခဲ့တဲ့ ရိုးရာယဉ်ကျေးမှုအမွေအနှစ်၊ အနုပညာတန်ဖိုးတွေ မတိမ်ကော မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်နေပါတယ်။ ယဉ်ကျေးမှုပျောက်ရင် လူမျိုးပါပျောက်တတ်တာမို့ အဓိပ္ပာယ်ရှိလှတဲ့ အနုသုခုမ အမွေအနှစ်တွေကို ပြန်လည်ဖော်ထုတ်ရပါတယ်။ အမျိုးသားရေးစရိုက်လက္ခဏာတွေ မပျောက်ပျက်ဖို့၊ အမျိုးသားရေးစိတ်ဓာတ်တွေ ပိုမိုထွန်းကားနေဖို့ ယနေ့ကာလမှာ အလွန်အရေးကြီးတဲ့အတွက် မျိုးဆက်သစ်လူငယ်တွေအကြား မိမိယဉ်ကျေးမှုကို ကိုယ်တိုင်ချစ်မြတ်နိုးတတ်အောင် အစဉ်လှုံ့ဆော်ပေးနေရပါမယ်။ အစဉ်မပြတ်မွမ်းမံပြီး မြဲမြံခိုင်ခံ့အောင် တည်ဆောက်ရပါမယ်။ မိမိတို့အနုပညာယဉ်ကျေးမှုကို မပျောက်ပျက်အောင် ထိန်းသိမ်းကာကွယ် စောင့်ရှောက်နိုင်သရွေ့၊ မြှင့်တင်နိုင်သရွေ့ မိမိတို့အမျိုးဘာသာသာသနာဟာ အစဉ်တိုးတက်ပြီး နိုင်ငံလည်း တည်တံ့နေမှာမလွဲပါ။

အမျိုးဂုဏ် ဇာတိဂုဏ်ဆိုတာ ဒါပါပဲ။ အမွေအနှစ်အလား တန်ဖိုးရှိတာနဲ့အမျှ ထိုကောင်းမြတ်တဲ့အနှစ်သာရကို အနာဂတ်မျိုးဆက်အဆက်ဆက်ကို လက်ဆင့်ကမ်းရမယ့်တာဝန်တွေလည်း ရှိလာပါတယ်။ မတူကွဲပြား အမျိုးများပြီး လူမျိုးပေါင်းစုံနဲ့ ဖွဲ့စည်းထားတဲ့ မြန်မာနိုင်ငံအတွက်ဆိုရင် ပိုအရေးကြီးပါတယ်။ ထိုတိုင်းရင်းသားအသီးသီးရဲ့ ကိုယ်ပိုင်ဥစ္စာသဖွယ်ဖြစ်တဲ့ ရိုးရာယဉ်ကျေးမှု အနုပညာဓလေ့ထုံးတမ်းတွေကို ကာကွယ်စောင့်ရှောက်ပြီး ထိန်းသိမ်းမြှင့်တင်ရမယ့်တာဝန်က နိုင်ငံတော်အစိုးရအပြင် နိုင်ငံသားအားလုံးမှာ ဖြစ်တည်လာပါတယ်။

ဒီလိုဆောင်ရွက်ခြင်းဖြင့် နိုင်ငံမှာ အထူးလိုအပ်နေတဲ့ အမျိုးသားစည်းလုံးညီညွတ်မှုဟာ ပိုမိုခိုင်မြဲလာပါမယ်။ သက်ရောက်မှုက နိုင်ငံရဲ့လူမှုစီးပွားဘဝဖွံ့ဖြိုးမှုနဲ့ ပြည်သူတွေရဲ့အိပ်မက်တွေ အထိပါပဲ။ ဒါကြောင့် ယဉ်ကျေးမှုအနုပညာကဏ္ဍကို နိုင်ငံတည်ဆောက်ရေး၊ နိုင်ငံဖွံ့ဖြိုးတိုးတက်မှုမှာ အရေးပါတဲ့ကဏ္ဍတစ်ခုအဖြစ် ရှုမြင်နိုင်ပါတယ်။

## အနှစ်သာရရှိတဲ့ ရည်ရွယ်ချက်တွေနဲ့အတူ

ယခု (၂၇)ကြိမ်မြောက်အထိ ရှိလာပြီဖြစ်တဲ့ ကျင်းပနေတဲ့ အမျိုးသားအဆင့် ဆို၊ က၊ ရေး၊ တီးပြိုင်ပွဲတွေရဲ့ ရည်ရွယ်ချက်တွေလည်း အထက်ပါ တင်ပြချက်တွေနဲ့ထပ်တူဖြစ်ပြီး အနှစ်သာရလည်း ရှိလှပါတယ်။ မြို့နယ်အဆင့်မှသည် ခရိုင်၊ တိုင်းဒေသကြီး/ပြည်နယ်၊ ဗဟိုအထိ အဆင့်ဆင့် တက်လှမ်း ယှဉ်ပြိုင်သွားကြမှာဖြစ်ပါတယ်။ တိုင်းရင်းသားတွေရဲ့ မူပိုင်အနုပညာဖြစ်တဲ့ မိမိတို့လူမျိုးအသီးသီးရဲ့ ကိုယ်ပိုင်အလှ၊ ကိုယ်ပိုင်ဘဝတွေ၊ ကိုယ်တိုင်ပြုစုပျိုးထောင်နေပုံတွေကို ထင်ဟပ်နေတာဖြစ်တဲ့အတွက် ယနေ့ခေတ် ဆို၊ က၊ ရေး၊ တီးပြိုင်ပွဲတွေဟာ အလွန်စိတ်ဝင်စားဖွယ်ကောင်းနေပါတယ်။ ကောင်းမွန်တဲ့အစဉ်အလာ၊ သုတရသတွေကို ကိုယ်တိုင်လည်းခံစား၊ အများကပါ လိုက်ပါစီးမျောပါဝင်လာအောင် ကြိုးစားယှဉ်ပြိုင်နေကြတာကို တွေ့ရပါတယ်။

တိုးတက်တဲ့နိုင်ငံတွေဟာ မိမိတို့ကိုယ်ပိုင်အနုပညာကို တစ်ကမ္ဘာလုံးပျံ့နှံ့အောင် ထိုးဖောက်

> ❛ဒီလို တန်ဖိုးထား ထိန်းသိမ်းစောင့်ရှောက်နေခြင်းအကြောင်းတစ်ခုက နိုင်ငံသားတွေရဲ့ စိတ်အခြေခံကောင်းတွေကို တည်ဆောက်ခြင်းတွေပါဝင်နေလို့ ဖြစ်ပါတယ်။ အရိုင်းမှသည် အယဉ်၊ စိတ်ထားနူးညံ့မှုဆီ အနုပညာက များစွာကူညီပေးနိုင်လို့ပါပဲ။ Global အကြောင်းပြ၊ အဓိပ္ပာယ်မဲ့မှုတွေမှာ အလွယ်တကူမျောပါနေခြင်းကိုလည်း တားဆီးရာရောက်လို့ပါပဲ။ ရိုးရာမပျက် တီထွင်ဆန်းသစ်မှုနဲ့ ရောစပ်ထားတဲ့ ခေတ်မီတဲ့ယဉ်ကျေးမှုကို အားပေးပေမယ့် တစ်ဖက်က အမျိုးသားရေးစရိုက်မပျောက်အောင်တော့ သတိထားရပါမယ်❜

နိုင်ကြပါတယ်။ မိမိတို့ရဲ့ ကိုယ်ပိုင်ဥစ္စာဖြစ်တဲ့ ကိုယ်ပိုင်အနုပညာလက်ရာတွေကို ကိုယ်တိုင်တန်ဖိုးထားပြီး ပြည်တွင်း၊ ပြည်ပအနှံ့ လက်ဆင့်ကမ်းပြသနိုင်အောင် အားထုတ်ကြရမှာဖြစ်ပါတယ်။ ဒါမှသာ မိမိယဉ်ကျေးမှုဟာ ကမ္ဘာ့အလယ်မှာ ကြံ့ကြံ့ခံရပ်တည်နိုင်ပြီး တိုင်းတစ်ပါးယဉ်ကျေးမှုရဲ့ တိုက်စားဝါးမျိုမှုဒဏ်ကနေ ကာကွယ်နိုင်မှာဖြစ်ပါတယ်။

## အဆင့်တိုင်းမှာ ပါဝင်ယှဉ်ပြိုင် ပိုင်နိုင်ကြတဲ့ လူငယ်တွေ

ယနေ့မျိုးဆက်သစ်တွေအနေနဲ့ ဂန္ထဝင်မြောက် အမွေအနှစ်ကောင်းတွေကို ယခုအချိန်မှာ ဆက်လက်ထိန်းသိမ်းနေကြပါပြီ။ တိုင်းပြည်ရဲ့ ကြေးမုံပြင်အလား တာဝန်ရှိမှုအပြည့်နဲ့ မိမိတို့ တတ်မြောက်ထားတဲ့ ကျွမ်းကျင်ရာအနုပညာတွေကို မျိုးချစ်စိတ်အပြည့်နဲ့ ပြသနေကြပါပြီ။ မျိုးဆက်သစ်လို့ ပြောရတဲ့အကြောင်းရင်းက ယှဉ်ပြိုင်ကြတဲ့ ပြိုင်ပွဲဝင်အဆင့်တွေမှာ အခြေခံပညာအဆင့်၊ အဆင့်မြင့်ပညာမှသည် ဝါသနာရှင်အဆင့်အထိ ပါဝင်ကြလို့ပါပဲ။ အခြေခံပညာအဆင့်မှာ အသက် ၁၀ နှစ်ကနေ ၂၀ အထိ လူငယ်လေးတွေ ပါဝင်နေပါတယ်။ သူတို့လို အသက်အရွယ်လေးတွေနဲ့ မဟာဂီတလို အဆိုပြိုင်ပွဲတွေမှာ ပါဝင်ယှဉ်ပြိုင်ကြပါလိမ့်မယ်။ ခေတ်ဟောင်းတေး၊ ကာလပေါ်တေးအစုံ အမျိုးဂုဏ် ဇာတိဂုဏ်မြှင့်တင်ရေးတေးသီချင်းပြိုင်ပွဲများမှာပါ ပါဝင်ယှဉ်ပြိုင်သွားကြမှာဖြစ်ပါတယ်။

ကြိုးတပ်တူရိယာရဲ့ တီးခတ်ဟန်တွေနဲ့ ပေါင်းစပ်ထားတဲ့ ပျိုးသီချင်းပုံစံဟာ တကယ့်မြန်မာ့ရိုးရာရှေးဟောင်းအနုပညာတစ်ခုပါပဲ။ ရှေးမြန်မာ့နန်းတွင်းက လူပုဂ္ဂိုလ်တွေရဲ့ဖြစ်ရပ်တွေကို ပြန်လည်ဖော်ထုတ်ထားတဲ့ ဘွဲ့ခံသီချင်းတွေ၊ အယုဒ္ဓယနဲ့ဆက်နွှယ်ပြီး ယိုးဒယားတေးသွားနဲ့ဆက်စပ်နေတဲ့ မြန်မာ့နန်းတွင်းဂီတနဲ့ ယိုးဒယားတေးသွား အဆက်အစပ် သီချင်းအမျိုးအစားတွေဟာ အမှန်တကယ် တန်ဖိုးကြီးတဲ့ ရှေးဟောင်းလက်ရာတွေပါ။

ဒီလိုအနုပညာအမျိုးအစားတွေကို ပြန်လည်ဖော်ထုတ်ပေးကြတဲ့ လူငယ်အနုပညာရှင်လေးတွေကို တန်ဖိုးထား ကျေးဇူးတင်ရမှာဖြစ်ပါတယ်။ သူတို့လေးတွေအနေနဲ့ စာသားအဓိပ္ပာယ်မှန်သမျှ အလေးထား၊ ရိုးရာသံစဉ်ကိုထိန်းသိမ်းပြီး သံစဉ်အေးလေးတွေဖြစ်အောင် ဘယ်လိုယှဉ်ပြိုင်ကြမလဲ၊ အသံအတက်အကျ၊ သံစဉ်ကို မှန်မှန်ကန်ကန်နဲ့ သီဆိုဟန်အမျိုးမျိုးနဲ့ ရိုးရာဟန်မပျောက်အောင် တီးခတ်ဟန်ကို ဘယ်လိုပြသကြမလဲ။ သူတို့လေးတွေရဲ့ လူအများအလယ်၊ ပညာရှင်တွေရဲ့ အကဲဖြတ်မှုအောက် စင်မြင့်ထက်က ယုံကြည်မှုအပြည့်နဲ့ ယှဉ်ပြိုင်ဟန်တွေက အလွန်ပဲ စိတ်ဝင်စားဖွယ်ကောင်းနေပါပြီ။

မဟာဂီတ၊ ကာလပေါ်တေးအပြင် အမျိုးဂုဏ်ဇာတိဂုဏ်မြှင့်တင်ရေး တေးသီချင်းပြိုင်ပွဲတွေမှာလည်း ထိုလူငယ်လေးတွေ ပါဝင်ယှဉ်ပြိုင်ကြပါလိမ့်မယ်။ မိမိလူမျိုးရဲ့ အစဉ်အလာနဲ့ ဂုဏ်သိက္ခာကို ပြိုင်ပွဲဝင်လူငယ်တွေ ဘယ်လိုဖော်ကျူးကြမလဲ။ မိမိဇာတိ၊ မိမိတိုင်းပြည်၊ မိမိလူမျိုးကို ချစ်မြတ်နိုးတဲ့ စိတ်ဓာတ်ကို ဘယ်လိုပြသကြမလဲ။ ဒီလိုပြသကြ၊ ဖော်ကျူးကြရင်းကပဲ အမျိုးသားစည်းလုံးညီညွတ်ရေးကို ဘယ်အတိုင်းအတာထိ အထောက်အကူပြုသွားကြမလဲ။ အမျိုးဂုဏ် ဇာတိဂုဏ်ကို ထိန်းသိမ်းရင်းကပဲ ယဉ်ကျေးမှုနဲ့ မျိုးချစ်စိတ်အခြေခံ အမျိုးသားအကျိုးစီးပွားကို ဖော်ဆောင်ရာရောက်နေပြီလို့ မှတ်ယူနိုင်ပါပြီ။

အဆိုအပြင် အတီးပြိုင်ပွဲတွေလည်း ပါဝင်နေပါတယ်။ စောင်း၊ စန္ဒရား၊ ပတ္တလား၊ တယော၊ မယ်ဒလင်၊ ဂီတာ၊ ဒုံမင်း၊ ဆိုင်း၊ နှဲ၊ ပလွေ၊ အိုးစည်၊ ဒိုးပတ်မျိုးစုံသော အတီးအမျိုးအစားတွေပါဝင်ပါတယ်။ ယခုလို တူရိယာအမျိုးအစားတွေကိုတီးခတ်ပြီး အသံဂီတရဲ့ အနုပညာအလှအပတန်ဖိုးတွေကို ဘယ်လိုအလှဆင်ကြမလဲ။ နူးညံ့မှုနဲ့ ငြိမ့်ညောင်းစွာ တီးခတ်ပြီး ခံစားချက်တွေ ဘယ်လိုဖော်ထုတ်ကြမလဲ။ အရှိန်အဟုန်ပြင်းပြင်း စည်းချက်အနိမ့်အမြင့်နဲ့တကွ သံစုံဖန်တီးမှုများစွာကို စိတ်ဝင်စားဖွယ် မြင်တွေ့ကြရမှာပါ။

## အက၊ အရေးမှာလည်း ပါဝင်

အဆို၊ အတီးတင်မဟုတ် အကပြိုင်ပွဲမှာလည်း ပါဝင်ကြပါတယ်။ အခြေခံကဗျာလွတ်အကနဲ့ တိုင်းရင်းသားရိုးရာအက၊ ရုပ်သေးကြိုးဆွဲပြိုင်ပွဲနဲ့ ဇာတ်တော်ကြီးပြိုင်ပွဲ၊ ရုပ်စုံသဘင် အဖွဲ့လိုက်ပြိုင်ပွဲ၊ ကွက်စိပ်ပြိုင်ပွဲတွေ ပါဝင်ပါတယ်။ သီချင်း၊ တေးသံ၊ တီးဝိုင်းနဲ့အတူ အကသရုပ်ဖော်မှု၊ ကိုယ်ဟန်အမူအရာပေါင်းစုံနဲ့ ကပြကြတဲ့ ပြိုင်ပွဲအမျိုးအစားတွေကို ရှုစားရမှာပါ။ တိုင်းရင်းသားအသီးသီးရဲ့သီချင်းတွေ၊ ရိုးရာဝတ်စုံ၊ တူရိယာတွေနဲ့အတူ သူတို့ရဲ့လူမှုဘဝနဲ့ ဓလေ့ထုံးတမ်းတွေကို ယနေ့လူငယ်လေးတွေ ဘယ်လိုဖော်ထုတ်ကြမလဲ၊ ဘယ်လိုထိန်းသိမ်းကြမလဲ တန်ဖိုးတွေကို တွေ့မြင်ရမှာပါ။ လူသားကိုယ်တိုင်မဟုတ်၊ ရုပ်သေးမှတစ်ဆင့် ဇာတ်ကောင်ရဲ့ခံစားချက်နဲ့ လှုပ်ရှားမှုကိုပေါ်လွင်အောင် ပြသကြရင်းဖြင့် ရုပ်သေးကြိုးဆွဲမှာလည်း ပါဝင်ယှဉ်ပြိုင်ကြပါဦးမယ်။

အရေးပြိုင်ပွဲမှာလည်း သူတို့ပါဝင်ကြပါတယ်။ မြန်မာစာကို ရေးသားနိုင်စွမ်းနဲ့ စာပေအနုပညာကို ဖန်တီးဖော်ထုတ်ကြမယ်။ မိမိရဲ့ ကိုယ်ပိုင်အတွေးအမြင်နဲ့ အယူအဆ၊ အကြောင်းအကျိုးနဲ့ ဆက်စပ်သုံးသပ်ချက်ကို ဖော်ထုတ်တတ်စေတဲ့ အခွင့်အလမ်းတစ်ခုလို့ မြင်ကြည့်နိုင်ပါတယ်။

ဘယ်လိုပဲဖြစ်စေ၊ အားလုံးသော ပြိုင်ပွဲဝင်အမျိုးအစား ဘာသာရပ်တိုင်းမှာ လူငယ်တွေပါဝင်နေတာကိုမြင်တွေ့ရမှာပါ။ လူငယ်တွေအနေနဲ့ အဆင့်မြင့်ပညာအဆင့်၊ ဝါသနာရှင်အဆင့် အနုပညာရှင်တွေရဲ့ လက်ရာများစွာကို လေ့လာခွင့်ရနေကြပါပြီ။ လူကြီးတွေအတွက်လည်း လက်ဆင့်ကမ်းရာရောက်သလို လူငယ်တွေအနေနဲ့လည်း ဆက်ခံရာရောက်ပြီးဖြစ်နေပါပြီ။ အမွေကောင်းတွေကို အတူတကွထိန်းသိမ်းကြရင်း တာဝန်ရှိမှုကို ပြသနေကြပါပြီ။

ဒီလို တန်ဖိုးထား ထိန်းသိမ်းစောင့်ရှောက်နေခြင်းအကြောင်းတစ်ခုက နိုင်ငံသားတွေရဲ့ စိတ်အခြေခံကောင်းတွေကို တည်ဆောက်ခြင်းတွေ ပါဝင်နေလို့ဖြစ်ပါတယ်။ အရိုင်းမှသည် အယဉ်၊ စိတ်ထားနူးညံ့မှုဆီ အနုပညာက များစွာကူညီပေးနိုင်လို့ပါပဲ။ Global အကြောင်းပြ၊ အဓိပ္ပာယ်မဲ့မှုတွေမှာ အလွယ်တကူ မျောပါနေခြင်းကိုလည်း တားဆီးရာရောက်လို့ပါပဲ။ ရိုးရာမပျက် တီထွင်ဆန်းသစ်မှုနဲ့ရောစပ်ထားတဲ့ ခေတ်မီတဲ့ယဉ်ကျေးမှုကိုအားပေးပေမယ့် တစ်ဖက်က အမျိုးသားရေးစရိုက်မပျောက်အောင်တော့ သတိထားရပါမယ်။

ယဉ်ကျေးမှုကဏ္ဍမှာ အခြေခံပညာအဆင့် လူငယ်လေးတွေ ယခုလို ပါဝင်လာခြင်းဖြင့် ပညာရေးနဲ့ အနုပညာအခြေခံဝန်းကျင်ကောင်းကို ဖန်တီးပေးရာရောက်တယ်လို့ ယူဆပါတယ်။ အကောင်းဘက်ရှေးရှုသော အခွင့်အလမ်းအဖြစ် အမိအရဆုပ်ကိုင်နိုင်ဖို့သာ အရေးကြီးပါတယ်။ သို့မှသာ ပညာကိုအခြေခံတဲ့ ပညာပေးရာရောက်ပါမယ်။ အနုပညာချစ်စိတ်နဲ့အတူ တန်ဖိုးထားအပ်တာကို တန်ဖိုးထားတတ်အောင် လေ့ကျင့်မွေးမြူခြင်းကပဲ ယနေ့လူငယ်တွေကို ပတ်ဝန်းကျင်နဲ့ သဟဇာတဖြစ်စေပါတယ်။

ဒါကြောင့် နိုင်ငံသားတိုင်းက ယဉ်ကျေးမှုအသိနဲ့ ပူးပေါင်းပါဝင်ကူညီကြပြီး မိမိတို့ရဲ့ကိုယ်ပိုင်မူဟန်များကို မြင့်သထက်မြင့်အောင် စိုက်ထူနိုင်အောင် ကြိုးစားကြရမှာဖြစ်ပါတယ်။ ။

# ညောင်တုန်းကျွန်းတာ မြစ်ကမ်းပါး ရေတိုက်စားမှုကြောင့် မြေအိပ်ကျမှု ဖြစ်ပွားခဲ့သည့်နေရာ၌ ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်



**ပုသိမ် စက်တင်ဘာ ၁၆**

ဧရာဝတီ တိုင်းဒေသကြီး မအူပင်ခရိုင် ညောင်တုန်းမြို့နယ် ချောင်းကြီး ကျေးရွာအုပ်စု ချောင်းဖျားကျေးရွာရှိညောင်တုန်း ကျွန်းတာ (ဧရာဝတီမြစ်ခွဲ)၌ ဧရာဝတီမြစ်ရေ တိုက်စားမှုကြောင့် ဆည်မြောင်းတာအိပ်ကျမှု ဖြစ်ပွားခဲ့သည့် နေရာများတွင် ကမ်းပြိုကာကွယ်ရေး လုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

အဆိုပါလုပ်ငန်းများဆောင်ရွက်နေမှုကို ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအေးကျော်သည် တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းက သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစဉ် တာ၏ကြံ့ခိုင်မှုနှင့် လုံခြုံစိတ်ချရမှု ရှိစေရေး အထူးဂရုပြုဆောင်ရွက်ရန်၊ ရေစီးကြောင်းအခြေအနေ၊ ရေစီးနှုန်းနှင့် ကမ်းပါးအခြေအနေကို အမြဲမပြတ်စောင့်ကြည့်စစ်ဆေးပြီး လိုအပ်သည့် နေရာများတွင် အချိန်မီ ကြိုတင်ပြင်ဆင်ကာကွယ်ဆောင်ရွက်ရန် မှာကြားသည်။

အဆိုပါ မြစ်ကမ်းရေတိုက်စားသည့်နေရာများတွင်ယာယီပန်းတာ တည်ဆောက်ခြင်း စုစုပေါင်း အလျား ပေ ၂၄၅၀၊ သဲအိတ်ဖြင့် တာခြေထောက်ခြင်း အလျား ပေ ၅၉၀၀၊ တုတ်တန်းရိုက်သဲအိတ်ဖြည့်ခြင်း အလျား ပေ ၁၂၀၀၊ တုတ်တန်းအား slope တာခြေထောက်ခြင်း ပေ ၁၂၀၀၊ Geotextile အုပ်ခြင်း ပေ ၁၆၀၀၊ ရေလမ်းသောင်တူးခြင်းလုပ်ငန်း ၉၃၂၀ ကုဗမီတာ၊ Floating Structure တည်ဆောက်ခြင်း လုပ်ငန်း (ဝါးကိုင်းထည့်ခြင်း) ပေ ၁၀၀၀၊ Steel Cable Groyne (သံမဏိကြိုးအသုံးပြု ရေစီးထိန်းလုပ်ငန်း) အလျား ပေ (၁၀၀) ၁၀ ချောင်းဖြင့် ဆောင်ရွက်ခြင်း၊ မြစ်ကမ်းထိန်းလုပ်ငန်းဖြစ်သည့် Porcupine (ရေစီးနှုန်းလျော့ကျစေပြီး ရေထဲတွင် ပါလာသောနုန်းမြေ (Sediment) များ စုပုံလာအောင် ပြုလုပ်သည့်လုပ်ငန်း) ချထားခြင်း ၇၃၈ ခု ဆောင်ရွက်ပြီးစီးခဲ့ပြီး မြစ်ကမ်းထိန်းသိမ်းခြင်း လုပ်ငန်းများကို စက်အင်အား၊ လူအင်အား အသုံးပြု၍ ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

**ကြည့်ရှုစစ်ဆေး**

ထိုမှတစ်ဆင့် ညောင်တုန်းမြို့နယ် ပဲရုံဆိပ်ကျေးရွာရှိ ထိပ်တန်းနို့နှင့် နို့ထွက်ပစ္စည်း ထုတ်လုပ်ခြင်း လုပ်ငန်းနှင့် ကျောင်းကုန်းမြို့နယ် ကံကလေး ကျေးရွာရှိ ဦးဟိန်းဇာနည်အောင်၏ ဥစားကြက်ခြံတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍အားကစားရေးရာ ဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများနှင့်အတူ ဧရာဝတီတိုင်းဒေသကြီး (ပုသိမ်ဖုန်)၌ ၂၀၂၄ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ်အသက်(၁၈)နှစ်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲ အုပ်စု(ဃ) ဧရာဝတီတိုင်းဒေသကြီးအသင်းနှင့် မွန်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားမှုကို သွားရောက် ကြည့်ရှုအားပေးပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က အနိုင်ရရှိခဲ့သည့် ဧရာဝတီတိုင်းဒေသကြီးအသင်းအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

ထို့အတူ ပုသိမ်မြို့ ပန်းတင်ကုန်း ဘူတာဘောလုံးကွင်း၌ ကျင်းပသည့် ဘောလုံးကွင်းဖွင့်ဖလားပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲသို့ တက်ရောက်ပြီး ဗိုလ်လုပွဲအဖြစ် CALLOUS FC အသင်းနှင့် SILENT STRICKER FC အသင်းတို့ယှဉ်ပြိုင်ကစားမှုကိုကြည့်ရှုအားပေးသည်။

ဆက်လက်၍ ဆုချီးမြှင့်ပွဲကို ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့က ပြိုင်ပွဲဝင်အသင်းများ၊ အကောင်းဆုံးအားကစားသမားဆုရရှိသူများ၊ ဆုရရှိသည့်အသင်းများအား တစ်ဦးချင်းဆုတံဆိပ်များ၊ ဆုဖလားနှင့် ငွေသားဆုတို့ကို ပေးအပ်ခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



(၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၁၅ ရက်တွင် တိုက်ကြီးမြို့နယ် ဗောဓိကုန်းရပ်ကွက် ကိုးနဝင်းဘုန်းတော်ကြီးကျောင်း၌ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး နေအောင်လွင် ဦးဆောင်သော အင်အား ၈၅ ဦးတို့ စုပေါင်းသန့်ရှင်းရေးပြုလုပ်စဉ်။ မြို့နယ်(ပြန်/ဆက်)



# ပေါင်းတည်မြို့နယ်၌ မိုးစပါးစံကွက်ရိတ်သိမ်း တစ်ဧက တင်း ၁၀၀ ကျော် ထွက်ရှိ

**ပေါင်းတည် စက်တင်ဘာ ၁၆**

ပဲခူးတိုင်းဒေသကြီး ပေါင်းတည်မြို့နယ်တွင် ယနေ့နံနက်ပိုင်းက ဘိုးသာအောင်ကုန်းကျေးရွာအုပ်စု ဘိုးသာအောင်ကုန်းကျေးရွာရှိ တောင်သူ ဦးကျော်စိုး၏ လယ်မြေ ၁၀ ဧက၌ မော်ဘီ(၃) မိုးစပါး စံကွက်ရိတ်သိမ်းပွဲ ပြုလုပ်သည်။

စံကွက်ရိတ်သိမ်းပွဲသို့ ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူး၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအာကာစိုး၊ မြို့နယ်မြေစာရင်းဦးစီးမှူးနှင့် ဝန်ထမ်းများ၊ စိုက်ပျိုးရေးဦးစီးမှူးနှင့်ဝန်ထမ်းများ၊ မြို့နယ်စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ညှိနှိုင်းကြီးကြပ်မှုကော်မတီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများနှင့် ဒေသခံတောင်သူများ တက်ရောက်ကြပြီး စံကွက်ရိတ်သိမ်းကြရာ တစ်ဧကလျှင် စပါးအစို ၁၁၁ ဒသမ ၃၂ တင်း ထွက်ရှိကြောင်း သိရသည်။

**ရွှေသား(IPRD)**

# ညောင်တုန်းကျွန်းတာ (ဧရာဝတီမြစ်ခွဲ) တာကိုယ်ထည်တိုက်စားခံရမှုနှင့် ဝေနမြစ်ရေကာတာ၏ အောက်ခံမြစ်ကျိုးအင်းသဲကြောမှ ထူးပေါက်၍ ရေဖြတ်သန်းစီးဆင်းမှုကြောင့် ဧရာဝတီတိုင်းဒေသကြီးရှိ မြို့နယ်ခြောက်မြို့နယ်၌ ရေဝင်ရောက်ခဲ့ခြင်းများအား တားဆီးကာကွယ်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် စက်တင်ဘာ ၁၆**



ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် ဂန်ချောင်းကျေးရွာအနီး ညောင်တုန်းကျွန်းတာ (ဧရာဝတီမြစ်ခွဲ) တာမိုင် ၁၁/၆ နှင့် ၁၁/၇ ကြားနေရာ၌ မြစ်ကမ်းရေတိုက်စားမှုကြောင့် ညောင်တုန်းကျွန်းတာ (ဧရာဝတီမြစ်ခွဲ)တွင် ဩဂုတ် ၂၅ ရက် နံနက်ပိုင်းမှစ၍ အလျား ပေ ၃၀၀၊ အနံ ၄၅ ပေခန့် တာကိုယ်ထည်တိုက်စားကာ ဆည်မြောင်းတာအိပ်ကျမှုဖြစ်ပွားခဲ့သည်။

ထိုသို့ တာကိုယ်ထည်တိုက်စားခံရမှုအပေါ် ယာယီကာကွယ်နိုင်ရန်အတွက် တာကိုယ်ထည်တိုက်စားမှုဖြစ်ပေါ်ခဲ့သည့်နေရာအား ရေလမ်းသောင်တူးလုပ်ငန်းဆောင်ရွက်ခြင်း၊ Floating Structure တည်ဆောက်ခြင်း၊ တာမိုင် (၁၁/၆ + ၆၀၀') မှ (၁၁/၆ + ၆၅၀') အတွင်း Steel Cable Groyne (သံမဏိကြိုးအသုံးပြုရေစီးထိန်းလုပ်ငန်း) ဆောင်ရွက်ခြင်း၊ မြစ်ကမ်းထိန်းလုပ်ငန်းဖြစ်သည့် porcupine ချထားခြင်းလုပ်ငန်းများကို နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ လူမှုရေး အသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ ပူးပေါင်း၍ လူအင်အား၊ စက်ယန္တရားများဖြင့် အင်တိုက်အားတိုက် အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

အလားတူ ဧရာဝတီတိုင်းဒေသကြီးလေးမျက်နှာမြို့နယ်အတွင်း ဇူလိုင် ၃၀ ရက် ညပိုင်းတွင် မိုးသည်းထန်စွာရွာသွန်းမှုနှင့် မြစ်ရေတိုက်စားမှုများကြောင့် ဝေနမြစ်ရေကာတာ၏ အောက်ခံမြစ်ကျိုးအင်းသဲကြောမှ ထူးပေါက်၍ ရပ်ကွက်/ကျေးရွာများအတွင်း ရေဖြတ်သန်းစီးဆင်းဝင်ရောက်မှု ဖြစ်ပွားခဲ့သည်။

အဆိုပါ ရေဝင်ရောက်မှုကြောင့် ယနေ့အထိ လေးမျက်နှာမြို့ပေါ်ရပ်ကွက် ငါးခုနှင့် ကျေးရွာအချို့အပြင် ဟင်္သာတ၊ ရေကြည်၊ ငသိုင်းချောင်း၊ ကျုံပျော်နှင့် ကျောင်းကုန်းမြို့နယ်တို့ရှိ ရပ်ကွက် ၁၄ ခုနှင့် ကျေးရွာအချို့တို့တွင် ရေကြီးရေလျှံမှုများ ဖြစ်ပွားခဲ့သည်။

အဆိုပါ ဝေနပန်းတာရေဝင်ရောက်မှုကိုထိန်းချုပ်ကာကွယ်နိုင်ရန်အတွက် နည်းပညာများ အသုံးပြု၍ Geobags သဲအိတ်ကြီးများ ချခြင်း၊ မျောတုတ်တန်းများအတွင်း သဲအိတ်များ ဖြည့်၍ကာကွယ်ခြင်းနှင့် Steel Sheet Pile ရိုက်သွင်းခြင်း စသည့် ဝေနပန်းတာတမံနိမ့်ကျနေရာများ ပြန်လည်ခိုင်မာရေးလုပ်ငန်းများကို လူအင်အား၊ စက်ယန္တရားများ အသုံးပြု၍ အင်တိုက်အားတိုက် အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ရေပြန်လည်ကျဆင်းသွားခဲ့သည့် မြို့၊ ရွာ၊ ရပ်ကွက်များရှိ ဘုန်းတော်ကြီးကျောင်းများ၊ စာသင်ကျောင်းများ၊ ဆေးရုံ၊ ဆေးခန်းများ၊ လမ်းတံတားများတွင် တင်ကျန်ခဲ့သည့်နုန်းများ၊ အမှိုက်များအား နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအဖွဲ့များ၊ ပရဟိတအသင်းအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားများ ပူးပေါင်း၍ ဖယ်ရှားရှင်းလင်းခြင်း၊ ရေဘေးကယ်ဆယ်ရေးစခန်းများရှိ ရေဘေးသင့်ပြည်သူများအား ထမင်းဘူးများ၊ စားသောက်ဖွယ်ရာများ လိုက်လံပို့ဆောင်ပေးခြင်း၊ အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးခြင်းနှင့်ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# အိုဇုန်းလွှာထိန်းသိမ်းကာကွယ်ခြင်းနှင့် ရာသီဥတုပြောင်းလဲမှုလျှော့ချခြင်းလုပ်ငန်းစဉ်များကို အားလုံးပူးပေါင်းပါဝင်ဆောင်ရွက်ရန် ကရင်ပြည်နယ်ဝန်ကြီးချုပ် ပြောကြား



**ဘားအံ စက်တင်ဘာ ၁၆**

အိုဇုန်းလွှာ ထိန်းသိမ်းကာကွယ်ခြင်းနှင့် ရာသီဥတုပြောင်းလဲမှု လျှော့ချခြင်း လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အစိုးရအဖွဲ့အစည်းများ၊ ဌာနဆိုင်ရာများ၊ ပုဂ္ဂလိကအဖွဲ့အစည်းများ၊ အအေးပေးနည်းပညာနှင့် ဆက်စပ်လုပ်ကိုင်နေကြသည့် အင်ဂျင်နီယာများ၊ နည်းပညာရှင်များနှင့် စီးပွားရေးလုပ်ငန်းရှင်များ၊ လူငယ်မောင်မယ်များ အားလုံးပူးပေါင်းပါဝင် ဆောင်ရွက်ပေးကြရန် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက ယနေ့နံနက် ၉ နာရီတွင် ဘားအံမြို့ ဖွဲ့ကပင်ခန်းမ၌ ကျင်းပသည့် ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနားတွင် ပြောကြားသည်။

အဆိုပါ အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ်နှင့် ဇနီး၊ ပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ်၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး၊ ပြည်နယ်ဝန်ကြီးများက ကမ္ဘာ့အိုဇုန်းလွှာ ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အလွတ်တန်းဆောင်းပါးပြိုင်ပွဲ၊ အဆင့်မြင့်ပညာအဆင့် စာစီစာကုံးပြိုင်ပွဲ၊ အခြေခံပညာ အထက်တန်း၊ အလယ်တန်း၊ မူလတန်းအဆင့် စာစီစာကုံးပြိုင်ပွဲ၊ ပန်းချီပြိုင်ပွဲတို့တွင် ဆုရရှိကြသူများနှင့် ကမ္ဘာ့အိုဇုန်းလွှာ ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အခမ်းအနား ဖြစ်မြောက်ရေးအတွက် ဝိုင်းဝန်းကူညီပေးသူများအား ဂုဏ်ပြုဆုများ ပေးအပ်ကြသည်။

ဆက်လက်၍ ဆုရစာစီစာကုံးနှင့် ပန်းချီလက်ရာများ၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေး ဦးစီးဌာန၏ ရေထု၊ လေထု၊ မြေထုတိုင်းကိရိယာများ၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ စာအုပ်၊ စာစောင်များ၊ လုပ်ငန်း မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုအားပေးကြသည်။

အခမ်းအနား အပြီးတွင် ပြည်နယ်ဝန်ကြီးချုပ်သည် ဘားအံမြို့နယ် ထုံးအိုင်ကျေးရွာ ရွာလယ်ကျောင်းတိုက်၌ ပြည်နယ်အလုပ်သမားညွှန်ကြားရေး ဦးစီးဌာန ကျွမ်းကျင်မှု လေ့ကျင့်သင်တန်းကျောင်း(ဘားအံ)မှ ဖွင့်လှစ်ခဲ့သည့် ဂဟေသင်တန်းဆင်းပွဲသို့ တက်ရောက် အမှာစကား ပြောကြားပြီး ပြည်နယ်လူမှုရေးရာဝန်ကြီးနှင့်အတူ သင်တန်းထူးချွန်ဆုရရှိကြသူများအား ဆုများနှင့် သင်တန်းသားများအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်ကြသည်။

ယနေ့ သင်တန်းဆင်းပွဲတွင် ပြည်နယ်အစိုးရအဖွဲ့က ကျေးရွာစာသင်ကျောင်းသို့ ပေးအပ်လှူဒါန်းရန် ကျောင်းသုံးစာသင်ခုံတန်းရှည် အလုံး ၁၀၀၊ ကျောင်းသုံးစာသင်စားပွဲအလုံး ၃၀၀၊ စိုက်ပျိုးရေးနှင့် မွေးမြူရေး သိပ္ပံကျောင်းသို့ ပေးအပ်ရန် တစ်ယောက်အိပ် ခုတင်အလုံး ၅၀ တို့ကို ပြုလုပ်ပေးရန် သင်တန်းဆင်းလူငယ်များထံ လုပ်ငန်းအပ်နှံခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**



## မြိတ်မြို့၌ ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနား ကျင်းပ

မြိတ် စက်တင်ဘာ ၁၆

၂၀၂၆ ခုနှစ် ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ မြင်းမိုရ်ကိုယ်ပိုင် အထက်တန်းကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် မြိတ်ခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးကြည်လွင်က အမှာစကား ပြောကြားသည်။ ထို့နောက် ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်၏ သဝဏ်လွှာဗီဒီယို၊ ကုလသမဂ္ဂပတ်ဝန်းကျင်အစီအစဉ် (UNEP)၏ ပညာပေးဗီဒီယို၊ ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အသိပညာပေး ဗီဒီယိုတို့ကို ပြသသည်။

ဆက်လက်၍ မြိတ်ခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်အိသန္တာက အိုဇုန်းလွှာထိခိုက်ပျက်စီးခြင်း၏ အကျိုးသက်ရောက်မှုများ၊ အိုဇုန်းလွှာထိန်းသိမ်းကာကွယ်ရန် နည်းလမ်းများကို အသိပညာပေးပြောကြားသည်။

ထို့နောက် ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အထက်တန်းနှင့် အလယ်တန်းအဆင့် စာစီစာကုံးနှင့် ပန်းချီပြိုင်ပွဲများတွင် ဆုရရှိသော ကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

ခိုင်ထူး(ပြန်/ဆက်)

## မြဝတီမြို့၌ ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အခမ်းအနားကျင်းပ

**မြဝတီ စက်တင်ဘာ ၁၆**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပတ်ဝန်းကျင် ထိန်းသိမ်းရေး ဦးစီးဌာန၏ ၂၀၂၆ ခုနှစ် စက်တင်ဘာ ၁၆ ရက်တွင်ကျရောက်သော "ကမ္ဘာ့အိုဇုန်းလွှာ ထိန်းသိမ်းရေးနေ့" အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက်ပိုင်းက မြဝတီမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပ သည်။



ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးဇော်မော်အောင်က အမှာစကား ပြောကြားသည်။

ဆက်လက်ပြီး ကမ္ဘာ့အိုဇုန်းလွှာ ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အထက်တန်း၊ အလယ်တန်း အဆင့် စာစီစာကုံးပြိုင်ပွဲနှင့် ပန်းချီပြိုင်ပွဲ၊ မူလတန်းအဆင့် ပန်းချီပြိုင်ပွဲတို့တွင် ဆုရရှိသော ကျောင်းသား ကျောင်းသူများအား မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၊ ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူး ဦးရန်နိုင်ထွန်း၊ ခရိုင်ပညာရေးမှူး ဦးစောဝါးလယ်ထူး၊ မြို့နယ်ပညာရေးမှူး ဦးမိုးကျော်နှင့် ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ဆောင်းနှင်းဖြူ(ပြန်/ဆက်)**



## ရေကြည်မြို့နယ်၌ သမဝါယမအသင်းစုလီမိတက် အမှုဆောင်သစ် ရွေးချယ်

ရေကြည် စက်တင်ဘာ ၁၆

ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ် သမဝါယမအသင်းစုလီမိတက်၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးနှင့် အမှုဆောင်သစ်ရွေးချယ်တင်မြှောက်ပွဲကို ယနေ့နံနက်ပိုင်းက ရေကြည်မြို့နယ်သမဝါယမဦးစီးဌာန၌ ကျင်းပသည်။

ဦးစွာ အခမ်းအနားတွင် သဘာပတိကအမှာစကားပြောကြားပြီး မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသန်းဇော်လင်းနှင့် မြို့နယ်သမဝါယမဦးစီးအရာရှိဒေါ်ကေသွယ်ဝင်းတို့က အမှာစကား ပြောကြားကြသည်။ ထို့နောက် အသင်းအမှုဆောင်များက အစီရင်ခံစာများ၊ ဘဏ္ဍာရေးရှင်းတမ်းများ ဖတ်ကြားရှင်းလင်း၍ အသင်းဝင်ကိုယ်စားလှယ်များ၏ အတည်ပြုချက်ကို ရယူခဲ့သည်။

ယင်းနောက် အမှုဆောင်သစ်များ ပြန်လည်ရွေးချယ်ခြင်း၊ တာဝန်ခွဲဝေသတ်မှတ်ခြင်း၊ ကတိသစ္စာခံယူခြင်းတို့ကို ပြုလုပ်ခဲ့ကြောင်း သိရသည်။

အောင်သူဟန်(ပြန်/ဆက်)

## ပြင်ဦးလွင်မြို့၌ ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနား ကျင်းပ

ပြင်ဦးလွင် စက်တင်ဘာ ၁၆

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာနကကြီးမှူး၍ ၂၀၂၆ ခုနှစ် ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ပြင်ဦးလွင်မြို့ အထက(၂)ခန်းမ၌ ကျင်းပသည်။

### ဆုများပေးအပ်ချီးမြှင့်

အခမ်းအနားတွင်ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အထက်တန်းနှင့် အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသော ကျောင်းသား ကျောင်းသူများအား ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးရဲထူး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်၊ ခရိုင်ပညာရေးမှူးနှင့် ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌတို့က ဆုများပေးအပ်ချီးမြှင့်သည်။

ထို့နောက် ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးက ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ဘာသာရပ်ဆရာများ လက်စွဲစာအုပ်များကို အထက (၂) ကျောင်းအုပ်ဆရာမကြီးထံ ပေးအပ်ခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# စက်သုံးဆီအရောင်းဆိုင်များ၌ QR Code/ Barcode ဖြင့် Scan ဖတ်ရောင်းချရာတွင် သတ်မှတ်ညွှန်ကြားချက်များနှင့်အညီ ရောင်းချမှုမရှိသည့် အရောင်းဆိုင်များအား စိစစ်အရေးယူ

**နေပြည်တော် စက်တင်ဘာ ၁၆**

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနသည် စက်သုံးဆီအရောင်းဆိုင်များတွင် ယာဉ်များ၏ QR Code/ Barcode ကို Scan ဖတ်၍ ရောင်းချရသည့်ပမာဏကို အခြေခံ၍ စက်သုံးဆီ ဝယ်ယူခွင့်(PO)များ ခွဲဝေပေးခြင်း၊ ထပ်မံလိုအပ်လာပါကလည်း စိစစ်ခွင့်ပြုပေးခြင်းနှင့် ယင်းသို့ရောင်းချနေမှုအခြေအနေများကို Online Monitoring Center မှစောင့်ကြည့်စစ်ဆေးခြင်းများကို ဆောင်ရွက်လျက်ရှိသည်။



စက်သုံးဆီအရောင်းဆိုင်များတွင် QR Code/ Barcode ဖြင့် Scan ဖတ် ရောင်းချနေမှုများကို Online Monitoring Center မှ စောင့်ကြည့်စစ်ဆေးနေစဉ်။

QR Code/ Barcode ဖြင့် Scan ဖတ်ရောင်းချမှုများကို မှန်ကန်မှုရှိစေရေးအတွက် စက်သုံးဆီ အရောင်းဆိုင်များသို့ အမှန်တကယ် လာရောက်ဝယ်ယူသည့် ယာဉ်များကိုသာ Scan ဖတ်ရောင်းချရန်နှင့် မသမာသောနည်းလမ်းဖြင့် QR Code/ Barcode ရောင်းအားမြင့်တက်စေရန် ဆောင်ရွက်နေကြောင်း စိစစ်တွေ့ရှိရပါက ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာ ဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်းကို သက်ဆိုင်ရာ အရောင်းဆိုင်၊ လုပ်ငန်းရှင်နှင့် ကုမ္ပဏီများသို့ ကြိုတင်အသိပေးအကြောင်းကြားထားရှိပြီးဖြစ်သည်။

သို့သော် အချို့သောအရောင်းဆိုင်များသည် မူရင်း QR Scan ဖတ်ခြင်းမပြုလုပ်ဘဲ ယာဉ်နံပါတ်များအား ရိုက်ထည့်၍ စက်သုံးဆီဝယ်ယူခွင့်(PO) ပိုမိုရရှိစေရေး ဆောင်ရွက်နေကြောင်း Control Centre မှ စစ်ဆေးတွေ့ရှိရသဖြင့် ပြစ်မှုကျူးလွန်သည့် အရောင်းဆိုင် ၂၀ အား စက်သုံးဆီ ဝယ်ယူခွင့် (PO) ပမာဏလျှော့ချခြင်း၊ ဒဏ်ကြေးငွေတပ်ရိုက်ခြင်း၊ ပြင်းထန်စွာ သတိပေးခြင်းတို့ ဆောင်ရွက်ခဲ့သည်။

စက်သုံးဆီဖြန့်ဖြူးရောင်းချမှု စနစ်တကျဖြစ်စေရေးအတွက် နည်းပညာဖြင့် ထိန်းချုပ်နေခြင်းဖြစ်ရာ ဌာနအနေဖြင့် Control Centre မှစောင့်ကြည့်စစ်ဆေးနေသကဲ့သို့ နည်းပညာအဆင့်မြှင့်တင်ခြင်းကိုလည်း စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိသည်။

အလားတူ ဖြစ်စဉ်မျိုး ထပ်မံတွေ့ရှိလာပါက စက်သုံးဆီ အရောင်းဆိုင်အား အမြဲတမ်းပိတ်သိမ်းပြီး ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်သောကြောင့် လုပ်ငန်းရှင်များအနေဖြင့် မိမိတို့၏အရောင်းဆိုင်များအား စိစစ်ကြပ်မတ်ဆောင်ရွက်ကြရန် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ သတိပေးထားကြောင်း သိရသည်။

**သတင်းစဉ်**

# သာယာဝတီမြို့နယ်၌ ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့အခမ်းအနားကျင်းပ

**သာယာဝတီ စက်တင်ဘာ ၁၆**



ပဲခူးတိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ၂၀၂၆ ခုနှစ် "ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့" အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက် ၉ နာရီက အထက(၁)သာယာဝတီ ပညာ့အားမာန်ခန်းမ၌ ကျင်းပသည်။

ဦးစွာ သာယာဝတီခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးတင်ကျော်ဝင်းက အမှာစကားပြောကြားပြီး ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်( World Ozone Day) အသိပညာပေး ဗီဒီယိုကိုပြသသည်။

ယင်းနောက် စာစီစာကုံးပြိုင်ပွဲဆုရရှိသည့် ကျောင်းသားကျောင်းသူများအား ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်ခဲ့သည်။

**ခရိုင်(ပြန်/ဆက်)**

# မိတ္ထီလာမြို့၌ ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အခမ်းအနားကျင်းပ

**မိတ္ထီလာ စက်တင်ဘာ ၁၆**

မိတ္ထီလာမြို့၌ ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့အခမ်းအနားကို ယနေ့ နံနက်ပိုင်းက ကန်တော်မင်္ဂလာခန်းမ၌ ကျင်းပရာ ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌက အမှာစကားပြောကြားသည်။

ထို့နောက် ၂၀၂၆ ခုနှစ် ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့အခမ်းအနားသို့ Antonio Guterres ၏ Video Message၊ UNEP Executive Director Mr. Inger Andersen ၏ Video Message ၊ ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အသိပညာပေးဗီဒီယိုကလစ်နှင့်အယ်လ်နီညိုဖြစ်စဉ်များနှင့် ပတ်သက်သည့် ဗီဒီယိုကလစ်များကို ပြသသည်။ ဆက်လက်၍ ၂၀၂၆ ခုနှစ် ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့နှင့် စပ်လျဉ်းသည့် ခေါင်းစဉ်ဖြင့် ကျင်းပခဲ့သည့် အထက်တန်းအဆင့်နှင့်အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲများတွင် မိတ္ထီလာခရိုင်နှင့် ရမည်းသင်းခရိုင်တို့မှ ဆုရရှိကြသည့် ကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူများက ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။



**ချမ်းသာ ( မိတ္ထီလာ)**

# မြောက်ဥက္ကလာပမြို့နယ်၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး ဟောပြော

**ရန်ကုန် စက်တင်ဘာ ၁၆**

ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ်တွင် အမှတ်(၃၅) ယာဉ်ထိန်းတပ်ဖွဲ့စုမှ ကျောင်းသား ကျောင်းသူများ ယာဉ်အန္တရာယ် ကင်းဝေးစေရေး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောခြင်းကို ယနေ့ နံနက်ပိုင်းက အမှတ်(၆)အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်း မြတ်လေးဆောင်၌ ပြုလုပ်သည်။



ဦးစွာ အမှတ်(၃၅) ယာဉ်ထိန်းတပ်ဖွဲ့စုမှ မြို့နယ်တပ်စုမှူး ဒုတိယရဲမှူးက လမ်းဖြတ်ကူးရာတွင် လိုက်နာရမည့် စည်းကမ်းများ၊ ခြေကျင် လမ်းလျှောက်သူများ လိုက်နာရမည့် စည်းကမ်းများ ၊ လက်အချက်ပြ သင်္ကေတများ၊ အုပ်စုလိုက် အစုအဝေးဖြင့် လမ်းလျှောက်သူများ လိုက်နာရမည့် စည်းကမ်းများ၊ အနေးယာဉ်စီးနင်းသူများ လိုက်နာရမည့် စည်းကမ်းများကို အသိပညာပေး ဟောပြောခဲ့ပြီး အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သိရသည်။

**သက်လွင်စိုး(ပြန်/ဆက်)**



(၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အမြန်လမ်းမကြီးရဲတပ်ဖွဲ့ ဘုရားတောင်အမြန်လမ်းမကြီးရဲစခန်းမှ စခန်းမှူးရဲအုပ်စိုးနိုင်ထွန်း ဦးစီး တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များက စက်တင်ဘာ ၁၃ ရက်က နေပြည်တော် ဥတ္တရသီရိမြို့နယ် ဘုရားတောင်ကျေးရွာ ရွှေလရောင်ဘုန်းတော်ကြီးကျောင်းတိုက်ဝင်းအတွင်း သန့်ရှင်းရေးဆောင်ရွက်စဉ်။ ကိုရဲ



(၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကိုကြိုဆိုဂုဏ်ပြုသောအားဖြင့် အမှတ်(၁၄)လုံခြုံရေးရဲတပ်ဖွဲ့ခွဲ နောက်တန်းဌာနချုပ်မှ ရဲမှူးသိန်းဇော် အနီးကပ်ကြီးကြပ်ကွပ်ကဲ၍ လုံခြုံရေးရဲတပ်ဖွဲ့ဝင်များ စက်တင်ဘာ ၁၃ ရက်က ပလိပ်တိုက်နယ်ဆေးရုံရှေ့ လမ်းဘေးဝဲ၊ ယာဆေးရုံဝင်းအတွင်း စုပေါင်းသန့်ရှင်းရေးဆောင်ရွက်စဉ်။

မြို့နယ်(ပြန်/ဆက်)



(၆၂)နှစ် မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၁၆ ရက်က ပဲခူးတိုင်းဒေသကြီး မင်းလှမြို့နယ် ငွေးတောက်ကုန်းကျေးရွာ နန္ဒင်းဘုရား၌ ခေတ္တမြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးဇော်ထက် ဦးစီး၍ မြို့မရဲစခန်းမှူး ဒုရဲမှူး ဇော်မင်းနိုင်နှင့် ရဲတပ်ဖွဲ့ဝင်များက စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်စဉ်။

ပေါက်စ(မင်းလှ)



(၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၁၅ ရက်က ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥတ္တရသီရိမြို့နယ်ရှိ ခုတင်(၅၀) ဆေးရုံဝင်းအတွင်း၌ ဥတ္တရခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးစံသူ ဦးဆောင်၍ ဥတ္တရသီရိမြို့နယ် ရဲတပ်ဖွဲ့မှူးနှင့် ဘုရားကုန်းမြို့မရဲစခန်းမှူးနှင့် တပ်ဖွဲ့ဝင် ၃၅ ဦးတို့က စုပေါင်းသန့်ရှင်းရေးဆောင်ရွက်စဉ်။

အောင်မျိုးဝင်း(ဥတ္တရ)



(၆၂) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အမြန်လမ်းမကြီးရဲတပ်ဖွဲ့ ဇီးပင်သာအမြန်လမ်းရဲစခန်းမှ စခန်းမှူး ရဲအုပ်မျိုးစည်သူ ဦးစီးသော ရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များက စက်တင်ဘာ ၁၀ ရက်တွင် ကန်ပေါက်ကြီးကျေးရွာ ဘုန်းတော်ကြီးကျောင်း ဆရာတော် ဦးပညာသာရအား အလှူတော်ငွေကျပ် နှစ်သိန်း၊ ဆွမ်းဆန်အိတ်နှင့် ဆီတို့ကို ဆက်ကပ်လှူဒါန်းခဲ့ပြီး ကျောင်းဝင်းအတွင်း စုပေါင်းသန့်ရှင်းရေးဆောင်ရွက်စဉ်။ ကိုလွင်

# နည်းပညာလှိုင်းလုံးများကြားက AI ခေတ်၏ ခရီးသွားလုပ်ငန်း

စည်သူကျော်

> **ခရီးသွားမည့်နေရာကို Search Engine ဖြင့်ရှာဖွေခြင်း၊ ဆိုရှယ်မီဒီယာမှ အခြားခရီးသွားများ၏ အတွေ့အကြုံများကို ကြည့်ရှုခြင်း၊ အွန်လိုင်းမှ လေယာဉ်နှင့် ဟိုတယ်ကြိုတင်မှာယူခြင်း၊ Digital Payment ဖြင့် ငွေပေးချေခြင်း၊ Mobile Map ဖြင့် လမ်းညွှန်ရှာဖွေခြင်း၊ AI Chatbot ဖြင့် ခရီးစဉ်ရေးဆွဲခြင်းတို့သည် ယနေ့ခေတ် ခရီးသွားအတွေ့အကြုံ၏ အစိတ်အပိုင်းများဖြစ်လာသည်။ ထို့ကြောင့် ယနေ့ခေတ်တွင် Digital Transformation သည် ခရီးသွားလုပ်ငန်း၏ လည်ပတ်ပုံကိုပြောင်းလဲနေပြီး AI သည် ခရီးသွားလုပ်ငန်း၏ အနာဂတ်ကို ပုံဖော်ဒီဇိုင်းဆွဲနေသော နည်းပညာတစ်ရပ်ဖြစ်လာ**

ယနေ့အချိန်အခါ၌ ခရီးသွားလုပ်ငန်းသည် ဖွံ့ဖြိုးတိုးတက်မှုမြန်ဆန်မြင့်မားလာသော လုပ်ငန်းကဏ္ဍတစ်ခုအဖြစ် ပီပီပြင်ပြင်ပေါ်ထွန်းလာနေပြီဖြစ်သည်ကို တွေ့ရှိရမည်ဖြစ်ပါသည်။

လူသားတို့သည် ရှေးယခင်ကာလကတည်းကပင် ကုန်သွယ်မှုနှင့် နယ်မြေသစ်ချဲ့ထွင်ရှာဖွေခြင်းတို့အတွက် ကုန်သွယ်ရေကြောင်းသွားလာခြင်း၊ ယာဉ်ရထားတို့ဖြင့် ဝေးကွာသော ခရီးရှည်များစွာကို လှည့်လည်သွားလာခြင်းများ ပြုလုပ်ဆောင်ရွက်ခဲ့ကြသည်။

ကမ္ဘာ့နိုင်ငံအသီးသီး၏ ယဉ်ကျေးမှုဓလေ့ထုံးစံများကို နီးနီးကပ်ကပ်နားလည်သဘောပေါက်စေနိုင်ခြင်း၊ ဒေသခံပြည်သူများအတွက် အလုပ်အကိုင်နှင့် ဝင်ငွေအခွင့်အလမ်းများကို တိုက်ရိုက်သာမက သွယ်ဝိုက်၍သော်လည်းကောင်း၊ တစ်ဆင့်ခံအားဖြင့်သော်လည်းကောင်း ဖန်တီးပေးနိုင်ခြင်း၊ ယဉ်ကျေးမှုအမွေအနှစ်၊ သဘာဝပတ်ဝန်းကျင်နှင့် သားငှက်တိရစ္ဆာန်ဂေဟစနစ်တို့ကို ထိန်းသိမ်းစောင့်ရှောက်ရာတွင် အထောက်အကူပြုခြင်းတို့သည် ခရီးသွားလုပ်ငန်းကို ကမ္ဘာလုံးဆိုင်ရာတိုးတက်မှုဖြစ်စဉ်၏ အဓိကကျသော အခန်းကဏ္ဍတွင် ပါဝင်စေလျက်ရှိပါသည်။

**ကမ္ဘာတစ်ဝန်း ခရီးသွားအရေအတွက် ၁ ဒသမ ၅ ဘီလီယံအထိ ရောက်ရှိ**

ကုလသမဂ္ဂခရီးသွားလုပ်ငန်းအဖွဲ့၏ ထုတ်ပြန်ချက် စာရင်းဇယားများအရ ၂၀၂၅ ခုနှစ်တွင် ကမ္ဘာတစ်ဝန်း ခရီးသွားအရေအတွက်သည် ၁ ဒသမ ၅ ဘီလီယံအထိရောက်ရှိလာခဲ့ပြီဖြစ်ကာ သယ်ယူပို့ဆောင်ရေး၊ အစားအစာနှင့်ထုတ်လုပ်မှုကဏ္ဍ၊ တည်းခိုနေထိုင်ရေးနှင့် ဖျော်ဖြေရေးအပါအဝင် အခြားသော ဆက်စပ်ကဏ္ဍများကိုပါ ကျွဲကူးရေပါဆိုသလို ဖွံ့ဖြိုးတိုးတက်လာစေခဲ့ပြီဖြစ်ပါသည်။

ခရီးသွားလုပ်ငန်းကြောင့် အခြေခံအဆောက်အအုံများနှင့် လူသားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်လာစေသကဲ့သို့ ကမ္ဘာတစ်ဝန်းရှိ လူသားများ၏ လူမှုဘဝ၊ ယဉ်ကျေးမှု၊ အသိပညာ၊ အမြင်နှင့်လူနေမှုပုံစံများကို ပြောင်းလဲတိုးတက်စေသည့် အရေးပါသောအင်အားတစ်ရပ်အဖြစ်လည်း ရှုမြင်လာကြပြီဖြစ်ပါသည်။ ထို့ကြောင့် ခရီးသွားလုပ်ငန်းသည် ပြည်သူလူထု၏ လူမှုစီးပွားဘဝများကို များစွာအထောက်အကူဖြစ်စေသောကြောင့် ကမ္ဘာ့နိုင်ငံအသီးသီးတို့သည် မိမိတို့နိုင်ငံ၏ ခရီးသွားလုပ်ငန်း စနစ်တကျရေရှည်ဖွံ့ဖြိုးတိုးတက်ရေးကို ကြိုးပမ်းဆောင်ရွက်လျက်ရှိနေကြပေသည်။

ယနေ့ခေတ်တွင် ခရီးသွားလုပ်ငန်းကို စနစ်တကျခွဲခြမ်းစိတ်ဖြာလေ့လာကြည့်မည်ဆိုပါက အပန်းဖြေအနားယူခြင်းသက်သက်သာမက လူသားတို့၏ စူးစမ်းရှာဖွေလေ့လာလိုမှု၊ ကြိုးပမ်းစွန့်စားလိုမှု၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးနှင့် အခြားသောလိုအင်ဆန္ဒများအပေါ် မူတည်ကာ ခရီးသွားလုပ်ငန်းအမျိုးအစားများသည် အမျိုးမျိုးအဖုံဖုံကွဲပြားခြားနားလာသည်ကို တွေ့ရှိရမည်ဖြစ်ပါသည်။

ထို့အပြင် ပြောင်းလဲဖြစ်ပေါ်လာသည့် ဗဟုသဘောဆောင်သော အတွေးအမြင်အယူအဆများကြောင့် ခရီးသွားလုပ်ငန်း အမျိုးအစားအချင်းချင်း ပတ်သက်ဆက်နွှယ်လာမှုတို့လည်း ဖြစ်ပေါ်လာရာ ခရီးသွားလုပ်ငန်းအမျိုးအစားများသည် ဗဟိုချက်ကင်းမဲ့၍ အလုံးစုံသော ပါဝင်ပတ်သက်မှု၊ ဖြစ်ပေါ်တိုးတက်မှုတို့ဖြင့် မြန်ဆန်စွာ ရွေ့လျားစီးဆင်းနေလျက်ရှိနေလေပြီ။

**Word of Mouth ဆိုသော စကားရပ်**

ခရီးသွားလုပ်ငန်းနယ်ပယ်တွင် Word of Mouth ဆိုသော စကားရပ်သည် လွန်စွာမှ ခေတ်စားခဲ့သည်။ ယခင်က ခရီးသွားတစ်ယောက်သည် နေရာဒေသတစ်ခုသို့ သွားရောက်လည်ပတ်ပြီးသောအခါ၌ ၎င်းတို့၏ မိသားစု၊ သူငယ်ချင်း၊ ဆွေမျိုးမိတ်သင်္ဂဟ၊ ဆရာသမား တပည့်တပန်းများသို့ **“ထိုခရီးစဉ်ဒေသသည် မည်မျှလှပကြောင်း၊ မည်သို့သောအကြောင်းအားဖြင့် စိတ်ဝင်စားဖွယ်ရာဖြစ်ကြောင်း၊ တစ်ခါတစ်ခေါက်တော့ဖြင့် သွားရောက်လည်ပတ်လေ့လာသင့်ကြောင်း”** ကို ပြန်လည်ပြောပြလေ့ရှိကြသည်။ ယင်းသို့အားဖြင့် နေရာဒေသတစ်ခုသည် သွားလာလည်ပတ်စရာ၊ လေ့လာကြည့်ရှုစရာ ခရီးစဉ်ဒေသတစ်ခုအဖြစ် နှုတ်ဖြင့်ညွှန်းဆိုမှု Word of Mouth အားဖြင့် ထင်ရှားပေါ်ပေါက်လာရတတ်ပေသည်။

ယနေ့ခေတ်အခါတွင်မူ Word of Mouth ဟူသော ပြောပြခြင်းသက်သက်သဘောထက် လူသားတို့၏ ခရီးသွားလိုစိတ်ကို လှုံ့ဆော်သောအရာဝတ္ထုများသည် လူတိုင်းကိုယ်စီလက်ဝယ်တွင် ရောက်ရှိနေပြီဟုဆိုရပေမည်။ လူတစ်ယောက်ကို စမတ်ဖုန်းတစ်လုံး ရောင်းချလိုက်ခြင်းသည် သာမန်ဖုန်းတစ်လုံးရောင်းချလိုက်ခြင်း သက်သက်သာမဟုတ်၊ ၎င်း၏ နေ့စဉ်ဘဝလုပ်ငန်းဆောင်တာများကို ပိုမိုလွယ်ကူစေရန်၊ စိတ်ဝင်စားသော ဘာသာရပ်အကြောင်းအရာတစ်ခုခုကို ဆည်းပူးလေ့လာရန်၊ စိတ်အပန်းဖြေမှုတစ်ခုခုအတွက် အသုံးချရန် ကြားခံပစ္စည်းတစ်ခု၊ နည်းပညာရပ်တစ်ခုကို ရောင်းချပေးလိုက်ခြင်းဖြစ်သည်။

> **ခရီးသွားလုပ်ငန်းသည် လူလူချင်း၊ လူကလူကို ဝန်ဆောင်မှုပေးသော လုပ်ငန်းဟု နားလည်လက်ခံရုံနှင့် မလုံလောက်တော့ပေ။ Human + Technology + Data ပေါင်းစပ်၍ ဝန်ဆောင်မှုပေးသောပုံစံသို့ ရွေ့လျားသွားနှင့်ပြီဖြစ်ပါသည်။ ဝန်ဆောင်မှုသာမက ဈေးကွက်ရှာဖွေခြင်း၊ ခရီးသွားမြှင့်တင်ခြင်းအပိုင်းများတွင်လည်း ဒီဂျစ်တယ်နည်းပညာကိုအသုံးချ၍ လုပ်ဆောင်နေကြပြီဖြစ်ပါသည်။ ဒီဂျစ်တယ်နှင့် AI သည် ခရီးသွားလုပ်ငန်းကဏ္ဍ၏ အနာဂတ်တစ်ခုတည်းမဟုတ်တော့ဘဲ လက်ရှိခရီးသွားလုပ်ငန်းကဏ္ဍကိုပင် ပြန်လည်ပုံဖော်နေသော အင်အားစုများဖြစ်လာပြီ**

ထိုထိုသော နည်းပညာရပ်ဝန်းအတွင်း ချင်းနင်းဝင်ရောက်လာသည်များတွင် ခရီးသွားလုပ်ငန်းကဏ္ဍသည်လည်း တစ်ခုအပါအဝင်ဖြစ်သည်။ အပြန်အလှန်အားဖြင့်လည်း ခရီးသွားလုပ်ငန်းကဏ္ဍအတွင်းသို့ နည်းပညာရပ်များ ထိုးဖောက်ဝင်ရောက်လာသည်ဟုလည်း ဆိုနိုင်ပါသည်။ ခရီးသွားတစ်ယောက်သည် နည်းပညာသုံးပစ္စည်းတစ်ခုကိုအသုံးပြု၍ ၎င်း၏ ခရီးသွားအတွေ့အကြုံကို ဓာတ်ပုံ၊ ဗီဒီယိုတို့ဖြင့် လူမှုကွန်ရက် (ဆိုရှယ်မီဒီယာ) တစ်ခုခုတွင် မျှဝေလိုက်ပါက စက္ကန့်ပိုင်းအတွင်းမှာပင် လူထောင်ပေါင်းများစွာထံရောက်ရှိသွားနိုင်ပေသည်။

ယင်းအချက်သည် Word of Mouth ဟူသော ပြောပြခြင်းသက်သက်သဘောထက် ပြသခြင်းကို ပိုထည့်သွင်းဖော်ပြနိုင်သဖြင့် ခရီးသွားအတွေ့အကြုံကိုယ်တိုင်လက်တွေ့ခံစားလိုစိတ်ကို လှုံ့ဆော်၍ ခရီးသွားလာမှု ပိုမိုလုပ်ဆောင်လာစေနိုင်ပါသည်။ ခရီးသွားလုပ်ငန်းနယ်ပယ်တွင် Word of Mouth ဟူသော ပြောပြခြင်းသဘောသဘာဝကို သက်ဝင်ယုံကြည်သူများ ဒုနှင့်ဒေးရှိနေသေးသလို ယနေ့အချိန်အထိလည်း ခရီးသွားလုပ်ငန်းအတွက် အသုံးဝင်သောသဘောရှိနေပေသည်။

**Word of Mouth သည် ပုဂ္ဂလဆန်သောသဘောသက်ဝင်**

သို့သော် နည်းပညာကို အခြေပြု၍ ခရီးသွားလာသောပုံစံသို့ ချဉ်းကပ်မှုများကို သိသာထင်ရှားစွာ တွေ့မြင်လာရသည်။ အဘယ်ကြောင့်ဆိုသော် Word of Mouth သည် ပုဂ္ဂလဆန်သော သဘောသက်ဝင်ပြီး တစ်သီးပုဂ္ဂလအမြင်ကို ရှေ့တန်းတင်ဖွဲ့နွဲ့ပြောဆိုမှုကို အခြေခံခြင်းကြောင့်ဖြစ်ပါသည်။ ခရီးစဉ်ဒေသတစ်ခုကို သွားရောက်ခဲ့သူတစ်ဦးက ပြန်လည်ပြောဆိုရာ၌ ၎င်း၏ အမြင်၊ ထင်မြင်ယူဆချက်အပေါ် အခြေခံ၍ ပြောဆိုခြင်းဖြစ်(တတ်)ပြီး ၎င်းကို နားထောင်၍ ထိုခရီးစဉ်ကိုပင် အခြားသူတစ်ဦးက သွားရောက်လည်ပတ်ပါက ခြားနားသောအမြင်တစ်ခုရှိနေတတ်ခြင်းပင်ဖြစ်သည်။

လူတစ်ဦး၏ ခရီးစဉ်ဒေသတစ်ခုအပေါ်အမြင်သည် စိတ်ကြည်နူးဖွယ်၊ သာယာချမ်းမြေ့ဖွယ်ဖြစ်ကောင်းဖြစ်မည်ဖြစ်သော်လည်း အခြားသူတစ်ဦးအတွက်မူ ပျင်းရိငြီးငွေ့ဖွယ်၊ စိတ်ပင်ပန်းမလန်းဆန်းဖွယ် ဖြစ်ကောင်းဖြစ်နေမည်ဖြစ်သည်။ ထို့အပြင် ၎င်းခရီးစဉ်ဒေသအပေါ် အမြင်သည် ထိုပုဂ္ဂိုလ်တစ်ဦးတည်း၏ အမြင်သက်သက်သာဖြစ်နေပေမည်။ လူမှုကွန်ရက်ပေါ်မှ ခရီးသွားပို့စ်များကို ကြည့်မည်ဆိုပါက အမြင်အားဖြင့် ဆုံးဖြတ်နိုင်သကဲ့သို့ အခြားအခြားသောသူများ၏ ထင်မြင်ယူဆချက်များကိုပါဖတ်ရှု၍ ဆင်ခြင်ဆုံးဖြတ်နိုင်မည်ဖြစ်ပါသည်။

ယင်းအချက်သည် ခရီးစဉ်ဒေသ၏ ပုံရိပ်နှင့် အရည်အသွေးကို အပြုသဘောဆောင်သော သက်ရောက်မှုများကို ဖြစ်ပေါ်စေပါသည်။ အင်စတာဂရမ်၊ တစ်တော့၊ ဖေ့စ်ဘွတ်၊ ယူကျု စသော ဆိုရှယ်မီဒီယာပလက်ဖောင်းများကြောင့် ခရီးစဉ်ဒေသတစ်ခုကို “ပြောပြခြင်း” ထက် “ပြသခြင်း” က ပိုမိုသြဇာလွှမ်းမိုးလာပါသည်။ ဉာဏ်ရည်တုနည်းပညာ၏ အခန်းကဏ္ဍက ပို၍ပင်စိတ်ဝင်စားဖို့ကောင်းလှသည်။ AI က လူ၏ ရှာဖွေစူးစမ်းမှုအပေါ်မူတည်၍ မည်သည့်ခရီးစဉ်ဒေသကို ပိုမိုပြသပေးရမည်၊ ၎င်းခရီးစဉ်ဒေသနှင့်သက်ဆိုင်သည့် အကြံပြုချက်များ ပေးမည်ကို လုပ်ဆောင်ပေးခြင်းအားဖြင့် ခရီးသွားမှု/ခရီးသွားလာရန် ကြိုတင်ပြင်ဆင်မှုကို ပိုမိုလွယ်ကူစေပါသည်။

**ဒီဂျစ်တယ်နည်းပညာက ခရီးသွားလုပ်ငန်းကို ပုံဖော်**

ထို့ကြောင့် နည်းပညာအပေါ်အခြေခံ၍ ခရီးသွားလုပ်ငန်းလွှမ်းမိုးမှုပုံသဏ္ဍာန် ပြောင်းလဲလာသည်ဟု ဆိုရမည်ဖြစ်သည်။ ခရီးသွားလုပ်ငန်းပညာရပ်ဆိုင်ရာနယ်ပယ်အတွင်း ခရီးသွားလုပ်ငန်းလွှမ်းမိုးမှုပုံသဏ္ဍာန်ကို ဆက်လက်ဆွေးနွေးလာကြသည်မှာ “From Word-of-Mouth to Visual and Social-Media Influence” ပင်ဖြစ်သည်။ ယင်းကိုပင် ဒီဂျစ်တယ်နည်းပညာက ခရီးသွားလုပ်ငန်းကို ပုံဖော်သည်ဟု ဆိုခြင်းဖြစ်ပါသည်။

အထက်ဖော်ပြပါရေးသားတင်ပြချက်သည် ခရီးသွားလုပ်ငန်းကို စနစ်တစ်ခုသဖွယ် ရှုမြင်မှုပုံစံ (Tourism as a System Model; Neil Leiper 1979) အရ ခရီးသွားစတင်ရာအတွင်း နည်းပညာ၏ အထောက်အပံ့ပေးမှုကိုသာ ဖော်ပြထားခြင်းဖြစ်ပြီး Tourism System အတွင်းပါဝင်သော ကြားခံကူးပြောင်းရာနေရာနှင့် ခရီးသွားရောက်ရှိရာ ခရီးလမ်းဆုံးတို့တွင်လည်း ဒီဂျစ်တယ်နည်းပညာနှင့် AI တို့က အပြောင်းအလဲကြီးကြီးမားမားကို ဖော်ဆောင်လျက်ရှိနေပေပြီ။ ၂၁ ရာစု၏ ခရီးသွားလုပ်ငန်းသည် **“နေရာတစ်နေရာမှ တစ်နေရာသို့ သွားရောက်လည်ပတ်ခြင်း”** ဆိုသည့် ရိုးရှင်းသော အဓိပ္ပာယ်ထက် များစွာကျော်လွန်လာပြီဖြစ်သည်။ ယနေ့ခေတ်တွင် ခရီးသွားတစ်ဦး၏ ခရီးစဉ်သည် မိမိအိမ်မှမထွက်ခွာမီကတည်းက Digital နည်းပညာများဖြင့် စတင်နေပြီဖြစ်သည်။

ခရီးသွားမည့်နေရာကို Search Engine ဖြင့် ရှာဖွေခြင်း၊ ဆိုရှယ်မီဒီယာမှ အခြားခရီးသွားများ၏ အတွေ့အကြုံများကို ကြည့်ရှုခြင်း၊ အွန်လိုင်းမှ လေယာဉ်နှင့် ဟိုတယ်ကြိုတင်မှာယူခြင်း၊ Digital Payment ဖြင့် ငွေပေးချေခြင်း၊ Mobile Map ဖြင့် လမ်းညွှန်ရှာဖွေခြင်း၊ AI Chatbot ဖြင့် ခရီးစဉ်ရေးဆွဲခြင်းတို့သည် ယနေ့ခေတ်ခရီးသွား အတွေ့အကြုံ၏ အစိတ်အပိုင်းများဖြစ်လာသည်။ ထို့ကြောင့် ယနေ့ခေတ်တွင် Digital Transformation သည် ခရီးသွားလုပ်ငန်း၏ လည်ပတ်ပုံကို ပြောင်းလဲနေပြီး AI သည် ခရီးသွားလုပ်ငန်း၏ အနာဂတ်ကို ပုံဖော်ဒီဇိုင်းဆွဲနေသော နည်းပညာတစ်ရပ် ဖြစ်လာသည်ဟု ဆိုနိုင်ပေသည်။

နှစ်စဉ် စက်တင်ဘာလ ၂၇ ရက်နေ့သည် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ ဖြစ်ပါသည်။ ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ရောက်တိုင်း အဖွဲ့ဝင်ကမ္ဘာ့နိုင်ငံအသီးသီးတို့သည် ခရီးသွားလုပ်ငန်းနေ့ အထိမ်းအမှတ်အခမ်းအနားများကို ကျင်းပပြုလုပ်ကြသည်။ ကျင်းပသည်ဆိုရာ၌လည်း ကုလသမဂ္ဂခရီးသွားလုပ်ငန်းအဖွဲ့ UN Tourism က ထိုနှစ်အတွက် ချမှတ်သော ဆောင်ပုဒ်အကြောင်းအရာအပေါ် အခြေခံ၍ ကျင်းပကြခြင်းဖြစ်သည်။

**စာမျက်နှာ ၁၁ သို့**

# ရေဘေးသင့်ပြည်သူများအတွက် မြန်မာနိုင်ငံကြက်ခြေနီအသင်းက ဆောင်ရွက်နေသော လူမှုကရုဏာအကူအညီများပေးရေးလုပ်ငန်းများတွင် အသုံးပြုရန် အလှူငွေလှူဒါန်း

ရန်ကုန် စက်တင်ဘာ ၁၆

ရေဘေးသင့်ပြည်သူများအတွက် မြန်မာနိုင်ငံကြက်ခြေနီအသင်းက ဆောင်ရွက်နေသော လူမှုကရုဏာ အကူအညီများပေးရေး လုပ်ငန်းများ တွင် အသုံးပြုရန်အတွက် KBZ BANK မိသားစုက ယမန်နေ့တွင် အသင်းရန်ကုန်ရုံးခွဲသို့ အလှူငွေများ လာရောက်လှူဒါန်းသည်။

အလှူငွေပေးအပ်ပွဲတွင် KBZ BANK မိသားစုက အလှူငွေကျပ် ၈၂၀၁၅၅၀၀ ကို မြန်မာနိုင်ငံ ကြက်ခြေနီအသင်းဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာမျိုးညွန့်ထံ ပေးအပ်လှူဒါန်းသည်။




အဆိုပါ အလှူငွေပေးအပ်ပွဲသို့ အသင်း အလုပ်အမှုဆောင်များ၊ KBZ BANK မှ CEO ဦးဇော်လင်းအောင်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ထန်းတပင်မြို့နယ်၌ စိုက်ပျိုးရေးစီမံကိန်းဆောင်ရွက်မှု အခြေအနေများ ရှင်းလင်းဆွေးနွေး

ရန်ကုန် စက်တင်ဘာ ၁၆

စိုက်ပျိုးရေးသမဝါယမအသင်းများကို ဦးဆောင်ဦးရွက်ပြု၍ သမဝါယမစိုက်ပျိုးရေးလုပ်ငန်းများ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်၍ စိုက်ပျိုးရေးစီမံကိန်းကို ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ်အတွင်း ဆောင်ရွက်လျက်ရှိရာ ယမန်နေ့က မဲပလီကျေးရွာအုပ်စု တရုတ်စုကျေးရွာ၌ သမဝါယမကဏ္ဍမှ စိုက်ပျိုးရေးစီမံကိန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းဆွေးနွေးသည်။

ဆွေးနွေးပွဲတွင် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးတိုင်းရက အမှာစကားပြောကြားပြီး မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဦးဝင်းဇော်နှင့် တာဝန်ရှိသူများက စိုက်ပျိုးရေးစီမံကိန်း ဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**ဇင်မင်းထိုက်(ထန်းတပင်)**




# ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနား ကျင်းပ

**ဟသ်ာတ စက်တင်ဘာ ၁၆**

ဧရာဝတီ တိုင်းဒေသကြီး ပတ်ဝန်းကျင် ထိန်းသိမ်းရေး ဦးစီးဌာနက ကြီးမှူး၍ ကမ္ဘာ့အိုဇုန်းလွှာ ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက်ပိုင်းက ဟသ်ာတမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။



**တိုက်တွန်းပြောကြား**

အခမ်းအနားတွင် ခရိုင်ဦးစီးမှူး ဦးကျော်စွာဝင်းက ကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများအား အိုဇုန်းလွှာပျက်စီးစေသော ဒြပ်ပစ္စည်းများ လျှော့ချသုံးစွဲခြင်းနှင့် အသိပညာမျှဝေခြင်းတို့ကို ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ကမ္ဘာကြီးပူနွေးလာမှုနှင့် အိုဇုန်းလွှာပျက်စီးမှုကို ထိန်းသိမ်းပေးကြရန် တိုက်တွန်းပြောကြားသည်။

ဆက်လက်၍ ဒုတိယဦးစီးမှူး ဦးဇော်မင်းကိုက ကမ္ဘာ့အိုဇုန်းလွှာ ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အသိပညာပေး ဟောပြောပြီး ၂၀၂၆ ခုနှစ် ကမ္ဘာ့အိုဇုန်းလွှာ ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် ဗီဒီယိုကလစ်ကိုပြသခြင်း၊ ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ကျောင်းအုပ်ဆရာမကြီးအား အမှတ်တရ လက်ဆောင်ပစ္စည်း ပေးအပ်ခြင်းနှင့် ကျောင်းသား ကျောင်းသူများအား အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ရမည်းသင်းမြို့နယ်၌ မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသွေးလှူဒါန်း

ရမည်းသင်း စက်တင်ဘာ ၁၆

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင်၌ (၆၂) နှစ်မြောက်မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသွေးလှူဒါန်းပွဲကို ယနေ့နံနက်ပိုင်းက ခရိုင်ပြည်သူ့ဆေးရုံကြီး၌ ကျင်းပသည်။

စုပေါင်းသွေးလှူဒါန်းပွဲတွင် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမျိုးချစ်၊ ခရိုင်ရဲတပ်ဖွဲ့မှူး ယာယီဒုတိယရဲမှူးကြီး တင်ဌေးနှင့် ရဲတပ်ဖွဲ့ဝင်များ၊ ခရိုင်ဆေးရုံအုပ်ကြီး ဦးမင်းသိန်းတို့က စုပေါင်းသွေးလှူဒါန်းခဲ့သည့် ရဲတပ်ဖွဲ့ဝင် ၂၅ ဦးအား ပစ္စည်းများ ပေးအပ်ပြီး စုပေါင်းသွေးလှူဒါန်းပေးနေမှုများကို လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



# ညောင်ဦးမြို့နယ်၌ ကမ္ဘာ့အိုဇုန်းလွှာ ထိန်းသိမ်းရေးနေ့အခမ်းအနား ကျင်းပ

ညောင်ဦး စက်တင်ဘာ ၁၆

ညောင်ဦးမြို့နယ်၌ ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းက ညောင်ဦးမြို့ Aureum Palace Hotel & Resort (Bagan) အနော်ရထာခန်းမ၌ ကျင်းပသည်။

ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အခမ်းအနားတွင် ညောင်ဦးခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်မင်းညိုက အမှာစကားပြောကြားသည်။ ထို့နောက် ၂၀၂၆ ခုနှစ် ကမ္ဘာ့အိုဇုန်းလွှာ ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် အခြေခံပညာအထက်တန်းအဆင့်နှင့် အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် တိုင်းဒေသကြီးအဆင့်၊ ခရိုင်အဆင့်၊ မြို့နယ်အဆင့်တို့တွင် ဆုရရှိခဲ့ကြသည့် ကျောင်းသား ကျောင်းသူများအား ညောင်ဦးခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး



ကော်မတီဥက္ကဋ္ဌ၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးအေးမင်းစိုး၊ ခရိုင်စီမံကိန်းရေးဆွဲရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးနှင့် ညောင်ဦးခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးတို့က ဆုများပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

**ဒီပါလင်း**

❂ စာမျက်နှာ ၁၀ မှ

ကုလသမဂ္ဂခရီးသွားလုပ်ငန်းအဖွဲ့က နှစ်စဉ် ကမ္ဘာပေါ်၌ လတ်တလောဖြစ်ပေါ်လျက်ရှိသော အားလုံးက အလေးထား ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည့်အကြောင်းအရာ Global Agenda များကို အခြေခံ၍ သက်ဆိုင်ရာနှစ်အတွက် ဆောင်ပုဒ်ကို ဖော်ထုတ်ချမှတ်ခြင်းဖြစ်ပါသည်။ ၂၀၂၆ ခုနှစ် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ဆောင်ပုဒ်သည် **“Digital Agenda and Artificial Intelligence to Redesign Tourism”** ဖြစ်ပါသည်။

ယဉ်ကျေးမှု၊ ဟိုတယ်နှင့်ခရီးသွားလာရေး ဝန်ကြီးဌာန၏ မြန်မာဘာသာပြန်ဆောင်ပုဒ်မှာ **“ခရီးသွားကဏ္ဍဆန်းသစ်ဖို့ ဒီဂျစ်တယ်နှင့်ဉာဏ်ရည်တုနည်းပညာသုံးကြစို့”** ဖြစ်ပါသည်။ သို့သော် ယခုနှစ်ဆောင်ပုဒ်သည် ယခင်နှစ်များနှင့်မတူ ကွဲပြားခြားနားလှသည်။ အဘယ်ကြောင့်ပါနည်း။ UN Tourism ၏ ယခုနှစ်ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ Concept Note မှာပင် ဖော်ပြ ရှင်းလင်းထားပါသည်။

ယခင်နှစ် ဆောင်ပုဒ်များသည် ခရီးသွားလုပ်ငန်း စနစ်တကျဖြင့် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလေးထား ဝိုင်းဝန်းကြိုးပမ်းရမည့်အကြောင်းအရာများကို တွန်းအားပေးချမှတ်ဖော်ဆောင်ခြင်းဖြစ်ပါသည်။ သို့ရာတွင် ယခုနှစ်ဆောင်ပုဒ်၌ အလေးပေးဖော်ပြထားသည့် ဒီဂျစ်တယ်နည်းပညာနှင့် ဉာဏ်ရည်တုနည်းပညာတို့သည် ခရီးသွားလုပ်ငန်းနယ်ပယ်တွင်သာမက လုပ်ငန်းကဏ္ဍအသီးသီးနှင့် လူသားတို့၏နေ့စဉ်ဘဝများတွင် ပိုင်ပိုင်နိုင်နိုင်နေရာယူထားပြီးဖြစ်သောကြောင့်ပင် ဖြစ်ပါသည်။ ထို့ကြောင့် ယခုနှစ်ဆောင်ပုဒ်သည် ခရီးသွားလုပ်ငန်းက အလေးထားလိုက်နာကျင့်သုံးရမည့်ကိစ္စမဟုတ်တော့ပေ၊ ခရီးသွားလုပ်ငန်းကမဖြစ်မနေ အဖြေထုတ်ပေးရမည့်ကိစ္စတစ်ရပ်ပင် ဖြစ်ပါသည်။

ခရီးသွားလုပ်ငန်းသည် လူလူချင်း၊ လူကလူကို ဝန်ဆောင်မှုပေးသောလုပ်ငန်းဟု နားလည်လက်ခံရုံနှင့် မလုံလောက်တော့ပေ။ Human + Technology + Data ပေါင်းစပ်၍ ဝန်ဆောင်မှုပေးသောပုံစံသို့ ရွေ့လျားသွားနှင့်ပြီဖြစ်ပါသည်။ ဝန်ဆောင်မှုသာမက ဈေးကွက် ရှာဖွေခြင်း၊ ခရီးသွားမြှင့်တင်ခြင်း အပိုင်းများတွင်လည်း ဒီဂျစ်တယ်နည်းပညာကို အသုံးချ၍ လုပ်ဆောင်နေကြပြီဖြစ်ပါသည်။ ဒီဂျစ်တယ်နှင့် AI သည် ခရီးသွားလုပ်ငန်းကဏ္ဍ၏ အနာဂတ်တစ်ခုတည်းမဟုတ်တော့ဘဲ လက်ရှိခရီးသွားလုပ်ငန်းကဏ္ဍကိုပင် ပြန်လည်ပုံဖော်နေသော အင်အားစုများ ဖြစ်လာပြီဖြစ်သည်။

သို့သော် ခရီးသွားလုပ်ငန်းသည် နည်းပညာသက်သက်ဖြင့် ရှင်သန်နိုင်သောလုပ်ငန်းမဟုတ်ပေ။ မြန်မာနိုင်ငံ၏ ယဉ်ကျေးမှုနှင့်အလှတရားတို့ကို ဒီဂျစ်တယ်၊ AI နည်းပညာဖြင့် ကမ္ဘာ့ခရီးသွားလုပ်ငန်းမျက်နှာစာဝယ် ဝင့်ထည်စေနိုင်ပါသည်၊ သို့သော် ထိုအစဉ်အလာကြီးမားသော ယဉ်ကျေးမှုနှင့်သဘာဝအလှအပတို့ကို ထိန်းသိမ်းစောင့်ရှောက်ရန်မှာ နိုင်ငံသူ နိုင်ငံသားများ၏ တာဝန်သာဖြစ်ပါသည်။

ထို့ကြောင့် အနာဂတ်ခရီးသွားလုပ်ငန်း၏ ရည်မှန်းချက်မှာ နည်းပညာသည် လူသားကို အစားထိုးရန်မဟုတ်ဘဲ နည်းပညာအားဖြင့် လူသားစွမ်းပကားကို မြှင့်တင်ရန်သာ ဖြစ်သင့်ပေသည်။ အောင်မြင်သော ခရီးစဉ်ဒေသတစ်ခုသည် ခရီးသွားဝင်ရောက်မှုများပြားသော နေရာတစ်ခုသာမဟုတ်။ နည်းပညာကို ကောင်းစွာနားလည်၍ တာဝန်ယူစွာအသုံးချနိုင်သော၊ တစ်ချိန်တည်းမှာပင် လူသားဆန်မှု၊ ယဉ်ကျေးမှု၊ သဘာဝပတ်ဝန်းကျင်နှင့် ဒေသ့ဝတ်ကျေပွန်မှုတို့ကို မပျောက်ဆုံးစေသော ခရီးစဉ်ဒေသတစ်ခုသာဖြစ်ပါကြောင်း။ ။

# မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်သဖြင့် ကြိုတင်သတိပြု

**နေပြည်တော် စက်တင်ဘာ ၁၆**

ယနေ့နံနက် ၆ နာရီခွဲ တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေအားအသင့်အတင့်မှ အားကောင်းနိုင်ခြင်းကြောင့်လည်းကောင်း၊ မိုးတိမ်တောင်များဖြစ်ထွန်းမှု အားကောင်းနေခြင်းကြောင့်လည်းကောင်း၊ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် လေထုမငြိမ်သက်မှုများ ဖြစ်ပေါ်နိုင်ခြင်းကြောင့်လည်းကောင်း ယနေ့နံနက်မှ စက်တင်ဘာ ၂၀ ရက်အတွင်း မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။

မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၂၅ မိုင်မှ မိုင် ၃၀ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရှစ်ပေမှ ၁၀ ပေခန့် ရှိနိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေအားအသင့်အတင့်မှ အားကောင်းနိုင်ခြင်းကြောင့်လည်းကောင်း၊ မိုးတိမ်တောင်များဖြစ်ထွန်းမှု အားကောင်းနေခြင်းကြောင့်လည်းကောင်း၊ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် လေထုမငြိမ်သက်မှုများ ဖြစ်ပေါ်နိုင်ခြင်းကြောင့်လည်းကောင်း မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်သဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ရန်နှင့် ပြည်တွင်းလေကြောင်း ပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်း ရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ရန် အသိပေးနှိုးဆော်အပ်ပါသည်။

မိုး/ဇလ

# မကွေးမြို့၌ စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှုအခမ်းအနား ကျင်းပ

**မကွေး စက်တင်ဘာ ၁၆**

မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့က ကြီးမှူးကျင်းပသော ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှုအခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက မကွေးမြို့ အလက(လေ့ကျင့်ရေး)၌ ကျင်းပသည်။



**ပေးအပ်လှူဒါန်း**

ဦးစွာ မကွေးခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူး ဒေါ်မေသန္တာအောင်က အမှာစကားပြောကြားကာ အလက (လေ့ကျင့်ရေး) ကျောင်းစာကြည့်တိုက်အတွက် သုတ/ရသ စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းသည်။

ထို့နောက် "အမြဲမပြတ်လေ့လာသင်ယူရေးစကားဝိုင်း"တွင် ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သိမ့်ဝါက ဦးဆောင်ဆွေးနွေးသူအဖြစ် ပါဝင်ဆောင်ရွက်ပြီး အလက (လေ့ကျင့်ရေး)မှ ကျောင်းသား ကျောင်းသူ လေးဦးတို့က စာရေးဆရာ နန္ဒာသိန်းဇံ ရေးသား ထုတ်ဝေထားသော "ခရောင်းလမ်းကိုဖြတ်ကျော်ခြင်း" စာအုပ်ပါ အကြောင်းအရာနှင့် စပ်လျဉ်း၍ ကဏ္ဍအလိုက် ဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ မြို့နယ်စာရေးဆရာအသင်းမှတာဝန်ရှိသူများက စာပေအသိပညာပေး ဟောပြောသည်။

ထို့နောက် ကျောင်းစာကြည့်တိုက်ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး လှုပ်ရှားမှုအတွင်း ထည့်သွင်းကျင်းပသော အခြေခံပညာအလယ်တန်းအဆင့်ကျပန်းစကားပြောပြိုင်ပွဲတွင် ဆုရရှိသူများနှင့် စကားဝိုင်းတွင် ပါဝင်ဆွေးနွေးခဲ့ကြသည့် ကျောင်းသားကျောင်းသူများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ ကျောင်းသားကျောင်းသူများက ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ခင်းကျင်းပြသထားသည့် စာအုပ်ပြပွဲ၊ လှပသာယာပြည်မြန်မာ ရောင်စုံဓာတ်ပုံပြဘုတ်များ၊ ဂိမ်းကစားပြိုင်ပွဲများတွင် ပါဝင်ဆင်နွှဲခဲ့ကြကြောင်း သိရသည်။ မောင်ခိုင်မင်း(ပြန်/ဆက်)



# မရမ်းကုန်းမြို့နယ်၌ မြို့နယ်စာကြည့်တိုက်များ ကြီးကြပ်ရေးကော်မတီ လုပ်ငန်းညှိနှိုင်းစည်းဝေး

**ရန်ကုန် စက်တင်ဘာ ၁၆**

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ မြို့နယ်စာကြည့်တိုက်များ ကြီးကြပ်ရေးကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၂/၂၀၂၆)ကို စက်တင်ဘာ ၁၅ ရက်က ကျင်းပသည်။

ဦးစွာ မြို့နယ်စာကြည့်တိုက်များကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ဦးထင်ကျော်မိုးက အမှာစကားပြောကြားသည်။ ဆက်လက်၍ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ကော်မတီအတွင်းအရေးမှူး ဦးသိန်းထွန်းအောင်က စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်၊ စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှုအခမ်းအနားများ ဆောင်ရွက်နေမှု၊ အခြေခံပညာကျောင်းများနှင့် ရပ်ကွက်များတွင် ပြည်သူ့စကားဝိုင်းများ ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းဆွေးနွေးတင်ပြသည်။

ထို့နောက် မြို့နယ်အတွင်း စာကြည့်တိုက်များ ဖွင့်လှစ်နိုင်ရေးနှင့် ကော်မတီမှ ဆောင်ရွက်ရမည့်ကိစ္စရပ်များနှင့် အမြင်များကို ညှိနှိုင်းဖလှယ်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ ရဲရင့်သိန်းထွန်း



# သထုံမြို့၌ ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနား ကျင်းပ

**သထုံ စက်တင်ဘာ ၁၆**

မွန်ပြည်နယ် သထုံမြို့နယ်၌ ၂၀၂၆ ခုနှစ် ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက်ပိုင်းက လိပ်အင်းရပ်ကွက် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန စုပေါင်းခန်းမ၌ ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနက စီစဉ်ကျင်းပသည်။

အခမ်းအနားတွင် သထုံခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုးအောင်က ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့၏ ဆောင်ပုဒ်ဖြစ်သည့် "ကမ္ဘာမြေပိုမိုအေးမြဖို့ အားလုံးပူးပေါင်းဆောင်ရွက်စို့"နှင့်အညီ အိုဇုန်းလွှာထိန်းသိမ်းကာကွယ်ခြင်းဆိုင်ရာလုပ်ငန်းများကို အတူတကွပူးပေါင်းဆောင်ရွက်ကြရေး ဆွေးနွေးအမှာစကားပြောကြားသည်။

ယင်းနောက် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌက ၂၀၂၆ ခုနှစ် ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အခြေခံပညာအလယ်တန်းအဆင့် သထုံခရိုင် ကျောင်းပေါင်းစုံ စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိကြသည့် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# မင်းဘူးမြို့၌ ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အခမ်းအနား ကျင်းပ

**မင်းဘူး စက်တင်ဘာ ၁၆**

မကွေးတိုင်းဒေသကြီး မင်းဘူးမြို့၌ ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက်ပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မင်းဘူးခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌက အခမ်းအနားကျင်းပရခြင်း ရည်ရွယ်ချက်များနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၏ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းပြောကြားပြီး ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ သဝဏ်လွှာ Video Clip၊ ကုလသမဂ္ဂပတ်ဝန်းကျင်အစီအစဉ် (UNEPအမှုဆောင်ညွှန်ကြားရေးမှူး၏ Video Clip နှင့် ၂၀၂၆ ခုနှစ် ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အသိပညာပေး Video Clip ပြသသည်။

ဆက်လက်၍ မင်းဘူးခရိုင်အဆင့် ၂၀၂၆ ခုနှစ် ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အဖြစ် ကျင်းပခဲ့သည့် အခြေခံပညာအထက်တန်းနှင့် အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသော ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ မောင်မောင်(မင်းဘူး)



## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# ဂါဇာဒေသ အပစ်အခတ်ရပ်စဲရေး ခိုင်မာစေရေးနှင့် နိုင်ငံရေးအရ ဖြေရှင်းဆောင်ရွက်မှု တိုးတက်စေရေး ကြိုးပမ်းအားထုတ်မှုများကို ဆွေးနွေး





**ကိုင်ရို စက်တင်ဘာ ၁၆**

အီဂျစ်သမ္မတ အယ်လ်စီစီနှင့် ပါလက်စတိုင်းသမ္မတ မာမွတ်အာဘတ်စ်တို့က မြို့တော်ကိုင်ရို၌ တွေ့ဆုံဆွေးနွေးခဲ့ကြပြီး ဂါဇာဒေသ အပစ်အခတ်ရပ်စဲရေး ခိုင်မာစေရေးနှင့် နိုင်ငံရေးအရ ဖြေရှင်းဆောင်ရွက်မှု တိုးတက်စေရေး ကြိုးပမ်းအားထုတ်မှုများကို ဆွေးနွေးခဲ့ကြောင်း အီဂျစ်သမ္မတရုံးက ယနေ့ ပြောကြားခဲ့သည်။

မျှတပြီး ဘက်စုံပါဝင်သော ဖြေရှင်းဆောင်ရွက်မှုတစ်ခု ရရှိရေးအတွက် အီဂျစ်နိုင်ငံ၏ ထောက်ခံအားပေးမှုကို သမ္မတ အယ်လ်စီစီက ထပ်လောင်းအတည်ပြုပြောကြားခဲ့ပြီး ပါလက်စတိုင်းတို့၏ အခွင့်အရေးများကို အာမခံချက်ပေးသည့် သဘောတူညီချက်တစ်ခု မရရှိမချင်း အဆိုပါကိစ္စရပ်သည် ဒေသတွင်း၌ အဓိကကျသော ကိစ္စရပ်အဖြစ် ဆက်လက်တည်ရှိနေမည်ဖြစ်ကြောင်း အီဂျစ်သမ္မတရုံး၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ဂါဇာစစ်ပွဲကို အဆုံးသတ်ရန် ၂၀၂၅ ခုနှစ် အောက်တိုဘာလက ပြုလုပ်ခဲ့သည့် Sharm El-Sheikh ငြိမ်းချမ်းရေး ထိပ်သီးအစည်းအဝေးတွင် ရရှိခဲ့သော သဘောတူညီချက်ကို အကောင်အထည်ဖော်ဆောင်ရွက်ရာ၌ ကြားဝင်စေ့စပ်သူများနှင့်အတူ အီဂျစ်နိုင်ငံအနေဖြင့် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ၎င်းက ပြောကြားခဲ့သည်။

ပဋိပက္ခ ပိုမိုပြင်းထန်လာမှုကို ရပ်တန့်ခြင်း၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများ ပေးပို့နိုင်ရေး လွယ်ကူချောမွေ့စေခြင်းနှင့် အစောပိုင်းကာလ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးတို့အတွက် အခြေအနေများ ဖန်တီးပေးခြင်းတို့ဖြင့် သဘောတူညီချက်ကို လိုက်နာဆောင်ရွက်ကြရန် သက်ဆိုင်ရာအဖွဲ့အစည်းအားလုံးကို သမ္မတ အယ်လ်စီစီက တိုက်တွန်းပြောကြားခဲ့သည်။

ထို့ပြင် ပါလက်စတိုင်းပြည်သူများအား နေရပ်စွန့်ခွာစေခြင်း သို့မဟုတ် ၎င်းတို့၏ အမျိုးသားရေးရည်မှန်းချက်ကို ထိခိုက်ပျက်ပြားစေမည့် ကြိုးပမ်းအားထုတ်မှုများကို အီဂျစ်နိုင်ငံအနေဖြင့် လက်မခံကြောင်း ၎င်းက ထပ်လောင်းပြောကြားခဲ့သည်။

ပါလက်စတိုင်းတို့၏ အခွင့်အရေးများကိုကာကွယ်စောင့်ရှောက်ရန်နှင့် မျှတပြီး ရေရှည်တည်တံ့သော ဖြေရှင်းဆောင်ရွက်မှုတစ်ခု ရရှိစေရန် အီဂျစ်နိုင်ငံ၏ ကြိုးပမ်းအားထုတ်မှုများကို သမ္မတ အာဘတ်စ်က ပြောကြားခဲ့ပြီး အဓိက ထောက်ခံအားပေးသူနှင့် ကြားဝင်စေ့စပ်သူအဖြစ် အီဂျစ်နိုင်ငံ၏ ရေရှည်ပါဝင်ဆောင်ရွက်မှုအပေါ် ကျေးဇူးတင်ရှိကြောင်း ပြောကြားခဲ့သည်။

ပါလက်စတိုင်း နယ်မြေများနှင့် ဒေသတွင်း ဖြစ်ပေါ်တိုးတက်မှု အခြေအနေများနှင့် စပ်လျဉ်း၍ အဆင့်တိုင်းတွင် နိုင်ငံရေးအရ ညှိနှိုင်းဆောင်ရွက်မှုများနှင့် တိုင်ပင်ဆွေးနွေးမှုများကို ပိုမိုအားကောင်းစေရန် သမ္မတနှစ်ဦးစလုံးက သဘောတူညီခဲ့ကြကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - အောင်ကျော်ကျော်**

# ဗင်နီဇွဲလားနှင့် ဗြိတိန်နိုင်ငံတို့ သံတမန်ဆက်ဆံရေးအဆင့်ကို မြှင့်တင်ရန် သဘောတူညီ

**ကာရာကတ်စ် စက်တင်ဘာ ၁၆**

ဗင်နီဇွဲလားနှင့် ဗြိတိန်နိုင်ငံတို့က ၎င်းတို့၏ သံတမန်ဆက်ဆံရေးအဆင့်ကို မြှင့်တင်ရန် သဘောတူညီခဲ့ကြကြောင်း ဗင်နီဇွဲလား နိုင်ငံခြားရေးဝန်ကြီးဌာနက ယမန်နေ့တွင် ပြောကြားခဲ့သည်။

**ပြောကြား**

နှစ်နိုင်ငံ တာဝန်ရှိပုဂ္ဂိုလ်များအကြား ဆွေးနွေးမှုများ ပြုလုပ်ပြီးနောက် နှစ်နိုင်ငံဆက်ဆံရေးအဆင့်ကို မြှင့်တင်ရန် သဘောတူညီခဲ့ကြောင်း ဗင်နီဇွဲလား နိုင်ငံခြားရေးဝန်ကြီး ဖီးလစ်ပလာဆန်စီယာက ပြောကြားခဲ့သည်။

ဗြိတိန်နိုင်ငံနှင့် ဗင်နီဇွဲလားတို့သည် သံတမန်ကိုယ်စားပြုမှုအဆင့်ကို သံအမတ်ကြီးအဆင့်အထိ မြှင့်တင်ရန် ရည်ရွယ်ချက်ကို သဘောတူညီခဲ့ကြောင်း ဗြိတိန်ပါလီမန်၏ အမေရိကတိုက် ဘက်စုံပူးပေါင်းဆောင်ရွက်ရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ ပါလီမန်လက်ထောက်ဝန်ကြီး ခရစ်အယ်မိုလ်က ပါလီမန်သို့ ကြေညာချက်တစ်စောင် ထုတ်ပြန်ခဲ့သည်။

၂၀၁၉ ခုနှစ်တွင် အတိုက်အခံခေါင်းဆောင် ဂျူအန်ဂွိုင်ဒိုကို ဗင်နီဇွဲလား၏ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခန့်အပ်ထားသော ကြားဖြတ်သမ္မတအဖြစ် အသိအမှတ်ပြုခဲ့ချိန်၌ ဗြိတိန်နှင့် ဗင်နီဇွဲလားတို့အကြား ဆက်ဆံရေးပျက်ပြားခဲ့သည်။

ဇန်နဝါရီ ၃ ရက်နေ့က ကာရာကတ်စ်မြို့တွင် အမေရိကန်၏ စစ်ရေးလှုပ်ရှားမှုတစ်ခု ဖြစ်ပွားခဲ့ပြီးနောက် ဗင်နီဇွဲလားသမ္မတ နီကိုးလက်စ် မာဒူရိုကို ရာထူးမှ ဖယ်ရှားကာ ထောင်ဒဏ်ချမှတ်ခဲ့သည်။ ယင်းနောက် အမေရိကန်အစိုးရက ဗင်နီဇွဲလားအပေါ် ချမှတ်ထားသော ပိတ်ဆို့အရေးယူမှုအချို့ကို လျှော့ပေါ့ပေးခဲ့ပြီး ရေနံကုမ္ပဏီများနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ သဘောတူညီချက်များ ရရှိနိုင်ရေးအတွက် လမ်းဖွင့်ပေးခဲ့သည်။

**ကိုးကား - အင်န်အိတ်ချ်ကေ**
**ဘာသာပြန် - အောင်ကျော်ကျော်**




# အင်ဒိုနီးရှားနိုင်ငံ၏ သဘာဝဘေးအန္တရာယ် တုံ့ပြန်ဆောင်ရွက်နိုင်စွမ်းအား မြှင့်တင်မည်

**ဂျကာတာ စက်တင်ဘာ ၁၆**

အင်ဒိုနီးရှားနိုင်ငံ၏ သဘာဝဘေးအန္တရာယ် တုံ့ပြန်ဆောင်ရွက်နိုင်စွမ်းကို သိသိသာသာ မြှင့်တင်သွားမည်ဖြစ်ပြီး ၎င်းလုပ်ငန်းများဆောင်ရွက်ရာတွင် ရဟတ်ယာဉ်အင်အား တိုးချဲ့ခြင်းနှင့် လေကြောင်းမှတစ်ဆင့် မီးငြိမ်းသတ်နိုင်မည့် လေယာဉ်ကြီးများ ဝယ်ယူခြင်းတို့ပါဝင်ကြောင်း အင်ဒိုနီးရှားသမ္မတ ပရာဘိုဝို ဆူဘီရန်တိုက စက်တင်ဘာ ၁၅ရက်တွင် ပြောကြားသည်။

နိုင်ငံ၏ ဘေးအန္တရာယ်ဆိုင်ရာ ကြိုတင်ကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်နိုင်စွမ်းကို မြှင့်တင်ရန် စိတ်ပိုင်းဖြတ်ထားပြီးသဘာဝဘေးအန္တရာယ်ကာကွယ်ရေး အေဂျင်စီများကိုလည်း အားကောင်းလာစေရေး ဆောင်ရွက်ရမည်ဖြစ်ကြောင်း သမ္မတပရာဘိုဝိုက အစိုးရ၏ ဆွေးနွေးပွဲအစီအစဉ်တစ်ခုတွင် ပြောကြားခဲ့သည်။

မီးငြိမ်းသတ်ရေးနှင့် အခြားသော ဘေးအန္တရာယ်တုံ့ပြန်ရေးလုပ်ငန်းများအတွက် ရဟတ်ယာဉ်အစင်းရေ ရာနှင့်ချီ လိုအပ်နေကြောင်းနှင့် မီးငြိမ်းသတ်နိုင်သည့် လေယာဉ်ကြီးအချို့ကိုလည်း မှာယူထားပြီးဖြစ်ကြောင်း ၎င်းကထပ်လောင်းပြောကြားခဲ့သည်။

ထို့ပြင် နိုင်ငံတော်၏ အရင်းအမြစ်များကို စီမံခန့်ခွဲရာတွင် ဖြစ်ပေါ်လာနိုင်သည့် အဂတိလိုက်စားမှုများသည် ဘေးအန္တရာယ် တုံ့ပြန်ဆောင်ရွက်နိုင်စွမ်းကို ထိခိုက်စေနိုင်ကြောင်းလည်း သမ္မတက သတိပေးပြောကြားခဲ့သည်။

အစိုးရ၏ ဘတ်ဂျက်သုံးစွဲမှုလျှော့ချရာမှ ရရှိလာသော ငွေကြေးများကို ပိုမိုအကျိုးရှိထိရောက်သည့် အစီအစဉ်များဆီသို့ ပြောင်းလဲသုံးစွဲသင့်ကြောင်းနှင့် မိမိ၏ သမ္မတသက်တမ်း ပထမနှစ်အတွင်း ဝန်ကြီးဌာနများ၏ နှစ်ပတ်လည်အခမ်းအနားကျင်းပစရိတ်များကို လျှော့ချခြင်းအပါအဝင် နည်းလမ်းအမျိုးမျိုးဖြင့် ရူပီယာငွေ ဘီလီယံ ၃၀၀ ကျော် (အမေရိကန်ဒေါ်လာ ၁၇ ဘီလီယံခန့်) ကိုသုံးစွဲခြင်းမှ ကန့်သတ်ခြင်းဖြင့် အစိုးရအား သက်သာစေခဲ့ကြောင်း ၎င်းက ပြောကြားခဲ့သည်။

နိုင်ငံအတွင်း ယခုနှစ်တွင် ကာလီမန်တန်ဒေသတောမီးလောင်ကျွမ်းမှုအပါအဝင် သဘာဝဘေးများဖြစ်ခဲ့ကြောင်းသိရသည်။

**ကိုးကား -ဆင်ဟွာ၊ ဘာသာပြန် -စိုးသူရ**

# အင်ဒိုနီးရှားနိုင်ငံရှိ တောမီးလောင်ကျွမ်းမှုများမှ ထွက်ပေါ်လာသောမီးခိုးငွေ့များ ဒေသတွင်းသို့ ဆက်လက်ပျံ့နှံ့

**ဂျကာတာ စက်တင်ဘာ ၁၆**



အင်ဒိုနီးရှားနိုင်ငံရှိ တောမီးလောင်ကျွမ်းမှုများမှ ထွက်ပေါ်လာသော မီးခိုးငွေ့များ ဒေသတွင်းသို့ ဆက်လက်ပျံ့နှံ့နေသဖြင့် အရှေ့တောင်အာရှ၏ဒေသအများအပြားတွင် မီးခိုးမြူများ ဖုံးလွှမ်းလျက်ရှိကြောင်း သိရသည်။

စင်ကာပူနိုင်ငံ၏ မြို့ပြရှုခင်းမှာလည်း ရက်အတော်ကြာ မီးခိုးမြူထူထပ်စွာဖုံးလွှမ်းခြင်းကို ခံနေရသည်။ စက်တင်ဘာ ၁၅ ရက်က စင်ကာပူနိုင်ငံရှိ ဒေသငါးခုစလုံးတွင် လေထုအရည်အသွေးသည် ကျန်းမာရေးအတွက် ဆိုးရွားသောအဆင့်သို့ ကျဆင်းသွားခဲ့ကြောင်း စင်ကာပူအစိုးရက ပြောကြားခဲ့သည်။ ကုမ္ပဏီများနှင့် အားကစားအဖွဲ့အစည်းများအနေဖြင့် ပြင်ပတွင် ပြုလုပ်မည့် လှုပ်ရှားမှုအများအပြားကို ဖျက်သိမ်းရန် စီစဉ်လျက်ရှိကြောင်း ဒေသတွင်းမီဒီယာများက ဖော်ပြကြသည်။

အလားတူအိမ်နီးချင်းမလေးရှားနိုင်ငံတွင်လည်း လေထုအရည်အသွေးမှာ ဆိုးရွားလာလျက်ရှိသည်။

အင်ဒိုနီးရှားနိုင်ငံ၏ အနောက်ကာလီမန်တန် ပြည်နယ်သည် တောမီး လောင်ကျွမ်းမှုဒဏ်ကို အပြင်းထန်ဆုံး ခံစားနေရသည့် ဒေသများထဲမှ တစ်ခုဖြစ်သည်။ ဖြစ်ပေါ်လာနိုင်သည့် ကျန်းမာရေးဆိုင်ရာထိခိုက်မှုများနှင့် ပတ်သက်၍ ဒေသခံများအကြား စိုးရိမ်ပူပန်မှုများ မြင့်တက်လျက်ရှိသည်။ အယ်လ်နီညို ရာသီဥတုဖြစ်စဉ်နှင့် ကြာရှည်သည့် မိုးခေါင်ရေရှားကာလတို့ကြောင့် တောမီးလောင်ကျွမ်းနိုင်ခြေ ပိုမိုမြင့်မားလာနေကြောင်း အင်ဒိုနီးရှား မိုးလေဝသဌာန တာဝန်ရှိသူများက သုံးသပ်ပြောကြားသည်။

**ကိုးကား - အင်န်အိတ်ချ်ကေ**
**ဘာသာပြန် - အောင်ကျော်ကျော်**

# အီရန်နိုင်ငံ အဏုမြူစွမ်းအင်အဖွဲ့အစည်းအကြီးအကဲအား အပြည်ပြည်ဆိုင်ရာ အဏုမြူစွမ်းအင်အေဂျင်စီ၏ အထွေထွေညီလာခံတက်ရောက်ခွင့်ပိတ်ပင်ခြင်းကို အီရန်ရှုတ်ချ

**ဗီယင်နာ စက်တင်ဘာ ၁၆**

အမေရိကန်ပြည်ထောင်စု၏ ကန့်ကွက်မှုကြောင့် အီရန်နိုင်ငံ အဏုမြူစွမ်းအင်အဖွဲ့အစည်း အကြီးအကဲ မိုဟာမက်အက်စ်လာမီအား ဩစတြီးယားနိုင်ငံသို့ ဝင်ရောက်ခွင့်မပြုခဲ့သည့်အတွက် အပြည်ပြည်ဆိုင်ရာ အဏုမြူစွမ်းအင်အေဂျင်စီ၏ အထွေထွေညီလာခံတွင် အီရန်ကိုယ်စားလှယ်တစ်ဦးက အမေရိကန်ကို ပြင်းထန်စွာ ဝေဖန်ရှုတ်ချလိုက်သည်။

အပြည်ပြည်ဆိုင်ရာ အဏုမြူစွမ်းအင်အေဂျင်စီ၏ အထွေထွေညီလာခံသို့ အဆိုပါ အီရန်တာဝန်ရှိသူအား တက်ရောက်ခွင့်ပိတ်ပင်သည့် ဆောင်ရွက်ချက်ဖြစ်ကြောင်းသိရသည်။

အီရန်နိုင်ငံ အဏုမြူစွမ်းအင်အဖွဲ့အစည်း ပြောရေးဆိုခွင့်ရှိသူ Behrouz Kamalvandi က ဗီယင်နာမြို့၌ ကျင်းပသည့် IAEA ၏ အထွေထွေညီလာခံတွင် စက်တင်ဘာ ၁၄ရက်က မိန့်ခွန်းပြောကြားခဲ့ရာတွင် အမေရိကန်၏ ယခုလုပ်ရပ်ကို မကောင်းသောရည်ရွယ်ချက်ရှိသည့် လုပ်ရပ်နှင့် ကလေးဆန်သော အပြုအမူမျိုးသာဖြစ်သည်ဟု ဝေဖန်ပြောကြားခဲ့သည်။

ယခုကိစ္စသည် စည်းမျဉ်းကို ချိုးဖောက်သည့်ကိစ္စတစ်ရပ်ဖြစ်ပြီး ကမ္ဘာ့နိုင်ငံများသည် အင်အားကြီးမားသည်ဟူသော အကြောင်းပြချက်သက်သက်ဖြင့် လုပ်ထုံးလုပ်နည်းများကို လျစ်လျူရှုကြမည်ဆိုပါက တရားဥပဒေစိုးမိုးမှု ရှိတော့မည်မဟုတ်ကြောင်းလည်း ၎င်းက ဆိုသည်။

**ကိုးကား -အင်န်အိတ်ချ်ကေ**
**ဘာသာပြန် -စိုးသူရ**

# မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ်၌ အွန်လိုင်းအသုံးပြု၍ ကျောက်မျက်ရတနာများ လိမ်လည်ရောင်းချလျက်ရှိသည့် ပြည်ပနိုင်ငံသား ၁၁ ဦးနှင့် မြန်မာနိုင်ငံသား ၁၇ ဦးတို့အား သက်သေခံပစ္စည်းများနှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိ

**နေပြည်တော် စက်တင်ဘာ ၁၆**

မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် မဟာအောင်မြေ အရှေ့ရပ်ကွက် လမ်း(၈၀)၊ (၃၉)လမ်းနှင့် လမ်း(၄၀)ကြားရှိ နေအိမ်တွင် နေထိုင်လျက်ရှိသည့် နိုင်ငံခြားသားများသည် အွန်လိုင်းအသုံးပြု၍ ကျောက်မျက်ရတနာများအား လိမ်လည်ရောင်းချလျက်ရှိကြောင်း တာဝန်သိပြည်သူများက သတင်းပေးပို့တိုင်ကြားချက်အရ လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ၂၀၂၆ ခုနှစ် စက်တင်ဘာ ၂ ရက် နံနက်ပိုင်းတွင် အဆိုပါနေအိမ်အား ဝင်ရောက်ရှာဖွေခဲ့ရာ အွန်လိုင်းအသုံးပြု၍ ကျောက်မျက်ရတနာများကို လိမ်လည်ရောင်းချလျက်ရှိသည့် တရုတ်နိုင်ငံသား Mr.Chen Xiao Dai(ချိန်ရှောင်းတိုက်) ဦးဆောင်သည့် တရုတ်နိုင်ငံသား အမျိုးသား နှစ်ဦး၊ အင်ဒိုနီးရှားနိုင်ငံသား အမျိုးသား နှစ်ဦး၊ အမျိုးသမီး နှစ်ဦး၊ မလေးရှားနိုင်ငံသား အမျိုးသား တစ်ဦး၊ မြန်မာနိုင်ငံသား အမျိုးသား ခြောက်ဦး၊ အမျိုးသမီး ခုနစ်ဦး စုစုပေါင်းတရားခံ ၂၀ တို့အား အွန်လိုင်းလိမ်လည်ရာတွင် အသုံးပြုသည့် Desktop Computer ၂၈ လုံး၊ Laptop Computer သုံးလုံး၊ ကွန်ပျူတာ System Box နှစ်လုံး၊ ဖုန်း ၈၁ လုံး၊ Tablet သုံးလုံး၊ ဆက်စပ်ပစ္စည်းများနှင့် အတူ ဖမ်းဆီးရမိခဲ့သည်။


ဆက်လက်၍ စက်တင်ဘာ ၃ ရက် ညနေပိုင်းတွင် မဟာအောင်မြေမြို့နယ် မဟာမြိုင် (၁)ရပ်ကွက် (၆၈)လမ်းနှင့် (၁၀၁)လမ်းထောင့်ရှိ တရားခံ အင်ခွန်ခါးတောမ်၏ “မက်ဒါလီနမွန် (MagDalenamoom) ကျောက်မျက်ရတနာ ရောင်းဝယ်ရေး” နေအိမ်အား ဝင်ရောက်ရှာဖွေခဲ့ရာ အွန်လိုင်းအသုံးပြု၍ ကျောက်မျက်ရတနာများကို လိမ်လည်ရောင်းချလျက်ရှိသော ကွင်းဆက်တရားခံများဖြစ်ကြသည့် အင်ခွန်ခါးတောမ်ပါ မြန်မာနိုင်ငံသား အမျိုးသမီး သုံးဦး၊ အမျိုးသား တစ်ဦးနှင့် တရုတ်နိုင်ငံသား အမျိုးသား လေးဦး စုစုပေါင်း တရားခံ ရှစ်ဦးတို့အား ဖုန်းမျိုးစုံ ၄၉၈ လုံး၊ Tablet တစ်လုံး၊ XL အမျိုးအစား Laptop တစ်လုံး၊ Computer System Board ငါးလုံး၊ Computer Monitor တစ်လုံး၊ ကျောက်စိမ်းဟု ယူဆရသည့် လက်ကောက် ၁၅ ကွင်း၊ ဆက်စပ်ပစ္စည်းများနှင့်အတူ ထပ်မံဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံ တရုတ်နိုင်ငံသား Chen Xiao Dai (ချိန်ရှောင်းတိုက်)အား စစ်ဆေးရာ ၎င်းသည် လိမ်လည်မှုများကို ခေါင်းဆောင်သူဖြစ်ပြီး အွန်လိုင်းလိမ်လည်မှုပြုလုပ်ရန် ဖုန်းမျိုးစုံ အလုံး ၅၀၀ ခန့်ကို လာအိုနိုင်ငံ နယ်စပ်မှတစ်ဆင့် မြန်မာနိုင်ငံအတွင်းသို့ တရားမဝင်သယ်ယူခဲ့ကြောင်း၊ မဟာအောင်မြေမြို့နယ်ရှိ သုံးထပ်တိုက်၌ ကျောက်စိမ်းအချောထည်အတုများနှင့် အရည်အသွေးမကောင်းသော အချောထည်များကို လည်းကောင်း၊ တရားခံ အင်ခွန်ခါးတောမ်၏ ကျောက်မျက် အရောင်းခြံ၌ အရောင်တူကျောက် ၁၀ လုံးကို အိတ်များအတွင်း ထည့်၍ ၎င်းတို့၏ အဖွဲ့ဝင်များက ကံစမ်းသည့်ပုံစံဖြင့် သရုပ်ဆောင်ကာ Live လွှင့်ပြီး ရောင်းချ၍လည်းကောင်း၊ ကံစမ်းမဲပေါက်သူများအား ကျောက်စိမ်းအကြမ်းထည် တစ်အိတ် လက်ဆောင်ရရှိသဖြင့် ပေးပို့ရန် အခွန်အခပေးရမည်ဟု လည်းကောင်း လိမ်လည်၍ ငွေများ လက်ခံရယူပြီး Block ခဲ့ကြောင်း၊ လိမ်လည်ရာမှရရှိသည့် ငွေများအား အင်ဒိုနီးရှားနှင့် မလေးရှားနိုင်ငံရှိ Bank Account များသို့ တိုက်ရိုက် ငွေလွှဲပေးပို့စေခဲ့ခြင်းဖြစ်ကြောင်း၊ တရားခံ အင်ခွန်ခါးတောမ်သည် ၎င်း၏နေအိမ်အား ကျောက်မျက်ရတနာရောင်းဝယ်ရေးဆိုင်ဖွင့်လှစ်ပြီး တရုတ်နိုင်ငံသား Chen Xiao Dai (ချိန်ရှောင်းတိုက်) နှင့်အတူ အွန်လိုင်းအသုံးပြုကာ ကျောက်မျက်ရတနာ လိမ်လည်ရောင်းချသည့် အလုပ်လုပ်ကိုင်ခဲ့ခြင်းဖြစ်ကြောင်း ဖော်ထုတ်သိရှိရသည်။

ဖြစ်စဉ်တွင် အွန်လိုင်းအသုံးပြု၍ ကျောက်မျက်ရတနာအတုများနှင့် အရည်အသွေးမကောင်းသော အချောထည်များကို လိမ်လည်ရောင်းချသူ တရုတ်နိုင်ငံသား ခြောက်ဦး၊ မလေးရှားနိုင်ငံသား တစ်ဦး၊ အင်ဒိုနီးရှားနိုင်ငံသား လေးဦး၊ မြန်မာနိုင်ငံသား ၁၇ ဦး၊ စုစုပေါင်း ၂၈ ဦးတို့အား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ်တွင် အွန်လိုင်းအသုံးပြု၍ ကျောက်မျက်ရတနာများလိမ်လည်ရောင်းချမှုမှ ဖမ်းဆီးရမိသည့် တရားခံများ အခြေပြဇယား









မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ်၌ အွန်လိုင်းအသုံးပြု၍ ကျောက်မျက်ရတနာများ လိမ်လည်ရောင်းချလျက်ရှိသည့် ပြည်ပနိုင်ငံသား ၁၁ ဦးနှင့် မြန်မာနိုင်ငံသား ၁၇ ဦးတို့အား သက်သေခံပစ္စည်းများနှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိမှု မှတ်တမ်းဓာတ်ပုံ။



မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ်၌ အွန်လိုင်းအသုံးပြု၍ ကျောက်မျက်ရတနာများ လိမ်လည်ရောင်းချသည့်အမှုမှ ဖမ်းဆီးရမိသည့် ပြည်ပနိုင်ငံသား အမျိုးသား ကိုးဦး၊ အမျိုးသမီး နှစ်ဦးတို့၏ မှတ်တမ်းဓာတ်ပုံ။

# ရန်ကုန်တိုင်းဒေသကြီးအတွင်း မှုခင်းကျဆင်းရေး ပူးပေါင်းဆောင်ရွက်

**ရန်ကုန် စက်တင်ဘာ ၁၆**

ရန်ကုန်တိုင်းဒေသကြီးအတွင်း ခရိုင်အလိုက် မြို့နယ်ရဲစခန်းများမှ တပ်ဖွဲ့ဝင်များသည် ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များ၊ သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့များနှင့် ပူးပေါင်း၍ မှုခင်းကျဆင်းရေးနှင့် ဒုစရိုက်မှုများကင်းစင်ရေးကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် မှော်ဘီခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ငွေတင်နှင့်တပ်ဖွဲ့ဝင်များသည် (၄)လမ်းဆုံ စစ်ဆေးရေးဂိတ်မှ ဖြတ်သန်းသောယာဉ်များအား ဂရုတစိုက်စစ်ဆေးခြင်း၊ PSMSကို စနစ်တကျ စစ်ဆေးခြင်း၊ ပါဝါအိပ်ဇောတပ်ဆိုင်ကယ်များအား ပူးပေါင်းအဖွဲ့ဖြင့် စစ်ဆေးဖမ်းဆီးခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။

ထို့အပြင် မြောက်ဥက္ကလာပမြို့နယ် မြို့မရဲစခန်းမှ ဒုတိယရဲအုပ်ကောင်းထက်နှင့်အဖွဲ့သည်လည်းကောင်း၊ လှိုင်သာယာ(အရှေ့ပိုင်း) မြို့နယ် မြို့မရဲစခန်းမှ ဒုတိယရဲအုပ်လင်းဇော်နှင့်အဖွဲ့သည်လည်းကောင်း၊ လှည်းကူးမြို့နယ် ယာဉ်ထိန်းတပ်ဖွဲ့စုမှ တပ်ဖွဲ့ဝင်များသည်လည်းကောင်း ရပ်ကွက်၊ ကျေးရွာအတွင်း နေ့ပိုင်းလှည့်ကင်းဆောင်ရွက်ခြင်း၊ မှုခင်းကျဆင်းရေး အသိပညာပေးဟောပြောခြင်း၊ ပြည်သူများ လူကုန်ကူးမှု၊ မူးယစ်ဆေးဝါးမှ လမ်းဖြတ်ကူးစေရေး အသိပညာပေးခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းတို့ကို ဆောင်ရွက်ကြသည်။

ယမန်နေ့ညပိုင်းတွင်လည်း ကျောက်တံတားမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးထွေးလှိုင်နှင့် ပူးပေါင်းအဖွဲ့သည်လည်းကောင်း၊ ကမာရွတ်မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးဝင်းတင်နှင့်ပူးပေါင်းအဖွဲ့သည်လည်းကောင်း၊ မင်္ဂလာတောင်ညွန့်မြို့နယ် မြို့မရဲစခန်းမှူး ဒုတိယရဲမှူးအောင်ဆန်းလင်းနှင့် ပူးပေါင်းအဖွဲ့သည်လည်းကောင်း ဧည့်စာရင်းစစ်ဆေးခြင်း၊ Music Box KTV အား စစ်ဆေးခြင်းနှင့် ယာဉ်စစ်ပိတ်ဆို့စစ်ဆေးခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။



**အောင်သူ**

ဓာတ်ပုံ - တိုင်းရဲတပ်ဖွဲ့



# အုတ်တွင်းမြို့နယ်၌ ကျေးလက်ဒေသဖွံ့ဖြိုးရေး ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်း ကျင်းပ

အုတ်တွင်း စက်တင်ဘာ ၁၆

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် အုတ်တွင်းမြို့နယ်၌ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနကကြီးမှူး၍ ကျေးလက်ဒေသဖွံ့ဖြိုးရေးခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကို ယမန်နေ့မွန်းလွဲပိုင်းက ပေါက်တောကျေးရွာအုပ်စု ပေါက်တောကျေးရွာ ဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ ကျင်းပသည်။

ပြည်သူ့စကားဝိုင်းတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမြင့်က ကျေးလက်ဒေသဖွံ့ဖြိုးရေးဆိုင်ရာ အကြောင်းအရာများ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအဏ္ဏဝါအောင်က စိုက်ပျိုးရေး၊ မွေးမြူရေး၊ လမ်းတံတားနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးအကြောင်းအရာများ၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာထက်ယမုံဦးက မွေးမြူရေးနှင့်ကုသရေးဆိုင်ရာ အကြောင်းအရာများ၊ ကျေးလက်လမ်းဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ယုလေးအောင်က ကျေးရွာလမ်း၊ တံတားများ ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးအောင်ဆန်းဦးက စိုက်ပျိုးရေးလုပ်ငန်းများကို ရှင်းလင်းဆွေးနွေးပြီး တက်ရောက်လာသူများနှင့် အပြန်အလှန်မေးမြန်းဆွေးနွေးခဲ့ကြသည်။

အဆိုပါပြည်သူ့စကားဝိုင်းသို့ဒေသခံပြည်သူ ၁၅၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

ခင်ခင်မာ(ပြန်/ဆက်)

# မော်လမြိုင်မြို့နယ်၌ စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု ကွင်းဆင်းစစ်ဆေး

မော်လမြိုင် စက်တင်ဘာ ၁၆

မွန်ပြည်နယ် မော်လမြိုင်မြို့နယ် မင်းရွာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေဖြင့် မိသားစုဝင်ငွေတိုးလုပ်ငန်းများဖြစ်သော စိုက်ပျိုးရေးလုပ်ငန်းများဆောင်ရွက်ထားရှိမှု အခြေအနေများကို ယမန်နေ့က ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(ရုံးချုပ်)မှ တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးကြသည်။



ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (ရုံးချုပ်)မှ ညွှန်ကြားရေးမှူး ဒေါက်တာဇာနည်မင်း၊ မွန်ပြည်နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးစောမြင့်ထွန်းနှင့် ဝန်ထမ်းများက မိသားစုဝင်ငွေတိုးလုပ်ငန်းများဖြစ်သော စိုက်ပျိုးရေးလုပ်ငန်းများဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

အဆိုပါ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၅၀ အား ငွေကျပ် ၄၃ ဒသမ ၆ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ခုနစ်ဦးအား ငွေကျပ် ၂ ဒသမ ၈ သန်း၊ ရေလုပ်ငန်းလုပ်ကိုင်သူ ၁၀ ဦးအား ငွေကျပ် ၆ ဒသမ ၁ သန်းနှင့် အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ၁၅ ဦးအား ငွေကျပ် ၉ ဒသမ ၁ သန်း စုစုပေါင်း အသင်းသူအသင်းသား ၈၂ ဦးအား ငွေကျပ် ၆၁ ဒသမ ၆ သန်းကို ထုတ်ချေးထားကြောင်း သိရသည်။

သုတ

# ပြည်ခရိုင် (ဆီးအုပ်) တောင်သူလယ်သမားသင်တန်းကျောင်း၌ တောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးသင်တန်းဖွင့်

ပြည် စက်တင်ဘာ ၁၆

ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း) ပြည်မြို့နယ်ရှိ (ဆီးအုပ်) တောင်သူလယ်သမားသင်တန်းကျောင်း၌ ယနေ့နံနက်ပိုင်းက ၂၀၂၆-၂၀၂၇ ခုနှစ် တောင်သူလယ်သမား ဖွံ့ဖြိုးတိုးတက်ရေးသင်တန်း အမှတ်စဉ်(၂/၂၀၂၆)ဖွင့်ပွဲကိုကျင်းပရာ ပြည်ခရိုင်နှင့် မြို့နယ်စိုက်ပျိုးမွေးမြူရေးကြီးကြပ်မှုကော်မတီအဖွဲ့များ၊ သင်တန်းနည်းပြ ဆရာဆရာမများနှင့် ပြည်ခရိုင်နှင့် နတ်တလင်းခရိုင်အတွင်းရှိ မြို့နယ်များမှ သင်တန်းသား တောင်သူ ၄၀ တက်ရောက်ကြသည်။

ဦးစွာ ပြည်ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ကျော်စိုးက သင်တန်းနှင့်ပတ်သက်၍ အမှာစကားပြောကြားပြီး ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း)စိုက်ပျိုးရေးဦးစီးဌာန ဒုတိယတိုင်းဒေသကြီးဦးစီးမှူး ဦးဇော်ဝင်းထွန်းက အဓိက သီးနှံများ ပန်းတိုင်



အထွက်နှုန်းရရှိရေးအတွက် AI နည်းပညာလက်တွေ့အသုံးပြုခြင်းဖြင့် ရရှိလာမည့် အကျိုးကျေးဇူးများအကြောင်းကို ဆွေးနွေးပြောကြားပြီး သင်တန်း၌ လက်တွေ့သင်ကြားပေးမည့် အခြေအနေများနှင့် သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။ အဆိုပါသင်တန်းတွင် စိုက်ပျိုးရေးနှင့် မွေးမြူရေး၊ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ နည်းပညာရပ်များကို စက်တင်ဘာ ၁၆ ရက်မှ ၁၈ ရက်အထိ စာတွေ့/လက်တွေ့ သင်ကြားပို့ချမည်ဖြစ်ကြောင်း သိရသည်။

ခရိုင် (ပြန်/ဆက်)

# မြန်အောင်မြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ အသိပညာပေး ဆွေးနွေး

မြန်အောင် စက်တင်ဘာ ၁၆

ဧရာဝတီ တိုင်းဒေသကြီး မြန်အောင်မြို့ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း ဇေယျာသီရိခန်းမ၌ ယနေ့မွန်းလွဲပိုင်းက ဆောင်းပါး၊ ဝတ္ထုတို၊ ကဗျာရေးနည်း အသိပညာပေးဆွေးနွေးပွဲအခမ်းအနားကို ကျင်းပသည်။



အခမ်းအနားတွင် မြန်အောင်မြို့နယ် စာရေးဆရာအသင်းဥက္ကဋ္ဌ ဦးမြင့်စိုး(စိုးစိုးမြေငြိမ်း)က အမှာစကားပြောကြားပြီး မြို့နယ် စာရေးဆရာအသင်းနာယက အမျိုးသားစာပေ တစ်သက်တာဆုနှင့် အမျိုးသားစာပေဆုရ စာရေးဆရာကြီး ဦးသန်းညွန့်(ဇင်မင်း-သမိန်ထော)က ဆောင်းပါး/ဝတ္ထုတို၊ ကဗျာရေးသားနည်းနှင့် မြန်မာစာပေ၊ ကဗျာရေးဖွဲ့ပုံနှင့် မြန်မာစာပေ၏ တန်ဖိုးများ၊ ထိန်းသိမ်းရေးနှင့် သမိုင်းကြောင်းများ၊ မြို့နယ်စာရေးဆရာအသင်းမှ ဆရာဆရာမများက ကဗျာ/ ဆောင်းပါး ဝတ္ထုတို ရေးသားနည်းများကို ဆွေးနွေးဟောပြောခဲ့သည်။

ထို့နောက် ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးအေးမာက ကျေးဇူးတင်စကား ပြောကြားခဲ့ပြီး မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် နံရံကပ်အသိပညာပေး စာစောင်များအား ကျောင်းသား ကျောင်းသူများက ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။

ရောဦးသာ


# Myanmar Auto & Parts Expo 2026 ကားပြပွဲ ရန်ကုန်မြို့၌ သုံးရက်ကြာ ကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၁၆

Silver Sea International ကုမ္ပဏီလီမိတက်မှ စီစဉ်ကျင်းပမည့် ဒုတိယအကြိမ် Myanmar Auto & Parts Expo 2026 ကားပြပွဲကို စက်တင်ဘာ ၂၅ ရက်မှ ၂၇ ရက်အထိ နေ့စဉ်နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ရန်ကုန်မြို့ အင်းယားလိတ်ဟိုတယ်ဝင်းအတွင်းရှိ ရန်ကုန်ကွန်ဗန်းရှင်းစင်တာ၌ ကျင်းပသွားမည်ဖြစ်ကြောင်း Silver Sea International မှ ပြုလုပ်သည့် မီဒီယာရှင်းလင်းပွဲအခမ်းအနားမှ သိရသည်။

ပြပွဲတွင် ကားအတွက် လိုအပ်သည့် တာယာ၊ အင်ဂျင်ဝိုင်နှင့် အခြားသော ကားအပိုပစ္စည်းများကို ပြည်တွင်း ပြည်ပကုမ္ပဏီများမှ ပြသသွားမည်ဖြစ်ပြီး ပစ္စည်းမိတ်ဆက်၊ ဝန်ဆောင်မှုဆိုင်ရာလုပ်ငန်းများနှင့် Brand New ကားများပါ ပြသသွားမည်ဖြစ်ပြီး အိမ်စီးကား၊ လုပ်ငန်းသုံးကား၊ ဆီကား၊ EV ကား အစုံကို လက်ငင်း၊ အရစ်ကျစနစ် နှစ်မျိုးလုံးနှင့် တစ်နေရာတည်းတွင် ဝယ်ယူနိုင်မည်ဖြစ်သည်။

အလားတူပြပွဲတွင် Taiwan Pavilionမှ ပါဝင်ပြသမည်ဖြစ်ပြီး Automotive Aftermarket & Smart Mobility နယ်ပယ်မှ ကုမ္ပဏီ ၁၅ ခု ပါဝင်မိတ်ဆက်မည်ဖြစ်သည်။

မျိုးမင်းသူရ


# လှိုင်လင်မြို့၌ ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အခမ်းအနားကျင်းပ

လှိုင်လင် စက်တင်ဘာ ၁၆

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန လှိုင်လင်ခရိုင်ရုံးမှ ကြီးမှူး၍ ၂၀၂၆ ခုနှစ် ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းက အထက(၁) ကျောင်းခန်းမ၌ ကျင်းပသည်။

## ဂုဏ်ပြုဆုများချီးမြှင့်

ဦးစွာ ခရိုင်ပညာရေးမှူး ဦးမျိုးတင့်က အမှာစကား ပြောကြားသည်။ ယင်းနောက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန လှိုင်လင်ခရိုင်ရုံးမှ တာဝန်ခံအရာရှိ ဦးစည်သူနိုင်က ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အကြောင်းကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ၂၀၂၆ ခုနှစ် ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် ပန်းချီ၊ စာစီစာကုံးနှင့်



ကဗျာပြိုင်ပွဲများတွင် ဆုရရှိကြသည့် ကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူများက ဂုဏ်ပြုဆုများ ချီးမြှင့်ခဲ့ကြသည်။

လှိုင်လင်မိုး

**❐ အာရှအားကစားပြိုင်ပွဲမှ**

ချင်ဂင်၊ မြန်မာစံတော်ချိန် နံနက် ၁၁ နာရီခွဲတွင် အီရတ်ကစားသမားအယ်လ်ဂျာလီတို့နှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ အုပ်စုပွဲများပြီးဆုံးပါက ကွာတားဖိုင်နယ်ပွဲစဉ်များ ဆက်လက်ကစားရမည်ဖြစ်သည်။

မြန်မာတက်ကွန်ဒိုအသင်းသည် ယင်းပြိုင်ပွဲတွင် ပြိုင်ပွဲအမျိုးအစား သုံးမျိုး ယှဉ်ပြိုင်မည်ဖြစ်ပြီး အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲနှင့် နှစ်ယောက်တွဲပြိုင်ပွဲကို ဆက်လက်ယှဉ်ပြိုင်မည်ဖြစ်သည်။

သတင်း-ရှိုင်းထက်ဇော်၊ ဓာတ်ပုံ-AOC

# AFC Challenge League ပြိုင်ပွဲ အုပ်စုအဆင့်တွင် မြန်မာကလပ်နှစ်သင်း ယှဉ်ပြိုင်ခွင့်ရရှိ

**ရန်ကုန်  စက်တင်ဘာ ၁၆**

အာရှ ဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပမည့် ၂၀၂၆-၂၀၂၇ ရာသီ AFC Challenge League ပြိုင်ပွဲ အုပ်စုအဆင့်တွင် မြန်မာကလပ်နှစ်သင်း ယှဉ်ပြိုင်ခွင့်ရထားသည်။ AFC Challenge League ပြိုင်ပွဲ အရှေ့အာရှဇုန်အုပ်စုအဆင့်တွင် မြန်မာကလပ်များဖြစ်သည့် ရှမ်းယူနိုက်တက်အသင်းနှင့် ရန်ကုန် ယူနိုက်တက်အသင်း ယှဉ်ပြိုင်ခွင့်ရထားပြီး အမှတ်ပေးချန်ပီယံ ရှမ်းယူနိုက်တက်အသင်းက အုပ်စုအဆင့်မှ တိုက်ရိုက်ယှဉ်ပြိုင်ခွင့်ရကာ MNL League Cup ချန်ပီယံ ရန်ကုန်ယူနိုက်တက်အသင်းက ခြေစစ်ပွဲအဆင့်မှစတင်ယှဉ်ပြိုင်ခဲ့ရသည်။



ရန်ကုန် ယူနိုက်တက်အသင်းသည် ခြေစစ်ပွဲတွင် လာအိုကလပ် Ezra အသင်းကို နှစ်ဂိုးတစ်ဂိုးဖြင့် အနိုင်ရရှိကာ ခြေစစ်ပွဲအောင်မြင်ခဲ့ခြင်းဖြစ်သည်။ ပြိုင်ပွဲကို ဇုန်နှစ်ခုခွဲထားပြီး အရှေ့အာရှဇုန် အုပ်စု (D) တွင် ဘော်နီယို (အင်ဒိုနီးရှား)၊ One Taguig (ဖိလစ်ပိုင်)၊ တိုင်နန်စီးတီး (တရုတ်တိုင်ပေ)၊ ရန်ကုန်ယူနိုက်တက် (မြန်မာ)၊ အုပ်စု (E) တွင် မနီလာဒီဂါ (ဖိလစ်ပိုင်)၊ ရှမ်းယူနိုက်တက်(မြန်မာ)၊ နယူးတိုင်ပေဟန်ယွမ် (တရုတ်တိုင်ပေ)၊ ကာဆူကာ (ဘရူနိုင်း) တို့ ပါဝင်နေသည်။ အရှေ့အာရှဇုန် အုပ်စုပွဲများကို အောက်တိုဘာ ၁၈ ရက်မှ ၂၄ ရက်အထိ ကျင်းပမည်ဖြစ်ပြီး ရန်ကုန်ယူနိုက်တက် ပါဝင်သော အုပ်စု (D) ပွဲစဉ်များကို အင်ဒိုနီးရှားနိုင်ငံ၊ ရှမ်းယူနိုက်တက်အသင်းပါဝင်သော အုပ်စု (E) ပွဲစဉ်များကို ရန်ကုန်မြို့ သုဝဏ္ဏကွင်း၌ ကျင်းပမည်ဖြစ်သည်။ ပြိုင်ပွဲကျင်းပမည့်ပုံစံအရ အရှေ့အာရှဇုန်အုပ်စုနှစ်ခုတွင် အမှတ်အများဆုံးနှစ်သင်းမှာ ဇုန်ကွာတားဖိုင်နယ် တက်ရောက်ခွင့်ရမည်ဖြစ်သည်။ ရှမ်းယူနိုက်တက်အသင်းသည် AFC Challenge League ပြိုင်ပွဲ နောက်ဆုံးအဆင့်တွင် သုံးကြိမ်ဆက်တိုက်၊ ရန်ကုန်ယူနိုက်တက်အသင်းက ပထမဆုံးအကြိမ် ယှဉ်ပြိုင်ခွင့်ရခဲ့ခြင်းဖြစ်သည်။

ရှမ်းယူနိုက်တက်အသင်းသည် ၂၀၂၄-၂၀၂၅ ရာသီ AFC Challenge League ပြိုင်ပွဲတွင် ဇုန်ကွာတားဖိုင်နယ်အထိ တက်ရောက်နိုင်ခဲ့သည်။ **သတင်း - ကိုညီလေး**

**ဓာတ်ပုံ - စိုးညွန့်သော်**

# ပခုက္ကူမြို့နယ်၌ အသက်(၁၈)နှစ်အောက် အမျိုးသားဘောလုံးအားကစားပြိုင်ပွဲ ကျင်းပ

**ပခုက္ကူ  စက်တင်ဘာ ၁၆**

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ်၌ ကိုယ်ပိုင်အထက်တန်းကျောင်းပေါင်းစုံ အသက်(၁၈)နှစ်အောက် အမျိုးသားဘောလုံးအားကစားပြိုင်ပွဲဖွင့်ပွဲကို ယမန်နေ့က ခရိုင်အားကစားကွင်း၌ ကျင်းပသည်။

ဦးစွာ ပြိုင်ပွဲကို တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး မြို့နယ်ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးကျော်အေးနှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးထွန်းနိုင်စိုးတို့က ဂုဏ်ပြုအမှာစကားပြောကြားသည်။

ထို့နောက် မြို့နယ်ကိုယ်ပိုင်အထက်တန်းကျောင်း အသင်းစုဥက္ကဋ္ဌက ပြိုင်ပွဲကျင်းပရခြင်းရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်က ကွင်းအတွင်း ဘောလုံးကန်သွင်းပေးကာ ပြိုင်ပွဲစတင်ယှဉ်ပြိုင်ကစားကြသည်။

အဖွင့်ပွဲစဉ်အဖြစ် ပညာမဏ္ဍိုင်အသင်းနှင့် ပညာစိုးစံအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ တစ်ဖက်တစ်ဂိုးစီဖြင့် သရေကျခဲ့သည်။ အဆိုပါ ပြိုင်ပွဲကို စက်တင်ဘာ ၂၉ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး ကိုယ်ပိုင်အထက်တန်းကျောင်း ၁၅ ကျောင်း ဝင်ရောက်ယှဉ်ပြိုင်ကြကြောင်း သိရသည်။ **ဘာမီသာ(ပခုက္ကူ)**



**✻ လီဗာပူးမှ**

တစ်ဂိုးအသီးသီးသွင်းယူပေးခဲ့ပြီး စပါးအသင်းအတွက် ချေပဂိုးတစ်ဂိုးကိုတော့ ဂယ်လာဂါက သွင်းယူပေးခဲ့တာဖြစ်ပါတယ်။

လီဗာပူးအသင်းနဲ့အတူ အခုပွဲစဉ်မှာ သွင်းဂိုးတစ်ဂိုးသွင်းယူပေးခဲ့တဲ့ ဇိုဘိုဆလိုင်းကတော့ ယခုဘောလုံးရာသီမှာ သွင်းဂိုးသုံးဂိုးအထိ ရှိလာခဲ့ပြီလည်းဖြစ်ပါတယ်။

အာဆင်နယ်အသင်းကတော့ အစ်ဆွစ်အသင်းနဲ့ ယှဉ်ပြိုင်ကစားခဲ့ရတာဖြစ်ပြီး အစ်ဆွစ်အသင်းကို လေးဂိုး- နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။

အဲဒီပွဲစဉ်မှာ အာဆင်နယ်အသင်းအတွက် သွင်းဂိုးတွေကို ဒေါင်းမန်းက နှစ်ဂိုး၊ မာဒူကီက တစ်ဂိုး၊ မာရီနိုက တစ်ဂိုး သွင်းယူပေးခဲ့ပြီး အစ်ဆွစ်အသင်းအတွက် သွင်းဂိုးတွေကိုတော့ မက်မီတီနဲ့ အက်ခ်ပွမ်တို့က တစ်ဂိုးစီသွင်းယူပေးခဲ့တာဖြစ်ပါတယ်။ အခြားသောပွဲစဉ်တွေမှာတော့ ဖူလ်ဟမ် အသင်းက ဝက်စ်ဟမ်းအသင်းကို သုံးဂိုး-နှစ်ဂိုး၊ ဘရန်းဖို့ဒ်အသင်းက ရီးဒင်းအသင်းကို နှစ်ဂိုး-တစ်ဂိုး၊ ပီတာဘာရော့စ်အသင်းက ဘန်စလေအသင်းကို ပင်နယ်တီအဆုံးအဖြတ်မှာ ခုနစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။ **ငွေကြယ်**

**❁ ကျောဖုံးမှ**


၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် U-19 (အမျိုးသမီး)ဘောလုံးပြိုင်ပွဲ အုပ်စုပတ်လည် ပွဲစဉ်များအဖြစ် ကရင်ပြည်နယ် ဘားအံမြို့ရှိ ဇွဲကပင်အားကစားကွင်း၌ အိမ်ရှင်ကရင်ပြည်နယ်အသင်းနှင့် ကယားပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ကရင်ပြည်နယ်အသင်းက ကယားပြည်နယ်အသင်းကို ခြောက်ဂိုး-ဂိုးမရှိဖြင့်လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ရှိ အားကစားဥယျာဉ်ကွင်း၌ အိမ်ရှင်ပဲခူးတိုင်းဒေသကြီးအသင်းနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ပဲခူးတိုင်းဒေသကြီးအသင်းက ပြည်ထောင်စုနယ်မြေနေပြည်တော်အသင်းကို ငါးဂိုး-ဂိုးမရှိဖြင့်လည်းကောင်း၊ ရှမ်းပြည်နယ် တောင်ကြီးမြို့ရှိ ပြည်နယ်အားကစားကွင်း၌ အိမ်ရှင်ရှမ်းပြည်နယ်အသင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ရှမ်းပြည်နယ်အသင်းက စစ်ကိုင်းတိုင်းဒေသကြီးအသင်းကို လေးဂိုး - ဂိုးမရှိဖြင့်လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ ကိုးသိန်း အားကစားကွင်း၌ အိမ်ရှင်ဧရာဝတီတိုင်းဒေသကြီးအသင်းနှင့် မွန်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ဧရာဝတီတိုင်းဒေသကြီးအသင်းက မွန်ပြည်နယ်အသင်းကို လေးဂိုး-ဂိုးမရှိဖြင့်လည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိခဲ့သည်။

၂၀၂၆ ခုနှစ် စက်တင်ဘာ ၁၇ ရက် မွန်းလွဲ ၃ နာရီမှ စတင်၍ ကရင်ပြည်နယ် ဘားအံမြို့ရှိ ဇွဲကပင်အားကစားကွင်း၌ မန္တလေးတိုင်းဒေသကြီးအသင်းနှင့် တနင်္သာရီတိုင်းဒေသကြီးအသင်း၊ ရှမ်းပြည်နယ် တောင်ကြီးမြို့ရှိ ပြည်နယ်အားကစားကွင်း၌ ကချင်ပြည်နယ်အသင်းနှင့် မကွေးတိုင်းဒေသကြီး အသင်းတို့ ဆက်လက်ယှဉ်ပြိုင်သွားမည်ဖြစ်သည်။

အဆိုပါ ၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် U-19 (အမျိုးသမီး)ဘောလုံးပြိုင်ပွဲကို ၂၀၂၆ ခုနှစ် စက်တင်ဘာ ၁၆ ရက်မှ စက်တင်ဘာ ၃၀ ရက်အထိ ပြိုင်ပွဲကာလ ၁၅ ရက်ကြာ ကျင်းပသွားမည်ဖြစ်သည်။

အုပ်စုပွဲစဉ်များကို ဘားအံ၊ တောင်ကြီး၊ ပဲခူး၊ ပုသိမ်မြို့တို့ရှိ သက်ဆိုင်ရာအားကစားကွင်းများ၌လည်းကောင်း၊ ရှုံး/ ထွက် ပွဲစဉ်မှစတင်၍ ဗိုလ်လုပွဲ ပွဲစဉ်အထိ ပြိုင်ပွဲများကို ရန်ကုန်မြို့ရှိ သုဝဏ္ဏကွင်း၊ ပဒေသာကွင်း၊ သန်လျင်ကွင်းနှင့် ပဒုမ္မာကွင်းတို့၌လည်းကောင်း ဆက်လက်ကျင်းပသွားမည်ဖြစ်ပြီး တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ ပြိုင်ပွဲဝင် အမျိုးသမီး အသင်း ၁၄ သင်း ပြိုင်ပွဲဝင် စုစုပေါင်း ၃၃၄ ဦး ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ရာ အားကစားဝါသနာရှင် မိဘပြည်သူများအနေဖြင့် မည်သူမဆို "အခမဲ့" လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။ **သတင်းစဉ်**

# မိုးညှင်းမြို့၌ လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် လက်ကမ်းစာစောင်များ ဖြန့်ဝေ



**မိုးညှင်း  စက်တင်ဘာ ၁၆**

(၁၄)ကြိမ်မြောက် မြန်မာနိုင်ငံ လူကုန်ကူးမှု တိုက်ဖျက်ရေးနေ့ ဆိုင်းဘုတ်စိုက်ထူခြင်းနှင့် ခရီးသွားပြည်သူများအား အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းတို့ကို စက်တင်ဘာ ၁၂ ရက် နံနက်ပိုင်းက ဆောင်ရွက်ကြသည်။

အဆိုပါ အသိပညာပေး ဆိုင်းဘုတ်ကို ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အမှတ်(၃) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့စိတ်(မိုးညှင်း)မှ ခေတ္တတပ်ဖွဲ့စိတ်မှူးနှင့် တပ်ဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ် လူကုန်ကူးမှု တားဆီးကာကွယ်ရေးအဖွဲ့ဝင်များ၊ ခရိုင်ကြက်ခြေနီ တပ်ဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းနှင့် အမျိုးသမီးရေးရာအဖွဲ့ဝင်များက စိုက်ထူကြသည်။

ထို့နောက် သွားလာနေကြသည့် ခရီးသွားပြည်သူများအား အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **ရွှေမိုးညှင်း**

**❖ ၂၀၂၆ ခုနှစ်မှ**

(၄၅-၅၀၊ ၅၀-၅၅၊ ၅၅-၆၀၊ ၆၀-၆၅ ၊ ၆၅-၇၀)ကီလိုတန်းပြိုင်ပွဲများကိုလည်းကောင်း၊ အမျိုးသမီးအတိုက်ပြိုင်ပွဲ ပွဲစဉ်များအဖြစ် (၄၀-၄၅၊ ၄၅-၅၀၊ ၅၀-၅၅၊ ၅၅-၆၀၊ ၆၀-၆၅)ကီလိုတန်းပြိုင်ပွဲများကို ယှဉ်ပြိုင်ခဲ့သည်။ အမျိုးသားအပြပြိုင်ပွဲပွဲစဉ်များအဖြစ် စစ်ကိုင်းတိုင်းဒေသကြီးအသင်းမှ ခန့်ဇော်ဟိန်း(အပြာ)က တနင်္သာရီတိုင်းဒေသကြီးအသင်းမှ ထူးဝေယံဦး(အနီ) ကိုလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအသင်းမှ လရောင်လင်း(အနီ)က မန္တလေးတိုင်းဒေသကြီးအသင်းမှ ကျော်စောရှင်(အပြာ) ကို လည်းကောင်း၊ ကချင်ပြည်နယ်အသင်းမှ ကျော်ဆန်းလင်း (အနီ) က ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းမှ မောင်ဗန်(အပြာ) ကိုလည်းကောင်း၊ အမျိုးသမီး အပြပြိုင်ပွဲ ပွဲစဉ်များအဖြစ် မန္တလေးတိုင်းဒေသကြီးအသင်းမှ ကောင်းကင်ချို( အပြာ)က ကယားပြည်နယ်အသင်းမှ မေမြတ်သွယ်(အနီ)ကိုလည်းကောင်း၊ မွန်ပြည်နယ်အသင်းမှ ဝါဝါငြေး(အနီ)က ရန်ကုန်တိုင်းဒေသကြီးအသင်းမှ ခင်သော်တာဆန်း(အပြာ)ကို လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီးအသင်းမှ ဆွေဇင်စု (အနီ) က စစ်ကိုင်းတိုင်းဒေသကြီးအသင်းမှ သဲဘရဏီစိုး (အပြာ)ကိုလည်းကောင်း၊ ရှမ်းပြည်နယ်အသင်းမှ မေသက်မှူး(အပြာ)က ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းမှ မူရွှေကြာအေး(အနီ) ကိုလည်းကောင်း၊ မကွေးတိုင်းဒေသကြီးအသင်းမှ ဝင်းဝင်းခိုင်(အနီ)က ကရင်ပြည်နယ်အသင်းမှ ဂျူးခန့်ငြားခင် (အပြာ) ကိုလည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိခဲ့သည်။

ဆက်လက်၍ အမျိုးသားအပြ သုံးယောက်တွဲပြိုင်ပွဲ ပွဲစဉ်များအဖြစ် ဧရာဝတီတိုင်းဒေသကြီးအသင်းမှ ဇွဲထက်အောင်၊ ဇေယျာလင်းနှင့် ထိန်လင်းတို့အတွဲ(အပြာ) က ရန်ကုန်တိုင်းဒေသကြီးအသင်းမှ စွမ်းပြည့်ဦး၊ ကျော်မင်းခန့်နှင့် ဖြိုးမင်းထွေးတို့အတွဲ(အနီ) ကိုလည်းကောင်း၊ အမျိုးသမီး အတိုက်ပြိုင်ပွဲ ပွဲစဉ်များအဖြစ် (၄၅-၅၀)ကီလိုတန်းပြိုင်ပွဲတွင် ရှမ်းပြည်နယ်အသင်းမှ ခင်နှင်းဖြူ(အနီ)က ကရင်ပြည်နယ်အသင်းမှ အေးအေးနွယ်(အပြာ)ကိုလည်းကောင်း၊ (၅၅-၆၀)ကီလိုတန်းပြိုင်ပွဲတွင် ကချင်ပြည်နယ်အသင်းမှ သီတာအောင်(အနီ)က ကရင်ပြည်နယ်အသင်းမှ နန်းသဉ္ဇာမိုး (အပြာ)ကို လည်းကောင်း၊ (၆၀-၆၅)ကီလိုတန်းပြိုင်ပွဲတွင် ရှမ်းပြည်နယ်အသင်းမှ ဇိုးဝါးနာ (အပြာ)က ရခိုင်ပြည်နယ်အသင်းမှ သီရိမြတ်နွယ်(အနီ) ကိုလည်းကောင်း၊ (၅၀-၅၅) ကီလိုတန်းပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးအသင်းမှ နှင်းဦးလှိုင်(အပြာ)က မွန်ပြည်နယ်အသင်းမှ သွင်ဇွန်ဝင်း (အနီ) ကိုလည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိခဲ့သည်။

အလားတူ အမျိုးသားအတိုက်ပြိုင်ပွဲ ပွဲစဉ်များအဖြစ် (၄၅-၅၀)ကီလိုတန်းပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီးအသင်းမှ ဟိန်းသူရလင်း (အပြာ)က တနင်္သာရီတိုင်းဒေသကြီးအသင်းမှ ဖြိုးဝေအောင် (အနီ) ကိုလည်းကောင်း၊ (၆၀-၆၅)ကီလိုတန်းပြိုင်ပွဲတွင် ကရင်ပြည်နယ်အသင်းမှ သိန်းဇော်ဦး(အနီ)က ပဲခူးတိုင်းဒေသကြီးအသင်းမှ ပြည့်ဖြိုးဦး (အပြာ) ကိုလည်းကောင်း၊ (၆၅-၇၀) ကီလိုတန်းပြိုင်ပွဲတွင် ရှမ်းပြည်နယ်အသင်းမှ နေထူးပိုင်(အပြာ)က စစ်ကိုင်းတိုင်းဒေသကြီးအသင်းမှ ဟိန်းထွဋ်အောင် (အနီ) ကိုလည်းကောင်း၊ (၅၀-၅၅)ကီလိုတန်းပြိုင်ပွဲတွင် ကယားပြည်နယ်အသင်းမှနေလင်းအောင်(အပြာ) က ရန်ကုန်တိုင်းဒေသကြီးအသင်းမှ ရန်ကိုကျော် (အနီ) ကိုလည်းကောင်း၊ (၅၅-၆၀)ကီလိုတန်းအတိုက်ပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးအသင်းမှ မင်းခန့်ထူး(အပြာ)က ရခိုင်ပြည်နယ်အသင်းမှ ငြိမ်းချမ်းအောင်(အနီ) ကိုလည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိခဲ့သည်။

၂၀၂၆ ခုနှစ် စက်တင်ဘာ ၁၇ ရက် နံနက် ၉ နာရီမှစတင်၍ တိုင်းဒေသကြီးနှင့် ပြည်နယ် ပန်ကြပ်ဆီလတ်ပြိုင်ပွဲ ဗိုလ်လုပွဲ ပွဲစဉ်များအဖြစ် အမျိုးသား/ အမျိုးသမီးအပြပြိုင်ပွဲများနှင့် အမျိုးသား/ အမျိုးသမီး အတိုက်ပြိုင်ပွဲများကို ဆက်လက်ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ပြီး ပြိုင်ပွဲများအပြီးတွင် ဆုချီးမြှင့်ပွဲကိုကျင်းပသွားမည်ဖြစ်၍ အားကစားဝါသနာရှင် မိဘပြည်သူများအနေဖြင့် မည်သူမဆို "အခမဲ့" လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။ **သတင်းစဉ်**

## Passport
## ပျောက်ဆုံးကြောင်း

(ဘ)ဦးစိုးတင့်၏ သမီး မသန်းသန်းအေး [၇/ရတရ(နိုင်) ၂၀၅၅၉၈]ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**၀၉-၇၇၁၇၉၈၈၁၂**

## မိဘအမည်မှန်

အထက ရွှေကုက္ကို Grade-11 မှ စောချစ်စမ်းမြင့်၏ မိဘအမည်မှန်မှာ ဦးစောမူတုံး [၃/ဘအန(နိုင်)၃၈၃၁၆၁] နှင့် ဒေါ်သိန်းသိန်းရီ [၃/မဝတ(နိုင်)၀၉၃၇၄၆]ဖြစ်ပါကြောင်း။

## တစ်ဦးတည်း ဖြစ်ပါကြောင်း

မြန်အောင်မြို့နယ် အ.ထ.က (ခွဲ) ရေနံမြေတွင် တာဝန်ထမ်းဆောင်နေသော အထက်တန်းပြဆရာမ ဒေါ်ကြူကြူဝင်း၏ဖခင် ဦးကြည်(ခ)ဦးကိုကြည်[၇/မညန(နိုင်)၀၅၀၁၆၃]သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးကြည်(ခ)ဦးကိုကြည်**

## ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ကဝမြို့နယ် အ-ထ-က(ခွဲ) ကံပေါက်ကျောင်းGrade-8မှ မောင်ထက်ပိုင်ဦး၏ ဖခင်အမည်မှန်မှာ ဦးကိုထွေး[၇/ကဝန(နိုင်)၁၃၄၅၄၈]ဖြစ်ပါကြောင်း။

**ဦးကိုထွေး**

## ဖခင်အမည်မှန်

တွံတေးမြို့နယ်၊ အ.ထ.က (ခွဲ) အရိုးတောင်(ရ)ကျောင်း၊ Grade-8 မှ မောင်ဇော်ထက်အောင်၏ ဖခင်အမည်မှန်မှာ ဦးမိုးအောင် [၁၄/ညတန(နိုင်)၁၄၆၉၃၇]ဖြစ်ပါကြောင်း။

**ဦးမိုးအောင်**

## ဖခင်အမည်မှန်

မြန်အောင်ခရိုင်၊ မြန်အောင်မြို့နယ်၊ အ.ထ.က သပြေကုန်း Grade-11 တွင် ပညာသင်ကြားနေသော မဆုမြတ်မင်းခိုင်၏ဖခင်အမည်မှန်မှာ ဦးကျော်မင်းနိုင် [၁၄/မအန(နိုင်)၁၁၈၈၃၂]ဖြစ်ပါကြောင်း။

**ဦးကျော်မင်းနိုင်**

## ဖခင်အမည်မှန်

ဧရာဝတီတိုင်း ဒေသကြီး၊ မြန်အောင်မြို့နယ်၊ အ.ထ.က(ခွဲ) အုတ်ရှစ်ကုန်း Grade-7 တွင် ပညာသင်ကြားနေသော မောင်ထက်ရှိုင်းအောင်၏ ဖခင်အမည်မှန်မှာ ဦးစိုးသူ [၁၄/မအန(နိုင်)၁၉၇၄၆၂] ဖြစ်ပါကြောင်း။

**ဦးစိုးသူ**

---

## ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ (၁၅)ရပ်ကွက်၊ သာလွန်လမ်း၊ အမှတ်(၆၂၁)၊ မြေတိုင်း(၁၅)၊ ဒေါ်သန်းမြင့်အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် နေအိမ်အရောင်းအဝယ်တို့နှင့်ပတ်သက်၍ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

အထက်ဖော်ပြပါမြေကွက်နှင့် နေအိမ်အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်တို့အား တရားဝင်ဝယ်ယူပိုင်ဆိုင်နေထိုင်လျက်ရှိ၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဒေါ်မြင့်မြင့်အေး [၁၂/ဥကမ(နိုင်)၀၇၁၁၂၁]ထံမှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်သီတာအေးက စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပါ၍ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်ပြီး ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားမူရင်းများနှင့်အတူ ဤသတင်းစာကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက တရားဝင်အရောင်းအဝယ် ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးယဉ်ထွန်း(LL.B, LL.M) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၉၅၁)**
**ရုံးခန်း-အမှတ်(ဆ/၁၀/၉၇)၊ နှယ်သာကီပန်းခြံရှေ့၊ ခေမာသီလမ်းမကြီး၊ မြောက်ဥက္ကလာပမြို့နယ်။ ဖုန်း-၀၉-၄၂၁၁၀၂၅၆၄**

---

## ကြော်ငြာစာ
## အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ- ၂၈၃
## မှော်ဘီခရိုင်တရားရုံးတော်
## ၂၀၂၆ ခုနှစ်၊ တရားမအထွေထွေမှုအမှတ် ၅၁
## ကွယ်လွန်သူ ဦးအေးရွှေ၏ ကျန်ရစ်သောပစ္စည်းများနှင့် စပ်လျဉ်းသည့်အမှု

၁။ဦးသန်းအေး — လျှောက်ထားသူများ
၂။ ဦးဆန်းညွှန့်
၃ ။ဦးအောင်တင်ဝင်း
၄။ ဦးတင်အောင်မိုး
(ကိုယ်တိုင်နှင့် ၁၊၂၊၃၊၅၊၆တို့၏ အခွင့်ရကိုယ်စားလှယ်)
၅။ဒေါ်ခင်စန်းညို
၆။ဒေါ်တင်နီလာဝင်း

ရေကျော်ကျေးရွာ၊ ယင်းတိုက်ပင်ကျေးရွာအုပ်စု၊ မှော်ဘီမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတွင်နေထိုင်ခဲ့သော ကွယ်လွန်သူ ဦးအေးရွှေကျန်ရစ်သောပစ္စည်းအပေါ်၌ အမွေထိန်းလက်မှတ်စာ ထုတ်ပေးပါမည့်အကြောင်းနှင့် လျှောက်ထားသူက အမွေဆက်ခံခြင်းအက်ဥပဒေအရ လျှောက်ထားချက်ရှိသဖြင့် ဤအမှုကို ၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ ၂၁ ရက်နေ့ (၁၃၈၈ ခုနှစ်၊ တော်သလင်းလဆန်း၊ ၁၀ ရက်နေ့)တွင် ချိန်းဆိုကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဦးအေးရွှေ၏ ကျန်ရစ်ပစ္စည်းများတွင် အကျိုးစီးပွားသက်ဆိုင်သည့်အဆိုရှိသူတို့အား အဆိုပါအမှုတွင် ၎င်းတို့ (လာရောက်ဆိုင်ဆိုရန်သင့်လျော်မည်ဟု ထင်မြင်လျှင်) ဆိုခဲ့သော ၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ ၂၁ ရက်နေ့ ၊ (၁၃၈၈ ခုနှစ်၊ တော်သလင်းလဆန်း ၁၀ ရက်နေ့) နံနက် (၁၀)နာရီတွင် မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်တစ်ဦးဦးအားဖြင့်သော်လည်းကောင်း လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်းလက်မှတ်စာမထုတ်ပေးမီ မှတ်တမ်းများကိုကြည့်ရှုရန် အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၂၈၃ နှင့်အညီ ဆင့်ဆိုလိုက်သည်။ လာရောက်ခြင်းမရှိ ပျက်ကွက်ခဲ့လျှင် ရုံးတော်က လျှောက်ထားသူများ၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် အမှုအကြောင်းအရာတွင် စီရင်ချက်ချလိမ့်မည်ဖြစ်သည်။

၂၀၂၆ ခုနှစ်၊စက်တင်ဘာလ ၁၄ ရက်နေ့၌ ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးပေးလိုက်သည်။

**(ဝင်းခင်မိုးဆင့်)**
**ခရိုင်တရားသူကြီး**
**မှော်ဘီခရိုင်တရားရုံး**

---

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် -၅၊နည်းဥပဒေ -၁ နှင့် ၅)
## ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်တရားရုံးတော်၌
## ၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၆၇

ဦးဝေလင်းနိုင် — နှင့် — ဦးသန်းထွန်းဦး
**(တရားလို)** — **(တရားပြိုင်)**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၁၄၇)ရပ်ကွက်၊ မြနန္ဒာလမ်း၊ အမှတ်(၁၃၀၈)နေ တရားပြိုင် ဦးသန်းထွန်းဦး (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုဦးဝေလင်းနိုင်က ပဋိညာဉ်အတိုင်း အရောင်းအဝယ်မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးစေလိုမှုနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ ၂၅ ရက် (၁၃၈၈ ခုနှစ်၊ တော်သလင်းလဆန်း ၁၄ ရက်) မွန်းမတည့်မီ ၁၁ နာရီအချိန်တွင် အထက်ကအမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာရွက်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ ၁၄ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ရဲဟန်ဇော်)**
**မြို့နယ်တရားသူကြီး**
**ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်တရားရုံး**

---

## “ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅၀)၊ ဒူးယား(၁)လမ်း၊ မြေကွက်အမှတ်(၃၁၈)၊ မြေအကျယ် (၄၀'x၆၀') ရှိ ဒေါ်စံပယ်လှ+ဒေါ်နီနီလှ အမည်ပေါက် နှစ်(၆၀)ဂရန် အိမ်ခြံမြေနှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း”

အထက်ပါမြေကွက်ကို ရောင်းချသူများသည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြမြေစီမံ ခန့်ခွဲမှုဌာနတွင် တရားဝင်အမည်ပေါက်လျက် အရှုပ်အရှင်းကင်းစွာ လက်ရှိထားပိုင်ဆိုင်လျက်ရှိပါကြောင်း၊ လွှဲပြောင်းရောင်းချပိုင်ခွင့်နှင့် မရွှေ့မပြောင်းနိုင်သောပစ္စည်း လွှဲပြောင်းခြင်းနည်းလမ်းအရပ်ရပ်ဖြင့် လွှဲပြောင်းပိုင်ခွင့်ရှိသူတို့မှာ မိမိတို့သာဖြစ်ကြောင်း၊ မိမိတို့၏ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ အရှုပ်အရှင်း တစ်စုံတစ်ရာမရှိပါကြောင်း၊ မည်သူကိုမျှ ကြိုတင်လွှဲပြောင်း ရောင်းချထားခြင်းတို့ မရှိပါကြောင်း ဝန်ခံကတိပြု၍ ရောင်းချသူများဖြစ်ကြသော ၁။ဒေါ်စံပယ်လှ [၉/ပမန(နိုင်)၀၀၄၃၈၄]၊ ၂။ဒေါ်နီနီလှ [၈/ပခက(နိုင်)၀၉၀၉၃၁]တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ထို့ကြောင့် ရောင်းချသူတို့သည် ၎င်းတို့၏သဘောဆန္ဒဖြင့် ရောင်းချပိုင်ခွင့်ရှိသူများ မဟုတ်ပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ပိုင်ဆိုင်မှုစာချုပ်စာတမ်း အထောက်အထားမူရင်းတို့ဖြင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်တင်ပြနိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးလွင်မိုးအောင်၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သက်ထားဆွိ (LL.B, D.I.L, Dip in Eng) အထက်တန်းရှေ့နေ (စဉ်-၄၂၈၉၉)**
**09-972734996, 09-881181988**

---

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၆၆-အင်းဝအိမ်ရာ၊ မြေကွက်အမှတ်-A-၈၊ မြေအမျိုးအစား-နှစ်(၆၀)မြေငှားစာချုပ်၊ အကျယ်အဝန်း (၈၅ ပေx၈၂ ပေ)၊ ဧရိယာ (၀.၁၆) ဧကရှိမြေကွက်၊ (မြေကွက်လိပ်စာအမှတ်-A-၈၊ သိင်္ဂီရတနာလမ်း၊ TOSTA-A အိမ်ရာ၊ (၆၆) ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာနနှင့် မြေငှားစာချုပ်တို့တွင် အမည်ပေါက်ပိုင်ဆိုင်ပြီး လက်ဝယ်ထား၊ အကျိုးခံစား စီမံခန့်ခွဲခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးသန်းနိုင် [၁/ဗမန(နိုင်)၀၄၂၇၁၈] နှင့် ဒေါ်သင်းသဇင် [၁၂/ဒဂမ(နိုင်)၀၅၅၆၁၈]တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက လွှဲပြောင်းဝယ်ယူရန် စရန်ငွေပေးချေလက်ခံကြပြီးဖြစ်ပါသည်။ ပိုင်ရေးဆိုင်ခွင့်ရှိသူများအနေဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောစာချုပ်စာတမ်းမူရင်း၊ အထောက်အထားမူရင်းများတင်ပြ၍ ကျွန်ုပ်ထံ ဤကြေညာချက်ပါသည့်ရက်မှ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်စေ့ရောက်ကုန်ဆုံးပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးမျိုးသိန်းဌေး LL.B, D.B.L, D.I.L,D.M.L, D.I.P.L**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၉၃၃)**
**အမှတ်-၁၆၂၊ ပထမထပ် (ယာ)၊ ၃၅-လမ်း (အလယ်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉-၄၂၀၂၆၉၄၇၂၊ ၀၉-၉၇၅၂၉၇၀၀၄**

---

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ ငမိုးရိပ်ရပ်ကွက်၊ ငမိုးရိပ်(၆)လမ်း အပိုင်း(၂)၊ အမှတ်(၃၆၀)ဟုခေါ်တွင်သော (၂)ခန်းတွဲ (၆)ထပ်တိုက်၏ မြေညီထပ်ထပ်ခိုးပါ (ခြေရင်းခန်း)၊ (၁၁ပေx၄၇ပေ)ရှိ တိုက်ခန်းနှင့် ၎င်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဥပဒေနှင့်အညီ တရားဝင်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးနိုင်လင်းဦး [၁၂/ဥကတ(နိုင်)၁၅၉၈၅၉] ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်အေးအေးသန်း [၁၁/မပတ(နိုင်)၀၄၅၀၂၂]က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်း(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်စန်းစန်းကြည်(LL.B) အထက်တန်းရှေ့နေ(စဉ်-၅၃၉၃၀/၂၀-၁၁-၂၀၂၀)**
**အမှတ်(၂၈)၊ ပထမထပ်၊ ပုလဲလမ်း၊ ကျိုက္ကဆံရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၂၅၅၂၂၅၆၄၃**

---

## ဒီကရီကိုအတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ
## (တရားမကျင့်ထုံးဥပဒေအမိန့် - ၂၁၊ နည်းဥပဒေ - ၂၂)
## ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံးတော်
## ၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ် -၁၀၃ နှင့် ဆက်နွှယ်သည့်
## ၂၀၂၆ ခုနှစ်၊ တရားမဇာရီမှုအမှတ်-၁၉၀

ဒေါ်ခင်စန်း(ခ)ဒေါ်ခင်စန်းလှိုင် — နှင့် — ဦးလှဖေ
**(ဒီကရီအနိုင်ရသူ)** — **(တရားရှုံး)**

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ကျိုက္ကဆံရပ်ကွက်၊ ပတ္တမြားလမ်း၊ အမှတ်-၈ နေ တရားရှုံး ဦးလှဖေ (ယခုနေရပ်လိပ်စာမသိသူ)သိစေရမည်။

၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၀၃ တွင် ကျရှိသည့်ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်ဒေါ်ခင်စန်း(ခ)ဒေါ်ခင်စန်းလှိုင်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း အကြောင်းတစ်ခုခု ရှိလျှင် ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေ သို့မဟုတ် အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ ၂၄ ရက် (၁၃၈၈ ခုနှစ်၊ တော်သလင်းလဆန်း ၁၃ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် ဤရုံးတော်ရှေ့ လာရောက်ရမည်။

၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ ၁၄ ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(နှင်းယုလွင်)**
**တွဲဖက်မြို့နယ်တရားသူကြီး(၁)**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံး**

---

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးပျော်ဘွယ်အနောက်ရပ်ကွက်၊ အကွက်အမှတ်-၂၇၀၊ ဦးပိုင်အမှတ်- ၆၈ ခဲစင်း၊ ၃၃x၃၄ ကြား၊ ၈၇x၈၈ လမ်းကြားရှိ ဘိုးဘမြေကွက် အမည်ပေါက်သူ ဦးမြင့်လွင်ထံမှ အရောင်းအဝယ်စာချုပ်အမှတ် (၂၄၄၃/၂၀၂၅)ဖြင့် ဝယ်ယူခဲ့သူ ဦးလှကျော် [၉/အမရ(နိုင်) ၁၂၀၀၀၄]က အမည်ပေါက်မြေပုံတင်ပြ၍ ခဲစင်းပြ မှတ်ပုံတင် အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

---

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ကန်ကောက်ရပ်ကွက်၊ အကွက်အမှတ်-B-၁-ဃ၊ ဦးပိုင်အမှတ်-၁-င၊ ၅၇ လမ်း၊ ၃၁x၃၂ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်မြင်ဂျိန်လီ [၁၃/ကခန(နိုင်)၁၁၆၆၂၆]က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင် အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

---

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ စိတ္တရမဟီရပ်ကွက်၊ အကွက်အမှတ်-၇၁၈၊ ဦးပိုင်အမှတ်-၅-ခ၊ ၇၆ လမ်း၊ ၂၈x၂၉ လမ်းကြားရှိ ဘိုးဘမြေကွက် အမည်ပေါက်သူ ဦးဘိစ်နူးပါရာဆပ် (ခ) ဘီစနူးပရာဆပ်[၉/ခအဇ(နိုင်)၀၃၃၇၅၉]က ဘိုးဘစာအုပ်တင်ပြ၍ မှတ်ပုံတင် အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန် အတွက် မြေပုံမြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

---

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၈၂)၊ ဂရုဏာလမ်း၊ မြေကွက်အမှတ်(၄၉၂)ဟုခေါ်တွင်သည့် အကျယ်(၄၀'x၆၀')ရှိ ဦးခင်ရှိန် (KGN-013590) အမည်ပေါက်သည် မြေချပါမစ်မြေကွက်အနက်မှ အကျယ်(၂၀x၆၀)ပေရှိ [မြေကွက်အမှတ်(၄၉၃)နှင့်ကပ်လျက်ဘက်ခြမ်း]မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိအကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို စာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဦးစန်းမြင့်ဦး [၉/ညဥန(နိုင်)၁၄၆၈၆၇]ထံမှ ဒေါ်စန္ဒာအုန်း [၁၂/သဃက(နိုင်)၁၀၁၈၃၇]က ဝယ်ယူထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ယနေ့မှစ၍ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)ဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဝင်းအောင် (LL.B, D.M.L, D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၁၅၆)**
**ဖုန်း - ၀၉-၄၂၁၁၂၃၃၇၁**

---

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၁)ရပ်ကွက်၊ မြို့သစ်(၄)လမ်း၊ အမှတ်(၁၆၂)၊ (၂)ခန်းတွဲ (၅)ထပ်တိုက်အနက်မှ (၅-လွှာ)၊ (ပဉ္စမထပ်)၊ တိုက်ကိုမျက်နှာမူလျှင် (ယာဘက်ခြမ်း)၊ အကျယ်အဝန်း (၁၂½ ပေx ၅၀ပေ)ရှိ တိုက်ခန်း(၁)ခန်းအပါအဝင် ယင်းတိုက်ခန်းနှင့်ပတ်သက်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးကျော်ကျော်ဦး [၁၂/မရက(နိုင်)၁၁၆၈၀၇]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ယခုအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ပိုင်ဆိုင်မှုစာရွက်စာတမ်း မူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဖြူဖြူမင်း (LL.B, D.B.L) အထက်တန်းရှေ့နေ (စဉ် - ၂၈၁၈၈)**
**အမှတ်(၄၉)၊ အထက်မန္တလေးလမ်း၊**
**ကန်/မြောက်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။**
**၀၉ - ၇၈၆၉၃၀၅၁၂၊ ၀၉ - ၄၀၄၆၂၆၉၃၁**

---

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်/နောက်ရပ်ကွက်၊ ၈၇-လမ်း၊ အမှတ်(၄၁)၊ (ပထမထပ်) တိုက်ကိုမျက်နှာမူလျှင် (ယာဘက်ခြမ်း)၊ ၊ အကျယ်အဝန်း(၁၅ပေx၆၀ပေ)ရှိ တိုက်ခန်း(၁)ခန်းအပါအဝင် ယင်းတိုက်ခန်းနှင့်ပတ်သက်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးညီညီနိုင် [၉/အမရ(နိုင် ၀၁၄၁၅၄] ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ယခုအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဖြူဖြူမင်း (LL.B, D.B.L)** — **ဒေါ်လွဲ့လွဲ့မြင့် LL.B**
**အထက်တန်းရှေ့နေ (စဉ် - ၂၈၁၈၈)** — **အထက်တန်းရှေ့နေ (စဉ် - ၂၈၆၈၇)**
**အမှတ်(၄၉)၊ အထက်မန္တလေးလမ်း၊ ကန်/မြောက်ရပ်ကွက်**
**မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။**
**၀၉ - ၇၈၆၉၃၀၅၁၂၊ ၀၉ - ၂၆၂၉၆၅၅၁၅**

---

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
## လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်တရားရုံးတော်
## ၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၃၆

ဦးရွှေသောင်း — နှင့် — ဒေါ်ခင်ထား(ခ)ဒေါ်ခင်သန်းဝင်း
**တရားလို** — **တရားပြိုင်**

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၊ ၃/၅ ရပ်ကွက်၊ မင်းရဲကျော်စွာလမ်း၊ အမှတ်(၁၂၇)ရပ်နေ တရားပြိုင် ဒေါ်ခင်ထား(ခ)ဒေါ်ခင်သန်းဝင်း (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက **စာချုပ်ပဋိညာဉ်အတိုင်းမှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှု** ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၉ ရက် (၁၃၈၈ ခုနှစ်၊ တော်သလင်းလဆုတ် ၁၃ ရက်)နေ့ မွန်းမတည့်မီ ၁၀ နာရီအချိန်တွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ ၁၀ ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(သန္တာထွန်းကျော်)**
**မြို့နယ်တရားသူကြီး**
**လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်တရားရုံး**

## ဆရာမ ဒေါ်အမာလွင် (ဝါးခယ်မ-ငြိမ်း)

**အ.ထ.က(၆) ဗိုလ်တထောင် (ယခင် စိန့်ပေါလ်)**
**အ.ထ.က(၃) မိတ္ထီလာ၊ အ.ထ.က(ဗထူး)**
**အ.လ.က(၂) ဝါးခယ်မ၊ အ.ထ.က(၁) ဝါးခယ်မ**

### အသက်(၈၉)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ ဝါးခယ်မမြို့၊ မင်းပိုင်းရပ်ကွက်၊ ကမ်းနားလမ်း၊ အိမ်အမှတ် (၉)နေ (ဦးကြင်စိန်-ဒေါ်သိန်းတင်)တို့၏ သမီး၊ (ဦးဘမောင်-ဒေါ်အေးမေ)တို့၏ သမီးချွေးမ၊ (ဦးကြည်လင်-ဒေါ်ကြည်မြင့်)တို့၏ညီမ၊ (ဦးမြတ်သွင်)၊ ဒေါ်ခင်မာသွင်၊ (ဦးကြည်ထွန်း)-ဒေါ်ကျင်ထွေး၊ (ဒေါက်တာကြည့်ရှင်)-ဒေါ်မြတ်မြတ်စိုး တို့၏ အစ်မ၊ (ဗိုလ်ကြီးခင်ညို)၏ဇနီး၊ ကိုညိုလွင်ဦး-မဖြူဖြူခိုင်၊ (ကိုနေလွင်ဦး)၊ ကိုမျိုးမင်းဦး(ခ)ကိုမင်းမင်း-မနွေးနွေးတို့၏ မွေးသမိခင်၊ မောင်သွင်မင်းလွင် (Grade-9)၊ မောင်ညီဇင်လွင် (Grade-7)တို့၏အဘွား ဆရာမ ဒေါ်အမာလွင်သည် ၁၅-၉-၂၀၂၆ရက် နံနက် ၅:၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကြွင်းကျန်ရစ်သောရုပ်ကလာပ်ကို ၁၇-၉-၂၀၂၆ ရက် မွန်းတည့် ၁၂ နာရီတွင် ဝါးခယ်မမြို့ တရုတ်သုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ညှိုးငယ်သောစိတ်ထားဖြင့် အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

ရဟန်းအမကြီး

## ဒေါ်စန်းစန်းဦး

**ဌာနခွဲမှူး (ငြိမ်း)၊ Y.C.D.C**

### အသက် (၇၄) နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ ဝေဠုဝန်အိမ်ရာ၊ တိုက်(၆)၊ အခန်း (၁၆)နေ (ဦးသိန်းရွှေ-ဒေါ်အေးအေး)တို့၏ သမီးကြီး၊ ဦးရဲနောင်(ရှေ့နေ)၊ ဒေါ်ခင်ခင်နှင်း (ဒုညွှန်မှူး-ငြိမ်း၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန)၊ ဒေါ်သန်းသန်းအေး(လယ်ပြ-ငြိမ်း)၊ (ဦးစိန်လွင်)၊ (ဦးစိန်တင်)(ဒု-လဝကမှူး-ငြိမ်း)တို့၏ ချစ်လှစွာသောအစ်မကြီး ဒေါ်စန်းစန်းဦး အသက် (၇၄)နှစ်သည် ၁၂-၉-၂၀၂၆ (စနေနေ့) နံနက် ၈:၃၀ နာရီတွင် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ယင်းနေ့မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပြီးဖြစ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၈-၉-၂၀၂၆ (သောကြာနေ့) နံနက်ပိုင်းတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ သီရိရတနာလက်ကားဈေး၊ ရုံအမှတ်(C)၊ ဆိုင်ခန်းအမှတ်(၁၆) ဆိုင်ခန်းအမည်ပေါက် ဦးဘဝင်း [၁၂/ကတတ(နိုင်) ၀၁၄၃၈၀]သည် ကွယ်လွန်သွားပြီဖြစ်သောကြောင့် တရားဝင်ဇနီးဖြစ်သူ ဒေါ်ညိုညိုသန်း(ခ) ဆွေဆွေလွင် [၁၃/တကန(နိုင်)၁၃၄၈၂၆] အမည်သို့ ဆိုင်ခန်းအမည်ပြောင်း လျှောက်ထားမှုအား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသောအထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဈေးများနှင့်ကုန်စည်ပွဲရုံများဌာန၊**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**
**သီရိရတနာလက်ကားဈေး၊ ဈေးတာဝန်ခံ၊ ၀၉-၄၂၁၁၁၀၆၂၆**

---

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်- ၁ ရပ်ကွက်၊ အကွက်အမှတ်- ဒ-၅၊ ဦးပိုင်အမှတ်- ၃၆၊ ၆၃ လမ်း၊ ၃၈x၃၉ လမ်းကြားရှိ ဦးချစ်တင်အမည်ပေါက် ဂရန်မြေကွက်အား တရားလို ဦးအောင်မြင့်၊ ဒေါ်မြင့်စန်း၊ ဒေါ်မြမြဝင်း(ခ)မြင့်မြင့်စန်း၊ မြင့်မြင့်ကြည်တို့က တရားပြိုင် ဦးချစ်တင်အပေါ် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ပေးစေလိုမှုဖြင့် မဟာအောင်မြေမြို့နယ်၊ တရားရုံးတော်၊ တရားမကြီးမှုအမှတ်(၁၂/၂၀၂၆)ဖြင့် တရားစွဲဆိုခဲ့ရာ တရားရုံး၏အနိုင်ဒီကရီ ရရှိသူ ဦးအောင်မြင့် [၉/မရမ(နိုင်)၀၆၈၇၆၅]၊ ဒေါ်မြင့်စန်း [၉/မရမ(နိုင်)၀၆၈၄၃၆]၊ ဒေါ်မြမြဝင်း(ခ) မြင့်မြင့်စန်း [၉/မရမ(နိုင်)၀၆၈၆၂၉]၊ ဒေါ်မြင့်မြင့်ကြည် [၉/မရမ(နိုင်) ၀၀၅၉၅၀]တို့က ဂရန်စာချုပ်၊ တရားရုံးအမိန့်တို့တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

---

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်-၁ ရပ်ကွက်၊ အကွက်အမှတ်- ဒ-၇၊ ဦးပိုင်အမှတ်- ၂၈၊ ၆၄x၆၅ ကြား၊ ၃၈x၃၉ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်အေးကို [၁၃/တကန(နိုင်) ၀၀၆၅၆၆]က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

---

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာနွယ်စဉ်ရပ်ကွက်၊ အကွက်အမှတ်- ၄၁၃-က၊ အပိုင်း- ၂၊ ဦးပိုင်အမှတ်- ၁၂၅-က၊ ၃၆x၃၇ ကြား၊ ၇၁x၇၂ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်ရီရီမြင့် [၉/မရတ(နိုင်) ၁၀၂၄၃၉]က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

---

## ဦးသန်းထွန်းဦး

**ဒုစက်ရုံမှူး(ငြိမ်း)BPI ဆေးဝါးကျွမ်းကျင်ပညာရှင်**

### အသက်(၈၁)နှစ်

ရန်ကုန်မြို့နေ [ဗိုလ်မှူးညွှန့်မောင် (ညွှန်ကြားရေးမှူး)-ဒေါ်ခင်တင့်]တို့၏သား၊ ဒေါ်သီသီဖြူ (လက်ထောက်စက်ရုံမှူး-ငြိမ်း)BPI ၏ ခင်ပွန်း၊ ဦးမင်းမင်းလှိုင်-ဒေါ်သက်ဇင်ဦးတို့ ၏ ဖခင်၊ Dr.ခင်ထက်ထက်မင်းမင်း၏ ချစ်လှစွာသောအဘိုးသည် ၁၄-၉-၂၀၂၆ (တနင်္လာနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၁၈-၉-၂၀၂၆ (သောကြာနေ့) မွန်းလွဲ ၁ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေး၊ ရပ်နီး၊ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (အင်းစိန်မြို့နယ်၊ ခြံအမှတ်-၁၁၊ ဆေးဝါးစက်ရုံ အရာရှိရိပ်သာနေအိမ်မှ ကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဗိုလ်မှူးမင်းသူဘို(ငြိမ်း)

**စစ်တက္ကသိုလ်အပတ်စဉ်(၃၉)**

### အသက်(၅၂) နှစ်

အောင်လံမြို့နေ (ဦးဘိုဌေး)-ဒေါ်မြင့်မြင့်ခိုင် တို့၏သား၊ ရန်ကုန်မြို့နေ ဦးခင်မောင်ဖြူ-ဒေါ်သန်းသန်းတို့၏သားသမက်၊ (ဦးစည်သူဘို)-ဒေါ်သင်းသင်းဝါ၊ ဦးအောင်ကျော်ဝင်း-မဝင့်သူသူလှိုင် တို့၏ ညီ/မောင်၊ လှည်းကူးမြို့နယ်၊ ကလီထော်ကျေးရွာနေ ဦးလှမင်းထက်-ဒေါ်မေသူဘို၊ ဦးစိုးကိုကိုမောင်-ဒေါ်အိသူဘို၊ ရန်ကုန်မြို့နေ ဦးထက်အောင်လွင်-မအိဖြူလွင် တို့၏ အစ်ကို၊ မောင်စွမ်းပြည့်မောင်၏ မွေးသဖခင်ကျေးဇူးရှင်၊ ဒေါ်တင်ပြုံးလွင်၏ ခင်ပွန်း ဗိုလ်မှူးမင်းသူဘို (ငြိမ်း) သည် ၁၆-၉-၂၀၂၆ (ဗုဒ္ဓဟူးနေ့) နံနက်(၁၀) နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ကြွင်းကျန်ရစ်သောရုပ်ကလပ်ကို ၁၈-၉-၂၀၂၆ (သောကြာနေ့) မွန်းတည့် (၁၂) နာရီတွင် လှည်းကူးမြို့နယ် ကလီထော်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည် ဖြစ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ သံဃာတော်အရှင်သူမြတ်တို့အားလှူဖွယ်ဝတ္ထုအစုစုနှင့် ဆွမ်းဆက်ကပ်လှူဒါန်းမည်ဖြစ်ပါ၍ လှည်းကူးမြို့နယ်၊ ကလီထော်ကျေးရွာနေ [ဗိုလ်မှူးမင်းသူဘို(ငြိမ်း)]-ဒေါ်တင်ပြုံးလွင် တို့၏ နေအိမ်သို့ ၂၂-၉-၂၀၂၆ (အင်္ဂါနေ့) နံနက် (၉) နာရီတွင် ရက်လည်တရားနာ ကြွရောက်ပေးပါရန် ညှိုးငယ်သောစိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည် မြို့နယ်၊ မြို့သစ်-၂ ရပ်ကွက်၊ အကွက်အမှတ်- ဆ-၉၊ ဦးပိုင် အမှတ်- ၂၈-က၊ ၇၂ x ၇၃ ကြား၊ ၁၀၉ x ၁၁၀ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးစန်းယုမောင် [၉/တတဥ(နိုင်)၀၀၂၈၀၉]က ဂရန်စာချုပ် တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန် အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

---

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးပျော်ဘွယ်အနောက်ရပ်ကွက်၊ အကွက်အမှတ်-၂၇၀၊ ဦးပိုင်အမှတ် (၆၁-စ)ခဲစင်း၊ ၈၇ C လမ်း၊ ၃၃x၃၄ လမ်းကြားရှိ မောင်သင်၊ မတင်၊ မခင် တို့ ၃ ဦးအမည်ပေါက် ဘိုးဘမြေကွက်အား မီးလောင်မြေနေရာ ချထားရေးအဖွဲ့မှ ပြန်လည်မြေနေရာချထားပေးမှုအရ ကြေညာသည့် ပိုင်ဆိုင်ကြောင်း စာချုပ်အမှတ် (၃၁၂၀/၂၀၀၅)ဖြင့် ဒေါ်ခင်သန်းရီ ပါ ၃ ဦးက ပိုင်ဆိုင်ခဲ့ပြီး၊ အမွေဆက်ခံစာချုပ်အမှတ် (၃၀၅၈/၂၀၂၀)ဖြင့် ဒေါ်ရီရီသန်း ပါ ၅ ဦးက အမွေဆက်ခံခဲ့ပါသည်။ ၎င်းတို့အနက် ဒေါ်ရီရီသန်း ပါ ၂ ဦးထံမှ စွန့်လွှတ်စာချုပ်အမှတ် (၄၈၄၃/၂၀၂၀)ဖြင့် ပိုင်ဆိုင်ခဲ့ကြသော ဒေါ်နုနုမာ [၉/မနတ(နိုင်) ၀၄၉၂၆၀]၊ ဒေါ်သန္တာဦး [၉/မနတ(နိုင်) ၀၄၉၂၆၁]၊ ဒေါ်မိမိ [၉/မနတ(နိုင်) ၀၀၅၆၃၂]တို့က အမည်ပေါက် မြေပုံတင်ပြ၍ ခဲစင်းပြ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန် အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

---

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ မောရဂီဝါရပ်ကွက်၊ အကွက်အမှတ်- ၇၀၆၊ ဦးပိုင်အမှတ်- ၃၄-က+ ၃၄-ခ၊ ၇၅ လမ်း၊ ၃၂ x ၃၃လမ်းကြားရှိ ဘိုးဘမြေကွက် အမည်ပေါက်သူ ဦးရွှေ [၉/မရမ(နိုင်) ၀၂၁၉၀၉]က ဘိုးဘစာအုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

---

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရွှေဘုန်းရှိန်ရပ်ကွက်၊ အကွက်အမှတ်- ၈၂၇၊ ဦးပိုင်အမှတ်- ၇၃-ခ+ ၇၄-င၊ ၈၄ လမ်း၊ ၄၂x၄၅ လမ်းကြားရှိ ဘိုးဘမြေကွက် အမည်ပေါက်သူ ဒေါ်သက်သက်ထွန်း [၉/မရတ(နိုင်) ၀၁၃၉၆၉]က ဘိုးဘစာအုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

---

## လှိုက်လှဲစွာအထူးကျေးဇူးတင်ရှိခြင်း

## ဦးဝင်းအောင်

**(မြန်မာ့လက်ရွေးစင် တိုက်စစ်မှူးဟောင်း)**

### အသက်(၅၉)နှစ်

၁၃-၉-၂၀၂၆ ရက်(တနင်္ဂနွေနေ့) ညနေ (၄:၃၈)နာရီတွင် ကွယ်လွန်သွားသော ဦးဝင်းအောင်(မြန်မာ့လက်ရွေးစင် တိုက်စစ်မှူးဟောင်း) နာမကျန်းချိန်မှစ၍ ကွယ်လွန်အနိစ္စရောက်ချိန်အထိ အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြပါသော မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်အား လည်းကောင်း၊ အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် ဝန်ထမ်းများအားလည်းကောင်း၊ ဦးရဲသန်းကျော်နှင့် ပါမောက္ခ ဒေါက်တာ ဒေါ်ကြည်ကြည်ညွှန့် အားလည်းကောင်း၊ လက်ရွေးစင်ဘောလုံးသမားဟောင်းများအား လည်းကောင်း၊ အကောက်ခွန်ဘောလုံးသမားဟောင်းများအားလည်းကောင်း၊ မြန်မာနိုင်ငံဘက်စကက်ဘောအဖွဲ့ချုပ်မှ ဥက္ကဋ္ဌနှင့် EC များအား လည်းကောင်း၊ ရပ်ဝေးရပ်နီးမှ ဦးဝင်းအောင်အား ချစ်ခင်ကြသော ဘောလုံးချစ်ပရိသတ်များနှင့် ဆက်သွယ်မေးမြန်း အားပေးနှစ်သိမ့်ကြသူများ၊ လူမှုကွန်ရက်တို့တွင် ဝမ်းနည်းကြောင်းရေးသားဖော်ပြကြသူများ၊ လှူဖွယ်ပစ္စည်းများ ပေးပို့ကြပါသော ဆွေမျိုးမိတ်သင်္ဂဟများ၊ လွမ်းသူပန်းခွေများ၊ အမှတ်တရပန်းခြင်းများစွာဖြင့် ပေးပို့နှုတ်ဆက်ကြပါသော ဆွေမျိုးမိတ်သင်္ဂဟများနှင့် အဖွဲ့အစည်းများ၊ ကျေးဇူးတင်ထိုက်သူများအားလုံးကို အထူးပင်ကျေးဇူးဥပကာရတင်ရှိအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

## ဦးသက်ထွန်း (ခ) ဦးအောင်ခိုင်

**BE (Chemical) 82 Intake**
**Managing Director, Multipack World Industry Co., Ltd**
**General Manager, Shwe Mi Industrial Co., Ltd**

### အသက် (၆၂) နှစ်

မြန်မာနိုင်ငံပလတ်စတစ်လုပ်ငန်းရှင်များအသင်း၏ အကျိုးဆောင် ဘဏ္ဍာရေးမှူး ဦးသက်ထွန်း (Multi Pack World Industry Co., Ltd)သည် ၁၅-၉-၂၀၂၆ ရက် ၇:၂၉ နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**President & CEC/EC**
**မြန်မာနိုင်ငံပလတ်စတစ်လုပ်ငန်းရှင်များအသင်း (MPIA)**

---

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း"

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၁)၊ လူနေရပ်ကွက်အမှတ်(တ/၁၅)၊ ပန်းခြံ(၂၁)၊ မြေကွက်အမှတ် (၆၀၁/ခ)၊ ဦးမြသန်း အမည်ပေါက် မြေချပါမစ်ထွက်ရှိထားသော အကျယ်ပေ(၂၀x၆၀)၊ (၁၂၀၀)စတုရန်းပေရှိ မြေကွက်နှင့် ယင်းမြေကွက်၏ လက်ရောက်ပိုင်ဆိုင်ခွင့်နှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ဆက်စပ်စာချုပ်အရပ်ရပ်ဖြင့် ဝယ်ယူ၍ ၎င်းမှသာလက်ဝယ်ထားရှိပိုင်ဆိုင်သည်ဟု ဝန်ခံကတိပြုလွှဲပြောင်း ရောင်းချသူ **ဦးဇော်ဇော်အောင် [၁၂/လသယ(နိုင်) ၀၃၇၁၉၉]**ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ **ဦးဗိုမင်း [၈/ခမန(နိုင်) ၁၀၅၆၆၆]**က အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးတန်ဖိုးငွေအနက်မှ စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ ယင်းအိမ်ခြံမြေအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသည့်မည်သူမဆို (၂၇-၉-၂၀၂၆)ရက်နေ့ နောက်ဆုံးထား၍ တိကျခိုင်လုံသော ပိုင်ဆိုင်မှုအထောက်အထား စာရွက်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ယဉ်နှင်းဝေ (LL.B, D.B.L) တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၉၂၇၄)**
**အမှတ် (၃၀၇)၊ ဘုရင့်နောင်လမ်း၊ (၈)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း- ၀၉-၉၆၃၆၄၄၅၁၇**

---

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာနွယ်စဉ်ရပ်ကွက်၊ အကွက်အမှတ်- ၄၁၃-က၊ အပိုင်း- ၂၊ ဦးပိုင်အမှတ်- ၁၂၅-ခ၊ ၃၇လမ်း၊ ၇၁x၇၂ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးအောင်ဇော်မြင့် [၉/မရတ(နိုင်) ၀၇၁၅၉၆]က ဂရန်စာချုပ် တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန် အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

---

**အားကစား**

**မြှင့်တင်**

**စိတ်လန်းရွှင်**

**ဆန့်ကျင်**

**မူးယစ်ဆေး**

---

## အများသိစေရန် ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃-အေ-၄)၊ မြေကွက်အမှတ်-(V-၂၂၂)၊ အကျယ်အဝန်း (၀.၀၂၉)ဧကရှိ ဒေါ်ခင်စမ်းမြင့် [၁၂/မဂတ(နိုင်)၀၁၁၀၀၃] အမည်ပေါက် နှစ်(၉၀) ဂရန်မြေကွက်၏ အကျိုးခံစားခွင့်နှင့် ယင်းမြေကွက်ပေါ်ရှိ တာမွေမြို့နယ်၊ ဇိုင်းရွာမရပ်ကွက်၊ (၁၅၁)လမ်း၊ အမှတ်(၂၁)တွင်ဆောက်လုပ်ထားသော (၂)ခန်းတွဲ၊ (၂)ထပ်တိုက် အနက်မှ ပထမထပ်(ဘယ်ဘက်ခြမ်း)တိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အမည်ပေါက်ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်သန္တာမြင့်[၁၂/မဂတ(နိုင်) ၀၈၃၄၀၄]က ဝယ်ယူပိုင်ဆိုင်လျက်ရှိပြီး အဆိုပါ မြေကွက်နှင့် တိုက်ခန်း၏ အကျိုးခံစားခွင့်တို့ကို ဆက်လက်၍ အမည်ပြောင်းဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် မည်သူမဆို ကန့်ကွက်လိုပါက ခိုင်လုံသောပိုင်ဆိုင်မှုစာရွက်စာတမ်း (မူရင်း)အပြည့်အစုံနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်စိုးစိုးသိန်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၅၄၀၉/၁၉)**
**အမှတ်(၄၄၇/က)၊ အောင်သပြေ (၂)လမ်း၊ (၈၀)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း- ၀၉-၄၂၀၀၄၉၃၈၀၊ ၀၉-၇၉၅၃၃၅၂၇၅**

---

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၅၃၂/B၊ မြေကွက်အမှတ်-၃၁၇၊ ဧရိယာ(၀.၀၈၂)ဧကရှိ နှစ်(၆၀)ဂရန်မြေကွက်၊ တစ်နည်းအားဖြင့် အမှတ်(၃၁၇)၊ နေကြာလမ်း၊ ပုလဲ(၃)ရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးဟုခေါ်တွင်သော မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိအကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာနရှိ မြို့မြေစာရင်းတွင် ရောင်းချသူ ဒေါ်ဖြိုးဖြိုးမြင့် [၉/ပမန(နိုင်)၀၀၀၁၀၉]အမည်ဖြင့် မှတ်သားထားပါသည်။ ယခုရောင်းချသူက တရားဝင်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံသည်ကို ယုံကြည်သဖြင့် ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အဆိုပါမြေကွက်၏ ပိုင်ဆိုင်မှု၊ ရောင်းချမှုနှင့်ပတ်သက်၍ မည်သူမဆို ကန့်ကွက်လိုပါက ခိုင်လုံသော သက်သေအထောက်အထား၊ စာရွက်စာတမ်းမူရင်းများနှင့်တကွ ဤကြေညာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ အပြီးအပြတ် ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးမင်းမင်းထွန်း(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၆၀၃)**
**အမှတ်(၂၄-မြေညီ)၊ ဘိုကလေးဈေးလမ်း(အောက်)၊**
**ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၂၁၀၂၅၃၈၄**

❖ နိုင်ငံတော် ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော် သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

# ၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် U-19 (အမျိုးသမီး)ဘောလုံးပြိုင်ပွဲ အုပ်စုပတ်လည်ပွဲစဉ်များ စတင်ကျင်းပ

နေပြည်တော် စက်တင်ဘာ ၁၆

မြန်မာ့ဘောလုံး အားကစားအဆင့်အတန်း ပိုမိုတိုးတက်မြင့်မားလာစေရေး၊ မျိုးဆက်သစ်အမျိုးသမီးဘောလုံးအားကစားသမားများ ပေါ်ထွက်လာစေရေးနှင့် တိုင်းဒေသကြီးနှင့်ပြည်နယ်များ၏ အားကစားအဆင့်အတန်း ပိုမိုဖွံ့ဖြိုးတိုးတက်မြင့်မားလာစေရေးတို့အတွက် ရည်ရွယ်၍ အားကစားရေးရာဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနမှ ကြီးမှူး၍ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များနှင့် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် ၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် U-19 (အမျိုးသမီး) ဘောလုံးပြိုင်ပွဲကို ယနေ့ မွန်းလွဲပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ ကိုးသိန်းအားကစားကွင်း၌ လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ရှိ အားကစားဥယျာဉ်ကွင်း၌ လည်းကောင်း၊ ရှမ်းပြည်နယ် တောင်ကြီးမြို့ရှိ ပြည်နယ်အားကစားကွင်း၌လည်းကောင်း၊ ကရင်ပြည်နယ် ဘားအံမြို့ရှိ ဇွဲကပင်အားကစားကွင်း၌ လည်းကောင်း ဇုန်(၄)ဇုန်ခွဲ၍ ကျင်းပခဲ့သည်။

တိုင်းဒေသကြီးနှင့် ပြည်နယ် U–19 (အမျိုးသမီး) ဘောလုံးပြိုင်ပွဲ ယှဉ်ပြိုင်ကစားနေမှုများကို သက်ဆိုင်ရာဇုန်(၄)ဇုန်အလိုက် တိုင်းဒေသကြီးနှင့် ပြည်နယ် အစိုးရအဖွဲ့များမှ တာဝန်ရှိသူများ၊ အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများနှင့် ပြိုင်ပွဲကျင်းပရေးအဖွဲ့မှ တာဝန်ရှိသူများ၊ အားကစားဝါသနာရှင် အင်အား ၃၇၀၀ ကျော်တို့က တစ်ခဲနက် လာရောက်ကြည့်ရှုအားပေးခဲ့သည်။

စာမျက်နှာ ၁၈ ကော်လံ ၁ သို့ ❁





မြန်မာ့လက်ရွေးစင် တက်ဂ်ဘောကစားသမား စောဖရိုင်းဒေး

## အာရှအားကစားပြိုင်ပွဲ၏ တက်ဂ်ဘောအားကစားပြိုင်ပွဲ ယနေ့ စတင်မည်

ရန်ကုန် စက်တင်ဘာ ၁၆

ဂျပန်နိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပနေသည့် အကြိမ် (၂၀) မြောက် အာရှအားကစားပြိုင်ပွဲ၏ တက်ဂ်ဘောအားကစားပြိုင်ပွဲကို စက်တင်ဘာ ၁၇ ရက်တွင် စတင်ကျင်းပမည်ဖြစ်ပြီး အမျိုးသား တစ်ဦးချင်းပြိုင်ပွဲတွင် မြန်မာ့လက်ရွေးစင်ကစားသမား စောဖရိုင်းဒေး ယှဉ်ပြိုင်မည်ဖြစ်သည်။

တက်ဂ်ဘောပြိုင်ပွဲ ပထမနေ့တွင် အမျိုးသားတစ်ဦးချင်းပြိုင်ပွဲနှင့် နှစ်ယောက်တွဲပြိုင်ပွဲတို့ စတင်ကျင်းပမည်ဖြစ်ပြီး မြန်မာတက်ဂ်ဘောအသင်းသည် တစ်ဦးချင်းပြိုင်ပွဲတွင် ယှဉ်ပြိုင်မည်ဖြစ်သည်။ မြန်မာတက်ဂ်ဘောလက်ရွေးစင် စောဖရိုင်းဒေးသည် အမျိုးသားတစ်ဦးချင်းပြိုင်ပွဲတွင် အုပ်စု (A)၌ ကျရောက်နေပြီး အုပ်စုပွဲများအဖြစ် ယနေ့ မြန်မာစံတော်ချိန် နံနက် ၆ နာရီခွဲတွင် ကူဝိတ်ကစားသမား အီဒင်၊ မြန်မာစံတော်ချိန် နံနက် ၇ နာရီတွင် ကာဂျစ္စတန်ကစားသမား အီဒါဘီကော့ဗ်၊ မြန်မာစံတော်ချိန် နံနက် ၉ နာရီခွဲတွင် မွန်ဂိုလီးယားကစားသမား

စာမျက်နှာ ၁၅ ကော်လံ ၅ သို့ ❒

## ၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် ပန်ကြပ်ဆီလတ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်နှင့် ဖိုင်နယ်ပွဲစဉ်များ ဆက်လက်ကျင်းပ



ရန်ကုန် စက်တင်ဘာ ၁၆

မျိုးဆက်သစ်အားကစားသမားများ ပေါ်ထွက်လာစေရန်နှင့် မြန်မာ့အားကစားအဆင့်အတန်း ပိုမိုတိုးတက်လာစေရန် ရည်ရွယ်၍ အားကစားရေးရာဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာနမှ ကြီးမှူး၍ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် မြန်မာနိုင်ငံ ပန်ကြပ်ဆီလတ်အဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် ၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် ပန်ကြပ်ဆီလတ်ပြိုင်ပွဲကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ်ရှိ အမျိုးသားအားကစားပြိုင်ပွဲရုံ (၁) သုဝဏ္ဏာ၌ ကျင်းပသည်။

ယနေ့ပြိုင်ပွဲ ဆီမီးဖိုင်နယ်နှင့် ဖိုင်နယ်ပွဲစဉ်များအဖြစ် အမျိုးသား/အမျိုးသမီးအပြပြိုင်ပွဲပွဲစဉ်များကိုလည်းကောင်း၊ အမျိုးသား အတိုက်ပြိုင်ပွဲ ပွဲစဉ်များအဖြစ်

စာမျက်နှာ ၁၈ ကော်လံ ၄ သို့ ❖

## လီဗာပူးနဲ့ အာဆင်နယ်တို့ ကာရာဘောင်ဖလားပြိုင်ပွဲ နောက်တစ်ဆင့်တက်လှမ်း



အစ်ဆွစ်အသင်းနဲ့ အာဆင်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

စက်တင်ဘာ ၁၅ ရက် ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ ကာရာဘောင်ဖလား တတိယအဆင့်ပွဲစဉ်တွေမှာ လီဗာပူးအသင်းနဲ့ အာဆင်နယ်အသင်းတို့ နိုင်ပွဲကိုယ်စီရရှိခဲ့ပြီး နောက်တစ်ဆင့် တက်လှမ်းခွင့်ရရှိခဲ့ပါတယ်။

လီဗာပူးအသင်းဟာ စပါးအသင်းနဲ့ ယှဉ်ပြိုင်ကစားခဲ့ရတာဖြစ်ပြီး စပါးအသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။

အဲဒီပွဲစဉ်မှာ လီဗာပူးအသင်းအတွက် သွင်းဂိုးတွေကို မက်အယ်လစ်စတာက တစ်ဂိုး၊ ဂတ်ပိုကတစ်ဂိုး၊ ဇိုဘိုဆလိုင်းက

စာမျက်နှာ ၁၈ ကော်လံ ၁ သို့ ❃

### ယနေ့ ဖတ်စရာ

နည်းပညာလှိုင်းလုံးများကြားက AI ခေတ်၏ ခရီးသွားလုပ်ငန်း

ဆောင်းပါး စာမျက်နှာ » ၁၀

မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ်၌ အွန်လိုင်းအသုံးပြု၍ ကျောက်မျက်ရတနာများ လိမ်လည်ရောင်းချလျက်ရှိသည့် ပြည်ပနိုင်ငံသား ၁၁ ဦးနှင့် မြန်မာနိုင်ငံသား ၁၇ ဦးတို့အား သက်သေခံပစ္စည်းများနှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိ

စာမျက်နှာ » ၁၄